# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီ ၃၀ ရက်၊ စနေနေ့ အတွဲ (၆၀)၊ အမှတ် (၁၂၂)


## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီမှ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး

အမျိုးသားအဆင့်ဗဟိုကော်မတီမှ အသိပေးကြေညာချက်

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်

(၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)

Coronavirus Disease 2019 (COVID –19) ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019 (COVID –19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ(ဖြေလျှော့/တိုးမြှင့်ရန် လိုအပ်သည့် ကိစ္စရပ်များ မပါ) အား ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

# ဒုတိယသမ္မတ ဦးမြင့်ဆွေ ခါကာဘိုရာဇီ ဇီဝမျိုးစုံမျိုးကွဲသုတေသနဓာတ်ခွဲခန်း၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးပညာပေးပြခန်းနှင့် မဂ္ဂဇ - ခေါင်လန်ဖူးလမ်း ဖောက်လုပ်နေမှုအား ကြည့်ရှုစစ်ဆေး



ဒုတိယသမ္မတ ဦးမြင့်ဆွေ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်ရှိ ခါကာဘိုရာဇီဒေသရင်း သစ်ခွမျိုးစိတ်ခြံကို ကြည့်ရှုလေ့လာစဉ်။ သတင်းစဉ်

ပူတာအို ဇန်နဝါရီ ၂၉

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် တပ်မတော်အထူး လေယာဉ်ဖြင့် နေပြည်တော်မှ ကချင်ပြည်နယ် ပူတာအိုမြို့သို့ရောက်ရှိရာ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိပြီး ခါကာဘိုရာဇီ ဇီဝမျိုးစုံမျိုးကွဲသုတေသန ဓာတ်ခွဲခန်းနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး ပညာပေးပြခန်းတို့ကို ကြည့်ရှုစစ်ဆေးရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်နှင့် တောအုပ်ကြီး ဒေါ်အယ်လ်ကေစီယွန်းတို့က ရှင်းလင်းတင်ပြကြသည်။


*စာမျက်နှာ ၄ ကော်လံ ၁* ●



**မြန်မာနိုင်ငံသူ ၊ နိုင်ငံသားများအားလုံး COVID–19 ကပ်ရောဂါဘေးမှ အမြန်ဆုံးလွတ်ကင်းပါစေကြောင်း ဆုတောင်းမေတ္တာပို့ သအပ်ပါသည်...**

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

မြန်မာ့အလင်း

# အခါတော်ရောက်ချိန် နီးလို့လာပြီ

ပြည်သူလူထုက မိမိတို့၏ စိတ်သဘောဆန္ဒပေါ်မူတည်၍ မိမိတို့ကိုယ်တိုင် စိုက်ထုတ်သည့် လုံ့လ ဝီရိယတို့ဖြင့် မဲရုံများဆီသို့ သွားကာ မိမိတို့ရင်ထဲက ယုံကြည်သည့်အတိုင်း မဲပေးရွေးချယ်ခဲ့ကြသော ပြည်သူ့ကိုယ်စားလှယ်များသည် ယခုလာမည့် ဖေဖော်ဝါရီ ၁ ရက်တွင် လွှတ်တော်များ၌ စတင်တာဝန်ယူတော့မည်ဖြစ်ပါသည်။

ထိုသို့ တာဝန်ယူ အလုပ်လုပ်နိုင်ရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို နေပြည်တော်တွင် ကိုဗစ်-၁၉ကာကွယ်ဆေးထိုးနှံပြီးစီးကြောင်းလည်း သိရပါသည်။ ဆက်လက်၍ နောက်တစ်နေ့တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို ထိုးနှံမည်ဖြစ်ပါ၏။

ထို့အတူပင် ဖေဖော်ဝါရီ ၉ ရက်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ပြည်သူ့လွှတ်တော်များ စတင်ခေါ်ယူမည်ဖြစ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကိုယ်စားလှယ်များသည်လည်း ဆိုင်ရာဆိုင်ရာလွှတ်တော်အသီးသီးသို့ တက်ရောက်ကြရန် အဆင်သင့်ဖြစ်နေကြပြီ။ ဤသို့ဖြင့် လွှတ်တော်အသီးသီးတွင် ပြည်သူ့ကိုယ်စားလှယ်များ တက်ရောက်နေရာယူကာ တိုင်းပြည်အတွက် ကျရာကျရာ တာဝန်များယူကြသည့် ဒီမိုကရေစီစနစ်၏ ကျက်သရေအရှိဆုံး မြင်ကွင်းတို့ကို ပြည်သူလူထုက မျှော်လင့်နေကြပြီဖြစ်ပေသည်။

ပြည်သူ့ကိုယ်စားလှယ်တို့သည် ဓမ္မနှင့် အဓမ္မကို သေသေချာချာ ခွဲခြားနားလည်သည်၊ ဘာက အမှန်၊ ဘာက အမှားဆိုသည်ကို ဂဃနဏ ခွဲခြားသိမြင်သည်၊ သိသည့်အတိုင်း အမှန်တရားပေါ်မှာ သစ္စာရှိမည်ဟု ပြည်သူတို့က ယုံကြည်သည်။ ပါတီ၏မူဝါဒနှင့် လမ်းစဉ်ကြောင့်ဖြစ်စေ၊ ပါတီခေါင်းဆောင်များနှင့် လူကိုကြည့်၍ဖြစ်စေ၊ ပြည်သူတို့ ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့ကိုယ်စားလှယ်များသည် ပြည်သူလူထု၏ မျက်နှာကိုကြည့်မည်၊ ပြည်သူလူထုအကျိုးကိုသာ ဆောင်ရွက်မည်၊ ပြည်သူလူထုကို ပွင့်လင်းစွာအသိပေးပြီးမှ ပြည်သူ့ဘဏ္ဍာငွေများကို ပြည်သူတို့အတွက် အကျိုးရှိရာရှိကြောင်းကို အလေအလွင့်မရှိအောင် ထိန်းသိမ်းစောင့်ရှောက်သုံးစွဲမည်၊ အဂတိကင်းအောင်နေမည်၊ ကိုယ်ကျိုးစီးပွား၊ မိသားစုအကျိုးစီးပွားကို နောက်တန်းသို့ပို့ကာ ပြည်သူ့အကျိုးစီးပွားကို ဦးတည်ရေးရှုမည် စသည်ဖြင့် ယုံကြည်ထားကြ၏။

ပြည်သူလူထုနှင့် ပြည်သူ့ကိုယ်စားလှယ်များ၊ ပြည်သူ့အကျိုးကိုရေးရှုသည့် နိုင်ငံရေးခေါင်းဆောင်များ၏အကြားရှိ တစ်ဦးနှင့်တစ်ဦး ဆက်နွယ်နေမှု၊ ယုံကြည်စိတ်ချမှု၊ မျှော်လင့်မှုတို့သည် လေးနက်မှုရှိနေသည်။

ယနေ့ မြန်မာနိုင်ငံ၏အခြေအနေက ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်နိုင်ရေးအပါအဝင်၊ နိုင်ငံတော်၏စီးပွားရေး ဦးမော့လာနိုင်ရေး၊ ပြည်သူလူထုတစ်ဦးချင်း၏ စားဝတ်နေရေးပြေလည်ရေး၊ အလုပ်အကိုင်များ ပြန်လည်ရှင်သန်လှုပ်ရှားနိုင်ရေး၊ ရုပ်ပိုင်းစိတ်ပိုင်းဘဝများ အေးချမ်းလုံခြုံရေး အစရှိသည်တို့က မရအရ ကြိုးစားရယူရမည့် ဦးတည်ချက်များဖြစ်၏။ အစိုးရ၊ လွှတ်တော်များနှင့် ပြည်ထောင်စုသား ပြည်သူလူထုအပေါင်း ညီညွတ်သွေးစည်းစွာ ရုန်းကန်လှုပ်ရှားကြရဦးမည်။ အားသွန်ခွန်စိုက် ကြိုးပမ်းကြရဦးမည်။

ထို့ကြောင့်ပင် ရွေးချယ်ခံ ပြည်သူ့ကိုယ်စားလှယ်များ၏ မှတ်စုစာအုပ်များတွင် နေ့အလိုက်၊ လအလိုက်၊ နှစ်အလိုက် လုပ်ရမည့် အလုပ်ဇယားများက မင်နီ မင်ပြာတို့ဖြင့် ပြည့်နှက်နေပါလိမ့်မည်။ အထူးသဖြင့် ယခုကဲ့သို့ လွှတ်တော်အဖွင့်ကာလ အခြေတည်ရမည့် လုပ်ငန်းများ၊ စနစ်တည်ဆောက်မှုများက အချိန်များစွာပေး ပြင်ဆင်ကြရမည်ဟု ထင်ပါသည်။ နောင်သက်တမ်း ငါးနှစ်တာအတွက် အရှိန်ယူရမည့် တာထွက်ကာလဖြစ်ပေရာ စဉ်းစားတွေဝေနေရန် အချိန်များစွာမရှိ။ မေးမိတ်ငိုက်မျဉ်းနေရန် အချိန်အနည်းငယ်မျှမရှိ။ ညည်းညူစိတ်ရှုပ်ထွေးနေစရာအချိန် စိုးစဉ်းမျှမရှိ။ စိုးရိမ်ပူပန်နေရန် အချိန်လုံးဝမရှိ။ ထိုသို့သော အရေးအရာတို့အတွက် အချိန်လည်း မရှိသလို အကြောင်းလည်းမရှိဘဲ အထက်တွင်ဆိုသကဲ့သို့ နိုင်ငံ့ရေး ပြည်သူလူထုအရေးတို့အတွက် ဆောင်ရွက်ရန်ရှိသည်တို့ကို တာဝန်ယူကြရမည် ဖြစ်ပါသည်။

အချုပ်ကိုဆိုရသော် ပြည်သူ့ကိုယ်စားလှယ်တို့သည် ပြည်သူ့အကျိုး၊ နိုင်ငံအကျိုးအတွက် လုပ်ရမည်တို့က တန်းစီစောင့်နေပြီဖြစ်၏။ နိုင်ငံရေး စိတ်စေတနာ ဖြူဖြူစင်စင်ဖြင့် အင်အားစိုက်ထုတ်ကြိုးကုတ်လုံးပန်းကြရန်အတွက် လွှတ်တော်များက ကြိုဆိုနေကြပြီဖြစ်ပါကြောင်း။ ။

**အသီးတစ်ရာ အညှာတစ်ခု ဒို့ညီနောင်ထု ပြည်ထောင်စု။**

**ဒို့ညီနောင်ထု တည်ထောင်ပြု ပြည်ထောင်စုနေ့ ဒို့မမေ့။**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လမှ ဒီဇင်ဘာလအတွင်း အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် အချုပ်ခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ခြင်းနှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်

## သတင်းထုတ်ပြန်ချက် အမှတ်စဉ် ( ၃ / ၂၀၂၁)

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃ အရ အကျဉ်းကျနေသူများ၊ အချုပ်အနှောင်ခံနေရသူများ သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်ထားခြင်းခံရသူများကို လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ပြည်တွင်းဥပဒေများနှင့်အညီ လူသားချင်းစာနာထောက်ထားမှုဖြင့် စောင့်ရှောက်ထားခြင်း ရှိ၊ မရှိ စိစစ်နိုင်ရန်အတွက် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းနှင့် ဆေးရုံအချုပ်ခန်းများကို လျာထားချက်များရေးဆွဲ၍ ကြည့်ရှုစစ်ဆေးလျက်ရှိပါသည်။

၂။ ကြည့်ရှုစစ်ဆေးရာတွင် အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် အချုပ်ခန်းများအတွင်းရှိ နေရာများ၊ အကျဉ်းသား၊ အချုပ်သားများ၏ အသုံးအဆောင်များကို ကော်မရှင်ဥပဒေပုဒ်မ ၄၄ နှင့်အညီ ကြည့်ရှုစစ်ဆေးခြင်းများအပြင် အကျဉ်းသား၊ အချုပ်သားများကို လွတ်လပ်စွာ သီးခြားတွေ့ဆုံမေးမြန်းခြင်းများပါ ဆောင်ရွက်ခဲ့ပြီး ကော်မရှင်၏ တွေ့ရှိချက်နှင့် အကြံပြုတိုက်တွန်းချက်များကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသို့ အကြောင်းကြားဆောင်ရွက်လျက်ရှိပါသည်။

၃။ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအထိ ကြည့်ရှုစစ်ဆေးခဲ့သည်များကို သတင်းထုတ်ပြန်ချက်အမှတ်စဉ် (၁၁/၂၀၂၀) ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လမှ ဒီဇင်ဘာလအထိ အကျဉ်းထောင် (၂) ခု၊ အချုပ်ထောင် (၁) ခု၊ အကျဉ်းစခန်း (၂) ခု၊ ရဲစခန်းအချုပ်ခန်း (၃) ခု၊ တရားရုံးအချုပ်ခန်း (၃) ခုနှင့် ဆေးရုံအချုပ်ခန်း (၃) ခု တို့ကို အောက်ပါအတိုင်း ကြည့်ရှုစစ်ဆေးခဲ့ပါသည်-

(က) ဩဂုတ်လ ၁၂ ရက်နေ့နှင့် ၁၃ ရက်နေ့များတွင် မြင်းခြံဗဟိုအကျဉ်းထောင်၊ မြင်းခြံမြို့ပေါ်ရှိ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းနှင့် ဆေးရုံအချုပ်ခန်းများ၊

(ခ) ဩဂုတ်လ ၁၈ ရက်နေ့မှ ၂၂ ရက်နေ့အထိ မော်လမြိုင်အချုပ်ထောင်၊ ဘားအံအကျဉ်းထောင်နှင့် မာလာဖူးကုန်ထုတ်စခန်း၊ လက္ခဏ စိုက်/မွေးစခန်း၊ မော်လမြိုင်မြို့နှင့် ဘားအံမြို့ရှိ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းနှင့် ဆေးရုံအချုပ်ခန်းများ၊

၄။ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လနောက်ပိုင်းတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ်ရေးအစီအမံများကြောင့် အကျဉ်းထောင်၊ အကျဉ်းစခန်းများနှင့် အချုပ်ခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခြင်းကို ယာယီရပ်ဆိုင်းထားခဲ့ရပါသည်။

၅။ ကြည့်ရှုစစ်ဆေးရေးအဖွဲ့နှင့် သီးခြားတွေ့ဆုံလိုသည့် အကျဉ်းသား/သူ၊ အချုပ်သား/သူ (၄၃) ဦးတို့ကို သီးခြားလက်ခံတွေ့ဆုံခဲ့ပြီး ယင်းတို့၏ အခက်အခဲများ၊ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ၊ တရားရေးဆိုင်ရာ တင်ပြချက်များအပေါ် မှတ်တမ်းတင်စိစစ်ကာ တွေ့ရှိချက်များနှင့် အကြံပြုချက်များကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသို့ အကြောင်းကြားခြင်းများ ပြုလုပ်ခဲ့ပါသည်။

၆။ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကြည့်ရှုစစ်ဆေးရာတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ "ကုလသမဂ္ဂက ပြဋ္ဌာန်းထားသည့် အကျဉ်းသားများအပေါ် ပြုမူဆက်ဆံမှုနှင့် စပ်လျဉ်းသော အနိမ့်ဆုံးစံနှုန်းများနှင့် ညီ/ မညီ" ကြည့်ရှုစစ်ဆေးရာ အောက်ပါစစ်ဆေးတွေ့ရှိချက်များကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသို့ ပေးပို့အကြံပြုခဲ့ပါသည်-

| | | |
|---|---|---|
| (က) | ကျန်းမာရေးဆိုင်ရာ | ၅ ချက် |
| (ခ) | ပညာရေးဆိုင်ရာ | ၁ ချက် |
| (ဂ) | အုပ်ချုပ်မှုဆိုင်ရာ | ၁၈ ချက် |
| (ဃ) | အကျဉ်းထောင်ပြောင်းရွှေ့လိုခြင်း | ၅ ချက် |
| (င) | သန့်ရှင်းရေးဆိုင်ရာ | ၇ ချက် |
| (စ) | အဆောက်အဦဆိုင်ရာ | ၃ ချက် |
| (ဆ) | အကျဉ်းသားမိသားစုနှင့်အဆက်အသွယ်ရလိုခြင်း | ၁ ချက် |
| (ဇ) | ထောင်ဝင်စာတွေ့ဆုံမှု | ၁ ချက် |
| (ဈ) | အစားအသောက်ဆိုင်ရာ | ၂ ချက် |
| | **စုစုပေါင်း** | **၄၃ ချက်** |

၇။ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် အချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးရာတွင် ယခင်ကြည့်ရှုစစ်ဆေးစဉ်က အကြံပြုချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခြင်း၊ ယခုကြည့်ရှုစစ်ဆေးစဉ် အကြံပြုချက်များအပေါ် လိုက်နာဆောင်ရွက်မှုအခြေအနေကိုလည်း အခါအားလျော်စွာ ပြန်လည်ကြည့်ရှုစစ်ဆေးသွားမည် ဖြစ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်**

## အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းက မှာယူထားသည့် Airbus A320-214 XY-ALL လေယာဉ်အသစ် ရောက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၂၉**

နိုင်ငံတကာ လေကြောင်းလိုင်းများ ပြန်လည်ဖွင့်လှစ်ပါက နိုင်ငံတကာသို့ ပျံသန်းပြေးဆွဲနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) က မှာယူထားသည့် Airbus A320-214 XY-ALL လေယာဉ်အသစ်သည် ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်။

MAI လေကြောင်းလိုင်းသို့ ထပ်မံဖြည့်တင်းရောက်ရှိလာသည့် ယင်းလေယာဉ်အသစ်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် လေကြောင်း လိုင်းမှ တာဝန်ရှိသူများက Water-salute အခမ်းအနားပြုလုပ်၍ ကြိုဆိုခဲ့ပြီး အဆိုပါ လေယာဉ်အသစ်ကို နယ်သာလန်နိုင်ငံမှ မြန်မာနိုင်ငံသို့ Ferry Flight အဖြစ် ပျံသန်းမောင်းနှင်ပေးခဲ့သော လေယာဉ်မှူးများအား လေယာဉ်မယ်များက ပန်းစည်းများ ပေးအပ်၍ ကြိုဆိုနှုတ်ဆက်ကြသည်။

Airbus A320-214 XY-ALL လေယာဉ်ကို ပြင်သစ်နိုင်ငံတွင် ထုတ်လုပ်ပြီး Manufacturing Serial Number မှာ MSN-4758 ဖြစ်ကာ Business Class ထိုင်ခုံ ရှစ်ခုံနှင့် Economy Class ထိုင်ခုံ ၁၆၂ ခုံ ပါရှိပြီး စုစုပေါင်းခရီးသည် ၁၇၀ ကို တင်ဆောင်ပျံသန်းနိုင်မည်ဖြစ်သည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) သည် Safety နှင့် Operations ပိုင်းဆိုင်ရာတွင် နိုင်ငံတကာလေကြောင်း အဖွဲ့အစည်းများဖြစ်သည့် ICAO၊ IATA တို့၏ သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ ကိုက်ညီမှုရှိသည့်အပြင် လေကြောင်းလိုင်း စတင်တည်ထောင်ကတည်းက Accident များ တစ်ကြိမ်တစ်ခါမျှဖြစ်ခဲ့ခြင်းမရှိသဖြင့် IOSA လက်မှတ်ကို မြန်မာနိုင်ငံတွင် ပထမဆုံးရရှိခဲ့သည့် လေကြောင်းလိုင်းဖြစ်သည့်အပြင် နိုင်ငံတကာခရီးစဉ်များပြေးဆွဲနေသည့် မြန်မာလေကြောင်းလိုင်းများအနက် တစ်ခုတည်းသော IOSA လက်မှတ်ရရှိထားသော လေကြောင်းလိုင်းလည်း ဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေသည့် ကာလဖြစ်သော်လည်း အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) သည် IOSA ၏ Remote Audit စစ်ဆေးခြင်းကို ဇန်နဝါရီ ၁၅ ရက်တွင် ထပ်မံအောင်မြင်ခဲ့ပြီးဖြစ်၍ ICAO ၏ Standard နှင့်အညီ IATA ၏ Member ဖြစ်သော IOSA လက်မှတ်ရ Operator အဖြစ် ဆက်လက်ရပ်တည်လျက်ရှိသည်။ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) က ပျံသန်းပြေးဆွဲမည့် ပြည်တွင်း၊ ပြည်ပခရီးစဉ်တိုင်းကို Operations ပိုင်း Safety အရ ခရီးသွားပြည်သူများ ယုံကြည်စိတ်ချစွာ စီးနင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ဖိုးသော်ဇင်**



# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက မေတ္တာရပ်ခံချက် ထုတ်ပြန်

နေပြည်တော် ဇန်နဝါရီ ၂၉

ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေအရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်အသီးသီးရှိ ကျောင်းတိုက်များတွင် သီတင်းသုံးနေထိုင်လျက်ရှိပြီး ယနေ့ မွန်းလွဲ ၂ နာရီတွင် အွန်လိုင်းအစည်းအဝေး ကျင်းပခဲ့ကြသည်။

အစည်းအဝေးတွင် ကျင်းပပြီးစီးခဲ့သော ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို အကြောင်းပြု၍ နိုင်ငံတော်တွင် ယနေ့ဖြစ်ပေါ်နေသော အခြေအနေများကို ရဟန်းရှင်လူ ပြည်သူများ စိုးရိမ်ကြောင့်ကြ နှလုံးစိတ်ဝမ်း မအေးချမ်းဘဲ ရှိနေကြသည့်ကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက သဘောတူဆုံးဖြတ်ထားသည့် မေတ္တာရပ်ခံချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါ မေတ္တာရပ်ခံချက်မှာ –

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်

**နိုင်ငံတော် သံဃမဟာနာယကအဖွဲ့**

မဟာနာယကကျောင်းတော်ကြီး၊ ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့
စာအမှတ်၊ ၀ ၀ ၁/၄ ၇-၁ ၂ / ၅/ သာ – မ ဟ န
ရက်စွဲ၊ ၁၃၈၂ – ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်
(၂၀၂၂ – ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)

## မေတ္တာရပ်ခံချက်

၁။ ယခုအချိန်ကာလသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်း ကမ္ဘာ့ကပ်ရောဂါ(Covid-19)ကို ပြည်သူအပေါင်းတို့ ရင်ဆိုင်ခံစားနေကြရ၍ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အစရှိသည့် ကဏ္ဍအသီးသီးတွင် အခက်အခဲများစွာ ခံစားနေကြရသည့် အချိန်ကာလဖြစ်ပါသည်။

၂။ ထိုသို့သောအခြေအနေမျိုးတွင် ကျင်းပပြီးစီးခဲ့သော ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲကို အကြောင်းပြု၍ နိုင်ငံတော်တွင် ယနေ့ ဖြစ်ပေါ်နေသော သတင်းများအရ ရဟန်းရှင်လူပြည်သူများသည် စိုးရိမ်ကြောင့်ကြ နှလုံးစိတ်ဝမ်း မအေးချမ်းဘဲ ရှိနေကြကြောင်း သိရှိရပါသည်။

၃။ **ဝိဝါဒံ ဘယတော ဒိသွာ၊ အဝိဝါဒဉ္စ ခေမတော။**

**သမဂ္ဂါ သခိလာ ဟောထ၊ ဧသာ ဗုဒ္ဓါ နုသာသနီ –**

ဟူသော ဒေသနာတော်အရ ငြင်းခုံခြင်းကို ဘေးဟု ရှုမြင်ကြလျက် စေ့စပ်ညှိနှိုင်းအဖြေရှာခြင်းကို ချမ်းသာကြောင်းတရားဟု ခံယူကြလျက် ညီညွတ်စွာ စေ့စပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေး လွန်စွာလိုအပ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ တပ်မတော်၊ နိုင်ငံရေးပါတီများနှင့် အများပြည်သူ ဒါယကာ၊ ဒါယိကာမများအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်း သာယာဝပြောစေရေးကို ရှေးရှုကြလျက် လက်ရှိဖြစ်ပေါ်နေသော ကိစ္စအရပ်ရပ်တို့ကို မိမိတို့၏ ဆန္ဒကိုငြင်းခုံမှုမပြုကြဘဲ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း များနှင့်အညီ ငြိမ်းချမ်းစွာ ညှိနှိုင်းအဖြေရှာ ဆောင်ရွက်ကြရန် မေတ္တာရပ်ခံအပ်ပါသည်။

ဒေါက်တာအဘဒ္ဒန္တကုမာရာဘိဝံသ
အဘိဓဇမဟာရဋ္ဌဂုရု၊
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
ဥက္ကဋ္ဌဆရာတော်

ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ၊
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
အကျိုးတော်ဆောင်ဆရာတော်

ဘဒ္ဒန္တသုမင်္ဂလာဘိဝံသ
အဘိဓဇမဟာရဋ္ဌဂုရု
ဒုတိယဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တစိတ္တဉာဏ
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
ဒုတိယဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တအဂ္ဂဓမ္မ
အဂ္ဂမဟာပဏ္ဍိတ၊
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊
ဒွိပိဋကဓရ
ဒုတိယဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တကေသရာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ၊
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊
ဒုတိယဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တနန္ဒသာရ
အဂ္ဂမဟာပဏ္ဍိတ၊
ဒုတိယဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တကောဝိဒ
အဂ္ဂမဟာပဏ္ဍိတ၊
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဒုတိယဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တဓမ္မာစာရ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

ဒေါက်တာဘဒ္ဒန္တစန္ဒသာရ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

ဘဒ္ဒန္တသီလာစာရာဘိဝံသ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

ဒေါက်တာဘဒ္ဒန္တစိတ္တာလင်္ကာရ
အဂ္ဂမဟာပဏ္ဍိတ၊
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊
မဟာဓမ္မကထိကဗဟုဇနဟိတဓရ
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

ဘဒ္ဒန္တသေဋ္ဌိလ
အဂ္ဂမဟာပဏ္ဍိတ၊
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

ဒေါက်တာဘဒ္ဒန္တတေဇောသာရာဘိဝံသ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
ဓမ္မကထိကဗဟုဇနဟိတဓရ

## COVID-19 **ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်**

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော COVID-19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 နှင့် နိုင်ငံခြားငွေစာရင်း EDC 600012 တို့သို့ ၂၁-၁-၂၀၂၂ ရက်နေ့မှ ၂၇-၁-၂၀၂၂ ရက်နေ့အထိ ပြည်တွင်း / ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေစုစုပေါင်းမှာ ကျပ် ၆,၇၃၀.၅၃၉ သန်းနှင့် အမေရိကန်ဒေါ်လာ ၃၅၉,၀၃၀ ဖြစ်ပါသည်။ ၂၇-၁-၂၀၂၂ ရက်နေ့အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA-013733 စာရင်း**

| | ကျပ် |
|---|---|
| ၂၁-၁-၂၀၂၂ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၈,၇၈၁,၃၃၆,၅၈၂.၃၉ |
| (+) ၂၁-၁-၂၀၂၂ မှ ၂၇-၁-၂၀၂၂ ရက်နေ့ထိ ရရှိငွေ | ၆,၇၃၀,၅၃၈,၉၀၃.၀၀ |
| ၂၇-၁-၂၀၂၂ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၂၅,၅၁၁,၈၇၅,၄၈၅.၃၉ |

**COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၂၁-၁-၂၀၂၂ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၇၇,၇၄၄,၅၅၆.၆၉ |
| (+)၂၁-၁-၂၀၂၂ မှ ၂၇-၁-၂၀၂၂ ရက်နေ့ထိ ရရှိငွေ | ၃၅၉,၀၃၀.၅၉ |
| ၂၇-၁-၂၀၂၂ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၁၇၈,၁၀၃,၅၈၇.၂၈ |

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

# ပြည်သူသာလျှင် အဓိက

● *ရှေ့ဖုံးမှ*

ဆက်လက်၍ ဒုတိယသမ္မတသည် ခါကာဘိုရာဇီအမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူးရုံး ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော် က မြန်မာနိုင်ငံမြောက်ဖျားဒေသရှိ သဘာဝထိန်းသိမ်းရေးနယ်မြေဆိုင်ရာများ၊ ပူတာအိုခရိုင်၏ သစ်တောဖုံးလွှမ်းမှု အခြေအနေ၊ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်ဆိုင်ရာအချက်အလက်များ၊ ဥယျာဉ်အတွင်း ဇီဝမျိုးစုံမျိုးကွဲများ တည်ရှိမှု အခြေအနေ၊ ဥယျာဉ်စီမံအုပ်ချုပ်မှု အခြေအနေ၊ သုတေသနအခွင့်အလမ်းများနှင့် ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## လမ်းညွှန်မှာကြား

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက အပူပိုင်းသစ်တောများမှ အအေးပိုင်းသစ်တောများအထိ တည်ရှိပေါက်ရောက်နေသော ကွဲပြားခြားနားသည့် သစ်တောအမျိုးအစား၊ ပေါက်ရောက်သည့် အပင်မျိုးစုံနှင့် ကျက်စားနေကြသည့် တောရိုင်း တိရစ္ဆာန်မျိုးစုံတို့ကို ထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားရေး၊ ဧရာဝတီမြစ်၏ ရေဝေဖြစ်သည့် မလိခမြစ် မြစ်ဖျားခံရာဒေသအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ရေး၊ အပင်နှင့် တိရစ္ဆာန်မျိုးစိတ်သစ်များ ရှာဖွေဖော်ထုတ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားရေးနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးသွားနိုင်ရေးတို့ကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ခါကာဘိုရာဇီအမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူးရုံး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ဒုတိယသမ္မတသည် ခါကာဘိုရာဇီ ဒေသရင်း သစ်ခွမျိုးစိတ်ခြံကို ကြည့်ရှုလေ့လာရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်နှင့် တောအုပ်ကြီး ဒေါ်အယ်လ်ကေစီယွန်းတို့က ရှင်းလင်းတင်ပြကြသည်။

## ထောက်ပံ့ပေးအပ်

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့သည် တပ်မတော်ရဟတ်ယာဉ်များဖြင့် ပူတာအိုမြို့မှ ခေါင်လန်ဖူးမြို့သို့ရောက်ရှိကြပြီး မြို့နယ်ခန်းမ၌ ဒုတိယသမ္မတ က ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ အိမ်ထောင်စု ၈၉၅ စု အတွက် တစ်အိမ်ထောင်လျှင် ဆန် ရှစ်ပြည်၊ ၁ လီတာဝင် ဆီ တစ်ဘူး၊ ဆား ၂၅ ကျပ်သားစီကို မြို့မိမြို့ဖများ ဖြစ်ကြသည့် ဦးဆာရ်ဝမ်ဖေရမ်နှင့် ဦးဂျေဇာဒီး တို့ကိုလည်းကောင်း၊ မြို့နယ်အတွင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၄၇၂ ဦး အတွက် ကျောင်းဝတ်စုံ ၄၇၂ စုံနှင့် ဗလာစာအုပ် ၄၇၂ ဒါဇင်ကို ဆရာဆရာမများနှင့် ကျောင်းသူကျောင်းသားများကိုယ်စား မြို့နယ်ပညာရေးမှူး ဦးစိုးနီ ကို လည်းကောင်း၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းအိမ်ထောင်စု ၈၃ စုအတွက် တစ်အိမ်ထောင်လျှင် ငါးခြောက် ၂၅ ကျပ်သားစီကို ဝန်ထမ်းအိမ်ထောင်စုများကိုယ်စား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဝင်း ကိုလည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒေသခံတိုင်းရင်းသားများအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက ထောက်ပံ့သည့် စားသောက်ဖွယ်ရာများနှင့် တပ်မတော်စက်ရုံထုတ် လူသုံးကုန်ပစ္စည်းများကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်မျိုးဦးက ခေါင်လန်ဖူးမြို့နယ်အုပ်ချုပ်ရေးမှူးထံ ပေးအပ်သည်။



ဒုတိယသမ္မတ ဦးမြင့်ဆွေ ခေါင်လန်ဖူးမြို့၌ ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်

## ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယသမ္မတသည် ခေါင်လန်ဖူးမြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ဖုလုံးကျေးရွာသို့ ရောက်ရှိပြီး မေခမြစ်ကူး ရီဒမ်းကြိုးတံတားကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတသည် ခေါင်လန်ဖူး – မဂွေဇလမ်း စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် က ခေါင်လန်ဖူး–မဂွေဇလမ်း (၆၅/၄) မိုင်အတွင်းရှိ လမ်း (၀/၀) မိုင်မှ (၅၈/၀) မိုင်အထိ မြေသားလမ်းဖောက်လုပ်မှု၊ (၀/၀) မိုင်မှ (၅၈/၀) မိုင်အကြားရှိ ကျောက်ခင်းလမ်း (၄၄/၀) မိုင် ဆောင်ရွက်ပြီးစီးမှု၊ ကွန်ကရစ်တံတား ၂၈ စင်း ဆောင်ရွက်မှု၊ Box Culvert ၁၆၅ စင်း ဆောင်ရွက်မှု၊ ကျောက်စီရေမြောင်း ၁၆၉၉၅ ပေ ဆောင်ရွက်မှုနှင့် ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် မြေသားလမ်း၊ ကျောက်ခင်းလမ်းနှင့် တံတားတည်ဆောက်မည့် အခြေအနေများကို လည်းကောင်း၊ တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစောဇာနည်လှ က မဂွေဇ–ခေါင်လန်ဖူးလမ်းပေါ်ရှိ တံတားအမှတ် (၁/၄၄) ရီဒမ်း တံတားတည်ဆောက်မည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။



ဒုတိယသမ္မတ ဦးမြင့်ဆွေ ခေါင်လန်ဖူးမြို့ ဖုလုံးကျေးရွာရှိ မေခမြစ်ကူး ရီဒမ်းကြိုးတံတားကို ဖြတ်သန်းကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

## ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက ခေါင်လန်ဖူးဒေသသည် ရာသီဥတုဆိုးရွားပြီး တောတောင်ထူထပ်ကာ အတက်အဆင်း အကွေ့အကောက်များပြားသဖြင့် မဂွေဇ – ခေါင်လန်ဖူး လမ်း ဖောက်လုပ်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ရန်၊ သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အချိန်မီပြီးစီးရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက စတင်တည်ဆောက်လျက်ရှိသည့် မေခမြစ်ကူး ရီဒမ်းတံတားသစ်အတွက် လိုအပ်သည့် ၂၄ ပေအရှည်ရှိ သံမဏိသံပေါင်များနှင့် ရက်မများ သယ်ယူမည့်ယာဉ်ကြီးများ အန္တရာယ်ကင်းရှင်းစွာ သယ်ယူပို့ဆောင်နိုင်ရန် အတက်အဆင်း မတ်စောက်သည့်နေရာများတွင် ဖြေလျှော့ရေးနှင့် အကွေ့အကောက် ကျဉ်းမြောင်းသည့် နေရာများကို ချဲ့ထွင်ပေးနိုင်ရေးတို့အတွက် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာနတို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် မဂွေဇ – ခေါင်လန်ဖူး လမ်းတည်ဆောက်ပြီးစီးမှုနှင့် ထပ်မံတည်ဆောက်မည့် ရီဒမ်းတံတားသစ် နေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆန်းလွှတ်ချက် တောင်ကြားမှ မဂွေဇ–ခေါင်လန်ဖူးလမ်း ဖောက်လုပ်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် လမ်းဖောက်လုပ်နေသည့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ အရာရှိစစ်သည်များအတွက် ဂုဏ်ပြုငွေများချီးမြှင့်ပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ဆန်းလွှတ်ချက် တောင်ကြားမှ ပူတာအိုမြို့သို့ ပြန်လည်ရောက်ရှိကြပြီး မူလာရှီးဒီ ကြိုးတံတားကို ကြည့်ရှုလေ့လာသည်။



မဂွေဇ – ခေါင်လန်ဖူး လမ်းဖောက်လုပ်နေမှုကို တွေ့ရစဉ်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများတွင် အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၂၉**

ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများတွင် အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် Virtual Meeting ဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးညီပု၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပါဝင်ဆွေးနွေးကြသည်။

### လူမှုသဟဇာတဖြစ်ရေး အဓိကလိုအပ်

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းတွင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ ကြုံတွေ့ရသည့်အခက်အခဲများ၊ ဖြေရှင်းရန်နည်းလမ်းများကို ညှိနှိုင်းဆွေးနွေးခြင်းနှင့် လက်ရှိအခြေအနေကို နိုင်ငံတကာက သိရှိနိုင်ရေး ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ယနေ့ အစည်းအဝေးတွင် ဆွေးနွေးကြရန်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အရေးသည် သိမ်မွေ့နက်နဲပြီး နိုင်ငံတကာက အာရုံစိုက်ခြင်းခံရသည့်အတွက် နိုင်ငံတကာ၏အပြုသဘောဆောင်သည့် ပူးပေါင်းပါဝင်မှု လိုအပ်ပါကြောင်း၊ ထို့ပြင် ရခိုင်ပြည်နယ်အတွင်း လူမှုသဟဇာတဖြစ်ရေးသည် အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်ပြီး ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့်သာ အကောင်အထည်ဖော်ရေးလုပ်ငန်းများ အောင်မြင်မှုရရှိနိုင်မည်ဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် စိတ်စေတနာ မှန်ကန်စွာဖြင့်ဆောင်ရွက်ပြီး ထိုအောင်မြင်မှုများ ရရှိနိုင်ရန် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုအခက်အခဲများသည် နက်နက်ရှိုင်းရှိုင်း တည်ရှိနေသဖြင့် ဖော်ထုတ်ရင်ဆိုင်ကျော်လွှားရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာ(၁၂)ရက်တွင် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များ အကောင်အထည်ဖော်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီး ယခု(၃)နှစ်ကျော်ကာလအတွင်း အကြံပြုချက်များကို အတတ်နိုင်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပါကြောင်း၊ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာတွင် ဖွဲ့စည်းခဲ့သည့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီသည်လည်း ပြည်တွင်း၊ ပြည်ပ ပူးပေါင်းဆောင်ရွက်မှု အကူအညီများ ပါဝင်ပြီး အားဖြည့်ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၈ ခုနှစ်ကုန်အထိ အကောင်အထည်ဖော်ဆောင်ရွက်မှုများတွင် အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများသည် အရှိန်အဟုန်ဖြင့် အတိုင်းအတာတစ်ခုအထိ တိုးတက်ခဲ့သော်လည်း ၂၀၁၉ ခုနှစ်အစမှစ၍ ရခိုင်ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခြင်း၊ ၂၀၁၉ အကုန် ၂၀၂၀ ပြည့်နှစ် အစပိုင်းမှစ၍ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားခြင်းတို့ကြောင့် အကောင်အထည်ဖော်မှုများခက်ခဲကာ အရှိန်အဟုန် လျော့နည်းသွားခဲ့ပါကြောင်း၊ သို့သော်လည်း သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရတို့သည် အကောင်အထည်ဖော်မှုများ လုံးဝရပ်တန့်သွားခြင်းမရှိအောင် အခက်အခဲကြားက ဆက်လက်ကြိုးပမ်းခဲ့ကြပါကြောင်း။

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် စင်ကာပူနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် (၃၃) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးတွင် မြန်မာနိုင်ငံ၏ ရခိုင်ပြည်နယ်အရေး ဆွေးနွေးခဲ့ကြပြီး ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးနှင့်စပ်လျဉ်း၍ အာဆီယံက ပူးပေါင်းပါဝင်ရန် ဆုံးဖြတ်ခဲ့ပါကြောင်း၊ အာဆီယံအတွင်းရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလတွင် ရခိုင်ပြည်နယ်သို့ ကွင်းဆင်းလေ့လာနိုင်ခဲ့ကြောင်း၊ အာဆီယံဒေသတွင်းနိုင်ငံများမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော အာဆီယံ အရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်လေ့လာရေးအဖွဲ့ [ASEAN Emergency Response and Assessment Team (ASEAN-ERAT)] သည် ၂၀၁၉ခုနှစ်၊ မတ်လ(၄) ရက်နေ့မှ (၁၃) ရက်နေ့အထိ ရခိုင်ပြည်နယ်၊ မောင်တောမြို့ရှိ ငါးခူရပြန်လည်လက်ခံရေးစခန်းနှင့် လှဖိုးခေါင်ကြားစခန်းတို့တွင် ပြန်လည်လက်ခံရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ကနဦးလိုအပ်ချက် ဆန်းစစ်လေ့လာမှုများပြုလုပ်ခဲ့ပြီး တွေ့ရှိချက်အစီရင်ခံစာ ပြုစုနိုင်ခဲ့ပါကြောင်း၊ ထို့ကြောင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အပါအဝင် ဆက်စပ်ဝန်ကြီးဌာနများ၊ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး သိသာထင်ရှားသည့် ပူးပေါင်းဆောင်ရွက်မှုကို နိုင်ငံတကာအသိုက်အဝန်းတွင် ပြသနိုင်ခဲ့ကြောင်း။

### အစီရင်ခံစာနှစ်မျိုး ပြုစုနိုင်ခဲ့

မိမိတို့ဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်နှင့် စပ်လျဉ်း၍ UNDP နှင့် ပူးတွဲဆောင်ရွက်ခဲ့သည့် Rakhine Joint Assessment (RJA) အစီရင်ခံစာနှင့် ယခု ASEAN-ERAT အဖွဲ့၏ ကနဦးလိုအပ်ချက် ဆန်းစစ်လေ့လာတွေ့ရှိချက် အစီရင်ခံစာဟူ၍ အစီရင်ခံစာနှစ်မျိုးပြုစုနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ အစီရင်ခံစာနှစ်မျိုးမှာ ဆန်းစစ်လေ့လာမှုနေရာကွာခြားသော်လည်း တွေ့ရှိချက်များသည် တူညီကြပါကြောင်း၊ ASEAN-ERAT အဖွဲ့၏ ကနဦးလိုအပ်ချက် ဆန်းစစ်လေ့လာတွေ့ရှိချက် အစီရင်ခံစာသည် ရခိုင်ပြည်နယ်ရှိ မြေပြင်တွင် အမှန်တကယ်ဖြစ်တည်မှုတွေ့ရှိချက်များကို ဖော်ထုတ်နိုင်ခဲ့သဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် အခြားအခြေခံဝန်ဆောင်မှုများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအရ ကန့်သတ်ထားမှုမရှိကြောင်းကို အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ အခြေအနေအမှန် သိရှိအောင် သက်သေပြု ပြသနိုင်ခဲ့ပါကြောင်း။

ကနဦးလိုအပ်ချက် ဆန်းစစ်လေ့လာမှုအစီရင်ခံစာပါ အကြံပြုချက်များကို အကောင်အထည်ဖော်နိုင်ရန် ဝန်ကြီးဌာနအသီးသီးက အဆိုပြုစီမံကိန်း(၃၇)ခု ပြုစုခဲ့ပြီး ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့၌ ဦးစားပေးစီမံကိန်း (၇)ခုကို ရွေးချယ်အတည်ပြုခဲ့ပါကြောင်း၊ အဆိုပါစီမံကိန်းများတွင် ရခိုင်ပြည်နယ်အတွင်း ပြန်လည်လက်ခံရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေရေးအတွက် ဒေသနှင့်ကိုက်ညီမည့် ရေဒီယိုအစီအစဉ်များနှင့် သတင်းအချက်အလက်များကို ရေဒီယိုမှတစ်ဆင့် ပိုမိုတိုးမြှင့်ရရှိစေရေးစီမံကိန်း၊ ပြန်လည်လက်ခံရေးစခန်းများတွင် ဝင်ရောက်လာသူများကို စိစစ်ခြင်းအတွက် လိုအပ်သည့် စက်ကိရိယာများ ပံ့ပိုးပေးခြင်းစီမံကိန်း၊ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ငါးမွေးမြူရေးကန်များ တူးဖော်ပေးခြင်း စီမံကိန်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် နည်းပညာနှင့် စက်ယန္တရား ဖြန့်ဖြူးပေးခြင်းစီမံကိန်း၊ ပြန်လည်လက်ခံရေးစခန်းများနှင့် ကြားစခန်းများသို့ သွားရောက်နိုင်မည့်လမ်းများကို အဆင့်မြှင့်တင်ခြင်းစီမံကိန်း၊ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ ဆက်စပ်အစိုးရအဖွဲ့အစည်းများက လူမှုကွန်ရက်မီဒီယာများကိုအသုံးပြုပြီး သတင်းအချက်အလက် ဖြန့်ဝေခြင်းနှင့် စီမံခန့်ခွဲခြင်းတို့တွင် ပိုမိုအားကောင်းလာစေရေးစီမံကိန်း၊ ကလေးပျော်နေရာများနှင့် အမျိုးသမီးများအတွက် နေရာများစီစဉ်ပေးခြင်းအားဖြင့် ပြန်လည်ဝင်ရောက်လာမည့်သူများနှင့် ဒေသခံများအတွက် စိတ်လူမှုဆိုင်ရာပံ့ပိုးပေးခြင်းများ ပိုမိုရရှိစေနိုင်ရေးစီမံကိန်းတို့ ဖြစ်ပါကြောင်း။

ဦးစားပေးစီမံကိန်း (၇) ခုအနက် သတင်းအချက်အလက်များအား ရေဒီယိုမှတစ်ဆင့် ဖြန့်ချိပေးခြင်းစီမံကိန်းကို ကိုရီးယားနိုင်ငံအစိုးရ၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ပြန်လည်ဝင်ရောက်လာသူများကို စိစစ်ခြင်းအတွက် လိုအပ်သည့် စက်ကိရိယာများပံ့ပိုးပေးခြင်း၊ ငါးမွေးကန်များ ပြင်ဆင်တူးဖော်ခြင်းနှင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာနှင့် စက်ယန္တရားများ ထောက်ပံ့ပေးခြင်းစီမံကိန်းတို့ကို ထိုင်းနိုင်ငံအစိုးရ၏ ရန်ပုံငွေပံ့ပိုးမှုများဖြင့် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ကျန်ဦးစားပေးစီမံကိန်း(၃)ခုအတွက် ရန်ပုံငွေရရှိရေးကိုလည်း အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

### စီမံချက်မူကြမ်းများ ရေးဆွဲထား

လက်ရှိအခြေအနေတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကိုဖီအာနန်ကော်မရှင်၏ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အကောင်အထည်ဖော်ရေးကော်မတီ၏ လုပ်ငန်းများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများက အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ သုံးသပ်ချက်အစီရင်ခံစာ(မူကြမ်း)ကို ရေးသားပြုစုပြီးဖြစ်ရာ အင်္ဂလိပ်ဘာသာဖြင့်လည်း ဘာသာပြန်ဆိုထားပြီးဖြစ်ပါကြောင်း၊ ထိုသုံးသပ်ချက်အစီရင်ခံစာအရ အဓိကဆက်လက်ဆောင်ရွက်ရမည့် နိုင်ငံသားဖြစ်မှုကဏ္ဍ၊ လွတ်လပ်စွာသွားလာခွင့်ကဏ္ဍ၊ IDP ဆိုင်ရာ ကိစ္စရပ်များနှင့် ပညာရေးဆိုင်ရာကဏ္ဍတို့နှင့်စပ်လျဉ်းပြီး စီမံချက်မူကြမ်းများ ရေးဆွဲထားရှိပြီးဖြစ်ရာ ယနေ့အစည်းအဝေးတွင် ထည့်သွင်းရှင်းလင်းဆွေးနွေးသွားမည် ဖြစ်ပါကြောင်း။

ထို့အပြင် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံနှင့် အာဆီယံ၏ ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများ၊ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ဆွေးနွေးဖလှယ်ကြရန်နှင့် ASEAN နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြရန်ဖြစ်ပါကြောင်းနှင့် တင်ပြဆွေးနွေးမှုများအပေါ်မူတည်၍ ရှေ့ဆက်ရမည့် လုပ်ငန်းများအတွက် ညှိနှိုင်းကြရမည်ဖြစ်ပြီး မိမိတို့နိုင်ငံက ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိသည့် ကိစ္စများကိုလည်း နိုင်ငံတကာကသိရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ဆွေးနွေးရာတွင် ယနေ့အစည်းအဝေးတွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေး၌ဆွေးနွေးပြောကြားခဲ့သည်များကို ပြန်လည်မျှဝေပေးရန်နှင့် အာဆီယံနှင့် ပူးပေါင်းအကောင်အထည်ဖော်နေသည့် စီမံကိန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်ဖြစ်ပါကြောင်း၊ အာဆီယံ၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်မည့် စီမံကိန်းများ အောင်မြင်ရေးနှင့် ကောင်းမွန်သော ပတ်ဝန်းကျင်ကောင်းဖြစ်စေနိုင်ရေး စီမံကိန်းများအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် မိမိတို့နှင့်သက်ဆိုင်သော စီမံကိန်းများကို အကြံပြုပေးကြပါရန်ဖြစ်ကြောင်း၊ စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စများနှင့်ပတ်သက်၍ ဦးစားပေးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အကောင်အထည်ဖော်ရာတွင် Monitoring & Evaluation ဆောင်ရွက်၍ အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများကို မျှဝေပေးနိုင်ပါက အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

### အခက်အခဲစိန်ခေါ်မှုများ များပြား

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အတွင်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အခက်အခဲစိန်ခေါ်မှုများ များပြားသဖြင့် အချို့သော လုပ်ငန်းများတွင် အရှိန်အဟုန်လျော့နည်းသွားခဲ့ရသော်လည်း ရပ်တန့်သွားခြင်းမရှိအောင် ပြည်ထောင်စုအစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများတွင် အာဆီယံအနေဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်မှာ များစွာအထောက်အကူဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့်လည်း ရှေ့ဆက်အကောင်အထည်ဖော်မည့်လုပ်ငန်းများတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကနဦးလိုအပ်ချက်ဆန်းစစ်လေ့လာမှုအစီရင်ခံစာအရ ဦးစားပေးစီမံကိန်းများ အကောင်အထည်ဖော်နေမှုများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က လည်းကောင်း၊ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေး၌ ရခိုင်ပြည်နယ်ဆိုင်ရာဆွေးနွေးခဲ့မှုများကို အာဆီယံရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က လည်းကောင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များ အကောင်အထည်ဖော်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တက်ရောက်လာကြသူများက ရခိုင်ပြည်နယ်တွင် အာဆီယံ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများနှင့် ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ ရန်ပုံငွေရရှိရေးဆိုင်ရာ ဒေသတွင်းအစည်းအဝေးများကျင်းပရေး၊ အဆင့်မြင့် ပေါင်းစပ်ညှိနှိုင်းရေး အစည်းအဝေးကျင်းပရေး၊ ကနဦးလိုအပ်ချက် ဆန်းစစ်လေ့လာမှုအစီရင်ခံစာ အကောင်အထည်ဖော်ရေးအတွက် နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေးပွဲများ ကျင်းပရေး၊ Ad-Hoc Support Team နှင့် နည်းပညာဆိုင်ရာ အစည်းအဝေးများကျင်းပရေး၊ အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ FM ရေဒီယိုများ ဖြန့်ချိနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေ၊ FM အသံလွှင့်ဆောင်ရွက်နေမှုအခြေနေ၊ ပြန်လည်လက်ခံရေးစခန်းများတွင် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ပြန်လည်နေရာချထားမည့် နေရာများတွင် နေအိမ်များ ဆောက်လုပ်မည့်အခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စု၏ အောင်ဆုမဏ္ဍိုင် လွတ်လပ်နိုင်ငံ ပြည်တိုင်းမြန်



## ဒေါက်တာမနုရည်

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက် သောကြာနေ့သည် (၇၄) နှစ်မြောက်အချုပ်အခြာအာဏာပိုင် လွတ်လပ်သော "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်" ၏ သမိုင်းဝင် နေ့ထူးနေ့မြတ်ကြီး တစ်နေ့ဖြစ်သည့် "ပြည်ထောင်စုနေ့" သို့မဟုတ် လွတ်လပ်ရေး၏ ရှေ့ပြေးအရဏ်ဦးဖြစ်သည့် "ပင်လုံစာချုပ်" ကို ချုပ်ဆိုသောနေ့ကြီး ဖြစ်ပေသည်။



ဦးဘဖေ၊ ဆာကလင်းမင့် ရစ်ချပ် အက်တလီ၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးတင်ထွဋ် နှင့် လော့ဒ်ပီသစ်လောရင့်။

မြန်မာပြည်၏ပြည်နယ်ဒေသအသီးသီးမှ တိုင်းရင်းသားလူမျိုးစုတို့၏ ခေါင်းဆောင်များက ပြည်နယ်ပြည်မ မခွဲခြား၊ စည်းလုံးညီညွတ်ကြမည်ဟု ကတိကဝတ် သစ္စာပြုကြကာ လွတ်လပ်သော အချုပ်အခြာအာဏာကို ပိုင်ဆိုင်သည့် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်" ကို ထူထောင်ကြရန် ရည်သန်၍ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကန့်ကွက်သူမရှိ တညီတညွတ်တည်း "ပင်လုံစာချုပ်" ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ပြည်နယ်တောင်တန်းဒေသများတွင် နေထိုင်ကြသော တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များက ပင်လုံညီလာခံကြီးကိုကျင်းပ၍ အောင်မြင်စွာ စာချုပ် ချုပ်ခဲ့ကြသည်ကို အစွဲပြု၍ "ပင်လုံစာချုပ်" ဟု အမည်တွင်ခဲ့လေသည်။ နှစ်စဉ် နှစ်တိုင်းလည်း ဤနေ့ ဤအချိန်ရောက်တိုင်း မြန်မာနိုင်ငံအရပ်ရပ်တွင် စည်ကားသိုက်မြိုက်စွာ ဂုဏ်ပြုကျင်းပလာခဲ့ကြသည်မှာ ယခုနှစ်ဆိုလျှင် (၇၄) နှစ်ရှိပေပြီ။

ဤနေ့သည် မြန်မာပြည်သမိုင်းနှင့် မြန်မာ့လွတ်လပ်ရေးသမိုင်းတို့တွင် မော်ကွန်းတင်ရသည့် လွတ်လပ်ရေး၏ အခြေခံအုတ်မြစ်လည်းဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မြန်မာတို့သည် လွတ်လပ်ရေးကိုရယူရန် နှစ်တာရှည်စွာ ကြိုးပမ်းလာခဲ့ကြရာ နောက်ဆုံးတွင် ပြည်ထောင်စုကြီးစည်းလုံးညီညွတ်မှု၏ သင်္ကေတဖြစ်သည့် ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ခြင်းဖြင့် အောင်ဆန်း–အက်တလီစာချုပ်ပါ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ခဲ့ကာ အောင်မြင်မှု၏ အထွတ်အထိပ်အဖြစ် လွတ်လပ်ရေးဗိမာန်နန်းကို တည်ဆောက်နိုင်ခဲ့ကြသည်။ မြန်မာပြည် လွတ်လပ်ရေးသမိုင်းကို သုံးသပ်မည်ဆိုပါလျှင် ပြည်ထောင်စုနေ့ကို ချန်လှပ်ခဲ့ပါက ပြည့်စုံနိုင်မည်မဟုတ်ပါ။

### ဘိုးဘွားအမွေမည် လွတ်လပ်ပြည်

အောင်ဆန်း–အက်တလီ စာချုပ်သည်မှ
စခဲ့စုံညီ ပင်လုံဆီသို့
သွေးစည်းတို့ပြည် သဘောညီဘိ
ချုပ်ကတိကို ရေးညှိကြသည်
မြန်ပြည်တစ်လွှား တိုင်းရင်းသားတွေ
ရလဒ်ကေန် လွတ်လပ်မှန်သည်
နု–အက်တလီ ခေါ် စာချုပ်ကျော်ထူး
သူတို့ကျေးဇူးမို့ ဆပ်စို့တာဝန်
ကျေပွန်ညီညွတ် မလွတ်လက်တွဲ
မခွဲဆတိုး ချစ်မြတ်နိုးတတ်
ဂုဏ်ယူတတ်စေ ဘိုးဘွားအမွေမည်
လွတ်လပ်ပြည်ထောင် ဤလှူ့ဘောင်ဝယ်
မြန်ပြည်ကျယ်သည်
ကမ္ဘာတည်သရွေ့ တည်ပါစေ့။

### ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံ

ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံအဆင့်ဆင့်ကို ဆွေးနွေးရမည်ဆိုပါလျှင် နှစ်ဆင့်ရှိပြီး ဒုတိယအဆင့် "ပင်လုံစာချုပ်" သည် လွတ်လပ်ရေး၏ ရှေ့ပြေးလည်းဖြစ်လေသည်။ လွတ်လပ်ရေးတည်းဟူသော အောင်ဆုကို ရယူဆွတ်ခူးခဲ့ကြရာမှာမူ သုံးဆင့်ရှိသည်ဟု ဆိုရပေလိမ့်မည်။ ၎င်းတို့မှာ–

(၁) အောင်ဆန်း– အက်တလီစာချုပ် (၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့)

(၂) ပင်လုံစာချုပ် (၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့၊ "ပြည်ထောင်စုနေ့")

(၃) နု–အက်တလီစာချုပ် (၁၉၄၇ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့)

အောင်ဆန်း–အက်တလီစာချုပ်နှင့် နု–အက်တလီစာချုပ်တို့ကို ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ်၏ နေအိမ်ဖြစ်သော အမှတ် (၁၀) ဒေါင်းနင်းလမ်း (Downing Street)၊ ဝက်စ်မင်စတာ (Westminster)၊ လန်ဒန်မြို့၌ မြန်မာအဖွဲ့ခေါင်းဆောင်ကြီးများက ဗြိတိသျှအစိုးရအဖွဲ့ ခေါင်းဆောင် ဗြိတိန်နိုင်ငံဝန်ကြီးချုပ်နှင့် လွတ်လပ်ရေးပေးရန် ကတိစာချုပ်ကို ညှိနှိုင်းသဘောတူ ချုပ်ဆိုခဲ့ကြရာ အောင်ဆန်း–အက်တလီ စာချုပ်ကို ဗိုလ်ချုပ်အောင်ဆန်းနှင့်လည်းကောင်း၊ နု–အက်တလီစာချုပ်ကို နန်းရင်းဝန် သခင်နု (ဦးနု) နှင့်လည်းကောင်း သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသော သမိုင်းဝင်စာချုပ်များ ဖြစ်ကြလေသည်။

ဤသမိုင်းဝင်အခါသမယနေ့ကြီးများကို လွတ်လပ်ရေး၏ အထင်ကရ အောင်မြင်မှုမှတ်တိုင်ကြီးများ ဟုလည်း ဆိုနိုင်ပေသည်။ လွတ်လပ်ရေးပန်းတိုင်ခရီးတွင် စိုက်ထူလာခဲ့ကြသည့် အောင်မြင်မှုတံခွန်ကြီး သုံးဆင့်ကို တစ်ဆင့်စီ ထပ်မံ ချဲ့ထွင်ရေးလိုပါသည်။

**(၁) အောင်ဆန်း– အက်တလီစာချုပ် (၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့)**

၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် မြန်မာအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗြိတိန်အစိုးရအဖွဲ့ခေါင်းဆောင် ဗြိတိန်ဝန်ကြီးချုပ် ကလင်းမင့်ရစ်ချပ်အက်တလီ (Clement Richard Attlee) တို့သည် လွတ်လပ်ရေး၏ ပထမဆုံးအဆင့်အဖြစ် "အောင်ဆန်း–အက်တလီစာချုပ်" ကို ချုပ်ဆိုလက်မှတ်ရေးထိုး ခဲ့ကြလေသည်။

လွတ်လပ်ရေးပန်းတိုင်သို့ ချီတက်ရာခရီးလမ်းတွင် နှစ်တစ်ရာခန့် လမ်းပျောက်လာခဲ့ကြသည့် မြန်မာတိုင်းရင်းသားအားလုံးသည် အောင်ဆန်း–အက်တလီ စာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ကြသည့်အတွက် လွတ်လပ်ရေး၏ လင်းရောင်ခြည်ဦးအဖြစ် လွန်စွာမှပင် ကျေနပ်ပီတိဖြစ်ခဲ့မည်မှာ သံသယဖြစ်စရာ အလျဉ်းမရှိပါချေ။

ထိုသို့ စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးခဲ့ကြပြီး နှစ်ရက်အကြာ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ဒေါ်ချက်စတာဟိုတယ် (Dorchester Hotel) ၌ ဗိုလ်ချုပ်အောင်ဆန်းက အိန္ဒိယပြည်နှင့် မြန်မာပြည်ဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီး လော့ဒ် ဖရက်ဒရစ် ပက်သစ်လောရန့်စ် ခေါင်းဆောင်သောအဖွဲ့ကို ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပါသည်။ ဒေါ်ချက်စတာဟိုတယ်သည် ကမ္ဘာ့တန်ဖိုးအကြီးဆုံးနှင့် ဂုဏ် အဆင့်အမြင့်မားဆုံး ဟိုတယ်ကြီးများအနက် တစ်ခုဖြစ်ပြီး ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ ပွဲလ်လိန်း (Park Lane) နှင့် ဒင်နရီလမ်း (Deanery Street) ထောင့်တွင် တည်ရှိပေသည်။ ထိုဧည့်ခံပွဲတွင် အသက် ၃၂ နှစ်ပင် တင်းတင်းမပြည့်သေးသည့် ဗိုလ်ချုပ်အောင်ဆန်းကို ဗြိတိသျှတို့က "Your Excellency" ဟု ခေါ်ဝေါ် သုံးနှုန်းသည်ကို ဗိုလ်ချုပ်သည် အလွန်ပင် နှစ်ခြိုက်ခဲ့သည်ဟုဆိုပါသည်။

အဘယ်အကြောင်းကြောင့် မနှစ်ခြိုက်ရပါမည်နည်း။ နှစ်ပေါင်း ၁၂၀ ကျော် နယ်ချဲ့ဗြိတိသျှအစိုးရက မြန်မာတို့ကို ၎င်းတို့၏ ရှေ့မှောက်၌ ဒူးထောက်ခိုင်းပြီး လက်အုပ်ချီစေကာ ကျွန်များဟု သတ်မှတ်ခဲ့ကြပြီးလျှင် ၎င်းတို့အား "သခင်" ဟု ခေါ်စေခဲ့လေသည်။ ယခုမူ ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်ကြိုးပမ်းမှုများကြောင့် မြန်မာခေါင်းဆောင်တို့၏ ကြီးမားသောအောင်မြင်မှုနှင့် စွမ်းရည်သတ္တိကို ဂုဏ်ပြုအသိအမှတ်ပြုကာ သူတို့ကပင် "Your Excellency" ဟု ပြန်၍ တလေးတစား ထိပ်စီးတင် ဂုဏ်ပြုခေါ်ဝေါ်နေရပေသည်။ ထူးကဲလှပါသော အောင်မြင်မှုရလဒ်ပါပေ။ မြန်မာလူမျိုးတို့အတွက် ဂုဏ်ယူဝင့်ကြွားစရာနှင့် အတုယူဖွယ်ရာပင်တည်း။

ဤတွင် ဗြိတိသျှတို့က **"သခင်"** ခေါ်စေခဲ့သည်နှင့် စပ်လျဉ်း၍ မြန်မာတို့ဘက်မှ ပြန်လည်တုံ့ပြန်ပုံကို အနည်းငယ် ဆွေးနွေးလိုပါသည်။ မြန်မာတို့က ငါတို့သည် "သခင်" များဟု **"သခင်မျိုးဟေ့ တို့ဗမာ"** ဟူသော ဆောင်ပုဒ်ကို စွဲယူကြပြီးလျှင် မိမိတို့၏ အမည်များရှေ့တွင် အမျိုးသားများက **"သခင်"** ဟူ၍ လည်းကောင်း၊ အမျိုးသမီးများက **"သခင်မ"** ဟူ၍လည်းကောင်း အသီးသီး တရားဝင် အမည်ခေါင်းစီးတပ်၍ **"တို့ဗမာ အစည်းအရုံးကြီး"** ကို ၁၉၃၀ ပြည့်နှစ် မေလ ၃၀ ရက်နေ့တွင် ဖွဲ့စည်းခဲ့ကြပါသည်။ အဖွဲ့ဝင်အားလုံး၏ အမည်များကို "သခင်" သို့မဟုတ် "သခင်မ" ခေါင်းစီးများ တပ်ကြသည်။ သခင် ကိုယ်တော်မှိုင်း၊ သခင် အောင်ဆန်း၊ သခင်နု၊ သခင်တင်၊ သခင်မကြီး ဒေါ်ချစ်၊ သခင်မကြီး ဒေါ်သိန်းတင်၊ လေထီးမယ် သခင်မကြီး ဒေါ်မြရီ စသည်ဖြင့် မှည့်ခေါ်ခဲ့ကြသည်။ ဆောင်ပုဒ်အားဖြင့်လည်း "ဗမာပြည်သည် – တို့ပြည်၊ ဗမာစာသည် – တို့စာ၊ ဗမာစကားသည် – တို့စကား၊ တို့ပြည်ကို – ချစ်ပါ၊ တို့စာကို – ချီးမြှင့်ပါ၊ တို့စကားကို – လေးစားပါ" ဟူ၍ ဖြစ်သည်။ "တို့ဗမာ" သီချင်း ဟူ၍လည်း ပေါ်ပေါက်ခဲ့လေသည်။

**အောင်ဆန်း– အက်တလီစာချုပ်၏ အဓိကအချက် ၁၀ ချက် (အကျဉ်း)**

စာချုပ်ချုပ်သည့် ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့မှစ၍ နောင်တစ်နှစ်အတွင်း စာချုပ်ပါ အချက်အလက်များနှင့် လိုအပ်ချက်များ ဖြည့်ဆည်းပြည့်စုံလျှင် ဗြိတိသျှအစိုးရက မြန်မာပြည်ကို လွတ်လပ်ရေးပေးမည်ဟူသည့် ကတိအချက်သည် အချုပ်ပင်ဖြစ်သည်။ လွတ်လပ်ရေးမရမီ ကြားဖြတ်ကာလတွင် မည်သို့မည်ပုံ ဆောင်ရွက်ကြရန်ကို ဗြိတိန်အစိုးရအဖွဲ့နှင့် မြန်မာအဖွဲ့တို့က အောက်ပါအတိုင်း ကတိကဝတ်ပြုကြသော စာချုပ်ဖြစ်သည် –

(၁) တိုင်းရင်းသားလူမျိုးစုတို့နေထိုင်ရာ ပြည်နယ်ဒေသများ (Frontier Areas) နှင့် ဝန်ကြီးများ အုပ်ချုပ်သော မြန်မာနိုင်ငံကို ထိုပြည်နယ်ဒေသများတွင် နေထိုင်ကြသော တိုင်းရင်းသားလူမျိုးစုတို့၏ လွတ်လပ်သော သဘောတူညီမှုဖြင့် အချိန်မီ ပေါင်းစည်းရေးဖြစ်သည်။

(၂) ဗိုလ်ချုပ်အောင်ဆန်းက ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော မြန်မာပြည်ဘုရင်ခံ၏ အလုပ်အမှုဆောင်ကောင်စီကို ကြားဖြတ်အစိုးရအဖြစ် အသိအမှတ်ပြုခံရသည်။

*စာမျက်နှာ ၈ သို့*

**"ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်ကြိုးပမ်းမှုများကြောင့် မြန်မာခေါင်းဆောင်တို့၏ ကြီးမားသောအောင်မြင်မှုနှင့် စွမ်းရည်သတ္တိကို ဂုဏ်ပြုအသိအမှတ်ပြုကာ သူတို့ကပင် "Your Excellency" ဟု ပြန်၍ တလေးတစား ထိပ်စီးတင် ဂုဏ်ပြုခေါ်ဝေါ် နေရပေသည်။ ထူးကဲလှပါသော အောင်မြင်မှု ရလဒ်ပါပေ။ မြန်မာလူမျိုးတို့အတွက် ဂုဏ်ယူဝင့်ကြွားစရာနှင့် အတုယူဖွယ်ရာပင်တည်း"**

❑ ကျောဖုံးမှ

"နေပြည်တော်မှာ အင်အား ၃၀၀၀ ကျော် ကာကွယ်ဆေးထိုးပြီးသွားပါပြီ။ ဆေးထိုးပြီးသွားတဲ့အခါ ဘာတွေခံစားရလဲဆိုတာ အမြဲစောင့်ကြည့်ပေးနေပါတယ်။ ဆိုးဆိုးရွားရွား Pressure ကျသွားတာ၊ နှလုံးခုန်မမှန်တာမျိုးဖြစ်တာကိုတော့ မတွေ့ရပါဘူး။ ကာကွယ်ဆေးထိုးပြီးနောက်ပိုင်း ပြန်ပြီးမေးကြည့်တဲ့ အခါမှာ တော်တော်များများ ဆိုးဆိုးရွားရွား ခံစားရတာမရှိပါဘူး။ ကိုယ်လက်ညောင်းတာ၊ ကိုက်တာ၊ မအီမသာဖြစ်တာ၊ ဖျားသလိုလို၊ ကိုက်သလိုလို ဖြစ်တာတွေရှိတယ်လို့ သိရပါတယ်။ အဲဒီလိုဖြစ်တာတွေရှိတယ်ဆိုပြီး အရေအတွက်အားဖြင့် လူ ၃၀၀၀ ကျော်မှာ ၆၀၀ လောက် သတင်းပို့ကြပါတယ်။

"ကာကွယ်ဆေး တစ်မျိုးမျိုးကို ပြည်သူတွေကြားထဲမှာ အသုံးပြုတော့မယ်ဆိုရင် နှစ်ခုစဉ်းစားရပါတယ်။ ပထမအချက်ကတော့ ဒီဆေးရဲ့ အရည်အသွေးကောင်း၊ မကောင်း၊ အာနိသင်ရှိ၊ မရှိပါ။ ဒုတိယတစ်ချက်ကတော့ ဒီဆေးထိုးလိုက်လို့ အန္တရာယ်မဖြစ်ဖို့ပါ။ ကျွန်တော်တို့ အတွေ့အကြုံအရတော့ ဒီဆေးထိုးတဲ့အချိန်မှာ Safety တော်တော်ကောင်းပါတယ်။ ဒါကြောင့် ဒီဆေးရဲ့ Safety ကိုတော့ ပြည်သူတွေအနေနဲ့ စိုးရိမ်ပူပန်မှုမရှိပါနဲ့၊ ထိုးလို့ရပါတယ်" လို့ ပြောချင်ပါတယ်။

"ဆေးထိုးပြီးတဲ့အခါမှ ၂၄ နာရီတော့ စောင့်ကြည့်ရမယ့် အနေအထားပါ။ ကိုယ်လက်မအီမသာဖြစ်ရင် Paracetamol, Cetirizine စတဲ့ ဆေးတွေကို သောက်ဖို့လည်း အကြံပြုထားပါတယ်။ ဒီအချိန်မှာတော့ပုံမှန်စားပါ၊ ရေများများသောက်ပါ၊ အာဟာရဖြစ်အောင် ဗီတာမင်စီ များများစားပါ၊ အိပ်ရေးဝအောင်အိပ်ပါလို့ အကြံပြုချင်ပါတယ်" ဟု ပြောသည်။





ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုခံယူနေစဉ်။

ယနေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၁၅ ဦး ကာကွယ်ဆေးထိုးနှံကြပြီး ဇန်နဝါရီ ၃၀ ရက်တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၀ ကိုလည်း ကိုဗစ်-၁၉ ကာကွယ်ဆေး COVISHIELD ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

လွှတ်တော်အစည်းအဝေးများသို့ တက်ရောက်ကြမည့် ကိုယ်စားလှယ်များအား သက်ဆိုင်ရာ လွှတ်တော်ရုံးများက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးပစ္စည်းများကို တစ်ဦးချင်း ဖြန့်ဝေပေးထားကြောင်း သိရသည်။

ထို့ပြင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် တာဝန်ထမ်းဆောင်ကြသည့် အရာထမ်းနှင့် အမှုထမ်း ဝန်ထမ်းများကိုလည်း ကိုဗစ်-၁၉ ကာကွယ်ဆေး COVISHIELD ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**သတင်း- မျိုးမင်းနိုင်**
**ဓာတ်ပုံ- စိုးဝင်းထွန်း**

# ပညာရေး၊ နည်းပညာနှင့် သက်မွေးပညာကဏ္ဍပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ညှိနှိုင်းအစည်းအဝေး အွန်လိုင်းစနစ်ဖြင့် ကျင်းပ

## နေအိမ်အခြေပြုသင်ယူရန် KG+12 သင်ရိုးညွှန်းတမ်းများကို ဒစ်ဂျစ်တယ်သင်ခန်းစာများအဖြစ် ပြုစုပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၉**

ပညာရေး၊ နည်းပညာနှင့် သက်မွေးပညာကဏ္ဍပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (Education and TVET Sector Coordination Group-ETVSCG) ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် Virtual စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် ပညာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (ယာပုံ)

### အကောင်အထည်ဖော် ဆောင်ရွက်မည်

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) ကို ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ကူညီပံ့ပိုးမှုဖြင့် ပညာရေးဝန်ကြီးဌာနက သတ်မှတ်ကာလအတွင်း ရေးသားပြုစုလျက်ရှိပါကြောင်း၊ NESP 2 နောက်ဆုံးမူကြမ်းအပေါ် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ အကြံဉာဏ်များ၊ သုံးသပ်ချက်များကို ရရှိရန်အတွက် လွန်ခဲ့သည့်ရက်သတ္တပတ်က ပေးပို့ထားပါကြောင်း၊ အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်း (၂၀၂၁-၂၀၃၀) ညှိနှိုင်းဆွေးနွေးပွဲများကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၂ ရက်မှ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၆ ရက်အထိ ပညာရေးကဏ္ဍဆိုင်ရာ Stakeholder ၁၄၂၈၂ ဦးနှင့် ဆွေးနွေးညှိနှိုင်းပွဲ ၂၆ ကြိမ်ကို ရက်ပေါင်း ၃၀ ကြာ အောင်မြင်စွာ ကျင်းပခဲ့ပါကြောင်း၊ အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲများတွင် NESP 2 နှင့် ပတ်သက်၍ ဆွေးနွေးသူ ၂၆၉ ဦးနှင့် အထွေထွေဆွေးနွေးသူ ၄၆၂ ဦး စုစုပေါင်း ၇၃၁ ဦးတို့က ဆွေးနွေးခဲ့ကြပါကြောင်း၊ အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ပြုစုထားသည့် NESP 2 အကျဉ်းချုပ်စာအုပ်ကို ဖေဖော်ဝါရီ ၂၃ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရန် စီစဉ်ထားပါကြောင်း၊ နောက်ဆက်တွဲအနေဖြင့် အခြေခံ ပညာကဏ္ဍ၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍနှင့် စီမံခန့်ခွဲမှု၊ စွမ်းဆောင်ရည်မြှင့်တင်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် အရည်အသွေးအာမခံမှုကဏ္ဍ ၄ ရပ်အတွက် Component Summaries၊ လုပ်ငန်းများနှင့် ရည်မှန်းချက်ပန်းတိုင်များကို ထည့်သွင်း ရေးဆွဲမည်ဖြစ်ပါကြောင်း၊ NESP ပထမနှစ်အတွက် ဌာနအလိုက်ဘတ်ဂျက်ကို လျာထားမည်ဖြစ်ပြီး UNESCO က ပံ့ပိုးသည့် တွက်ချက်မှုပုံစံဖြင့် လာမည့် လေးနှစ်အတွက် ကုန်ကျစရိတ်ကို တွက်ချက်မည် ဖြစ်ပါကြောင်း၊




NESP 2 ကို ၂၀၂၁ ခုနှစ် အောက်တိုဘာလတွင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် မူကြမ်းရေးဆွဲခြင်းနှင့် အချောသပ်ခြင်းတို့ကို ၂၀၂၁ ခုနှစ်အတွင်း လုပ်ဆောင်မည်ဖြစ်ပါကြောင်း၊ NESP 2 အကျဉ်းချုပ်အား ပြန်လည်သုံးသပ်ရန်၊ ပြုပြင်မွမ်းမံရန်နှင့် အချောသပ်ရေးဆွဲနိုင်ရန်အတွက် မိတ်ဖက်ဝန်ကြီးဌာနများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ပံ့ပိုးကူညီမှုကို ကြိုဆိုပါကြောင်း။

### အွန်လိုင်းမှတစ်ဆင့် ပို့ချလျက်ရှိ

ပညာရေးဝန်ကြီးဌာန၏ လက်ရှိအောင်မြင်မှုလုပ်ငန်းအချို့ကို တင်ပြရလျှင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရကိုယ်စားလှယ်၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် ရခိုင်ပြည်နယ် ဘက်စုံလွှမ်းခြုံသည့် ပညာရေးစီမံကိန်းမူကြမ်းအပေါ် အွန်လိုင်းမှ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ ကျောင်းများအဆင်သင့်ဖြစ်နိုင်ရေး ကြိုတင်ပြင်ဆင်မှုအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် အစည်းအဝေးပြုလုပ်ခဲ့ပြီး ပြန်လည်အကဲဖြတ်ဆန်းစစ်မှုပုံစံ (Checklist) ပါအချက် ၈၀ နှင့်အညီ အခြေခံပညာကျောင်းများ၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကျောင်းများနှင့် တက္ကသိုလ်များကို ဖြည့်ဆည်းလျက်ရှိပါကြောင်း၊ ပုဂ္ဂလိကကျောင်းပိုင်ရှင်များနှင့် ကျောင်းအုပ်များကို ပညာရေး စီမံခန့်ခွဲမှုသင်တန်းကျောင်းမှ ကျောင်းစီမံခန့်ခွဲမှုအွန်လိုင်းသင်တန်း ပို့ချခဲ့ပါကြောင်း၊ တက္ကသိုလ်များက မဟာဘွဲ့၊ ပါရဂူဘွဲ့၊ ဂုဏ်ထူးတန်းနှင့် ဒီပလိုမာသင်တန်းအချို့ကို အွန်လိုင်းမှတစ်ဆင့် ပို့ချလျက်ရှိပါကြောင်း၊ နေအိမ်အခြေပြုသင်ယူမှုအတွက် ပညာရေးရုပ်မြင်သံကြားအစီအစဉ်မှ ရုပ်မြင်သံကြားသင်ခန်းစာများကို တစ်နေ့လျှင် ရှစ်နာရီ ပို့ချပေးလျက်ရှိပါကြောင်း၊ MRTV ရုပ်သံလိုင်းနှင့် FM Radio တို့မှလည်း ကျောင်းသင်ခန်းစာများ ပို့ချပေးလျက်ရှိပါကြောင်း၊ မြန်မာဒစ်ဂျစ်တယ်ပညာရေးပလက်ဖောင်းမှတစ်ဆင့် နည်းပညာ၊ သက်မွေးပညာဘာသာရပ် ၁၀ ခုနှင့် အွန်လိုင်းဘာသာရပ် ၄၁ ခုကို မည်သူမဆို မှတ်ပုံတင်စရာမလိုဘဲ အင်တာနက် အခမဲ့ဖြင့် သုံးစွဲနိုင်ပါကြောင်း၊ လွန်ခဲ့သည့် သုံးလခန့်က သင်တန်းသား ၂၀၀၀ ကျော်ကို LMS, Digitization နှင့် Video Editing သင်တန်း ပို့ချပေးနိုင်ခဲ့ပါကြောင်း။

### ပူးပေါင်း ဆောင်ရွက်လျက်ရှိ

ပညာရေးဝန်ကြီးဌာနက မြန်မာဒစ်ဂျစ်တယ်ပညာရေးပလက်ဖောင်းမှတစ်ဆင့် အခြေခံပညာ သင်ယူပြီးမြောက်မှုလက်မှတ်ရရှိသူများအတွက် အိုင်စီတီ၊ အင်္ဂလိပ်စာ၊ လက်သန့်စင်ခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းခြင်း၊ ခရီးသွားလုပ်ငန်းအစရှိသည့် ဘာသာရပ်များကို အွန်လိုင်းမှ ပို့ချပေးလျက်ရှိပါကြောင်း၊ လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း သင်တန်းသား ၁၂၀၀၀ အတွက် Online ဖြင့် ကိုယ်တိုင်လေ့လာသင်ယူနိုင်သော သင်ခန်းစာများကို သင်ယူနိုင်ရန် စီစဉ်လျက်ရှိပါကြောင်း၊ ပညာရေးဒီဂရီကောလိပ်များအတွက် စဉ်ဆက်မပြတ်စွမ်းဆောင်ရည်မြင့်မားရေးနှင့် သင်ယူမှုစီမံခန့်ခွဲရေးစနစ်သင်ခန်းစာများအတွက် TOT သင်တန်းများကို ပညာရေးနှင့် အင်္ဂလိပ်စာတွင် ရလဒ်ကောင်းများ ရရှိရေးအစီအစဉ်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ GTI, GTC, GTHS နှင့် နည်းပညာနှင့် သက်မွေးပညာသင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ မိမိကိုယ်တိုင် သင်ယူလေ့လာနိုင်ရန် အွန်လိုင်းသင်တန်းများ စီစဉ်ပေးလျက်ရှိပါကြောင်း၊ လာမည့် ပညာသင်နှစ်၌ ဝေးလံခေါင်ဖျားဒေသများနှင့် ဖွံ့ဖြိုးမှုအားနည်းသော ဒေသများမှ ကျောင်း ၅၀၀၀ ကို EU နှင့် DFAT, My-EQIP မှထောက်ပံ့သည့် DBE Boxes ၅၀၀၀၊ DBE Sticks ၈၀၀၀ ထောက်ပံ့ပေးရန် လျာထားပါကြောင်း၊ နေအိမ်အခြေပြု လေ့လာသင်ယူရန်အတွက် KG+12 သင်ရိုးညွှန်းတမ်းများကို ဒစ်ဂျစ်တယ်သင်ခန်းစာများအဖြစ် အခြေခံပညာဦးစီးဌာန၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနများက Equipping Youth for Employment – EYE Project နှင့် ပူးပေါင်းပြုစုပေးလျက်ရှိပါကြောင်း၊ ယခုအဖွဲ့ကို လာမည့် အစည်းအဝေးမှစတင်၍ ပညာရေးနှင့် တီထွင်ဆန်းသစ်မှု မဟာဗျူဟာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ဟု အမည်ပြောင်းလဲမည်ကို အသိပေးလိုပါကြောင်းနှင့် အရည်အသွေးရှိသည့် ပညာရေး ရရှိရန်အတွက် အတူတကွ လက်တွဲဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်း ပြောကြားသည်။

### ညှိနှိုင်းဆွေးနွေးအကြံပြု

ထို့နောက် UNESCO Myanmar ၏ Head of Office ဖြစ်သူ Ms. Min Jeong Kim က ပညာရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များ ပူးပေါင်းဆောင်ရွက်နေမှုအတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။ ဆက်လက်၍ ပညာရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာဇော်မြင့်က Update on Summary of National Education Strategic Plan (2021-2030) ကိုလည်းကောင်း၊ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များက Update on Readiness of Schools, TVET Institutions and Universities ကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ တက်ရောက်လာသူများက ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးအကြံပြုကြသည်။ ထို့နောက် ဖင်လန်နိုင်ငံသံအမတ်ကြီးနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် ဇန်နဝါရီ ၂၉

**အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီ (NREC) ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)**

အစည်းအဝေးသို့ အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီ ဥက္ကဋ္ဌ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဒုတိယဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် ကော်မတီ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

### သိသာထင်ရှား သောရလဒ်များ

ရှေးဦးစွာ အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်း ခိုင်က အမျိုးသားအဆင့် ပြန်ပြည့်မြဲ စွမ်းအင်ဆိုင်ရာကော်မတီ (NREC) ကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် စတင် ဖွဲ့စည်းခဲ့ပြီးနောက် ကော်မတီအစည်း အဝေးများအား (၃) ကြိမ်တိုင်တိုင် ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်း အစည်းအဝေးများမှ သိသာထင်ရှား သောရလဒ်များအဖြစ် မြန်မာနိုင်ငံ၏ Energy Mix တွင် Renewable Energy ပါဝင်မှု တိုးတက်လာစေခဲ့ပါကြောင်း၊ ပထမဆုံးသော Solar Power Plant (40 MW) ကို မင်းဘူးတွင် ၂၀၁၉ ခုနှစ် ဇွန် ၂၇ ရက်၌ လည်းကောင်း၊ မာန်အောင်ကျွန်း Solar Power Plant (0.5 MW) ဖွင့်ပွဲကိုလည်း ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ ၁၉ ရက်၌လည်းကောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက် ဖွင့်လှစ်ပေးခဲ့ပါကြောင်း၊ ကိုကိုးကျွန်းတွင် Solar Power Plant (0.5 MW)မှ ဓာတ်အားများကိုလည်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၄ ရက်မှစတင်ပြီး ၂၄ နာရီ၊ ၇ ရက် ပတ်လုံး ဖြန့်ဖြူးပေး နေပြီဖြစ်ပါကြောင်း၊ အဆိုပါရလဒ်များ သည် Renewable Energy မှ လျှပ်စစ် ဓာတ်အား ထုတ်လုပ်မှုတိုးမြှင့်ဆောင် ရွက်ရေးအတွက် နိုင်ငံတော်အကြီး အကဲများ၏ အလေးထားအားပေးမှု၊ လမ်းညွှန်မှုများကို သိမြင်နိုင်စေခဲ့ ခြင်းဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် NREC တတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ခဲ့ သည့်အတိုင်း လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနအနေဖြင့် Renewable Energy ဖြစ်သည့် Solar Power Plant စီမံကိန်းများကို နေရာ ၂၉ ခုတွင် စုစုပေါင်းတပ်ဆင်အင်အား ၁၀၃၀ မဂ္ဂါဝပ်ဖြင့် စတင်အကောင်အထည် ဖော် ဆောင်ရွက်နေပြီဖြစ်ရာ ယခုနှစ် နှစ်လယ်ပိုင်းတွင် စတင် ဓာတ်အား ထုတ်လုပ်နိုင်ရန် စီမံထားရှိပါကြောင်း။

ယင်းသို့ သိသာများပြားသည့် Solar Power ပမာဏများကို ဆောင်ရွက်ပြီးစီးပါက ယင်းအချိန်တွင် မြန်မာနိုင်ငံ၏ Generation Mix ၌ ရေအား ၄၀ ရာခိုင်နှုန်း၊ နေစွမ်းအင် ၁၄ ရာခိုင်နှုန်း၊ ပြည်တွင်းမှထွက်ရှိသည့် သဘာဝဓာတ်ငွေ့ သုံးရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့အရည် (LNG) ၁၁ ရာခိုင်နှုန်းနှင့် အခြား တစ်ရာခိုင်နှုန်း တို့ ပါဝင်လာမည် ဖြစ်ပါကြောင်း၊ စုစုပေါင်းစက်တပ်ဆင်အင်အား ၈၁၁၈ မဂ္ဂါဝပ်ဖြစ်လာမည့် အချိန်တွင် Renewable Energy မှ ၅၄ ရာခိုင်နှုန်း၊ သန့်ရှင်းသည့် လောင်စာ (Clean Fuel) မှ ၄၅ ရာခိုင်နှုန်းအချိုးဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်သွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံတကာ၏ Renewable Energy နှင့် Climate Change ဆိုင်ရာမူဝါဒများကို လိုက်နာဆောင် ရွက်နိုင်ခဲ့ပြီး အာဆီယံ၏ Renewable Energy ဆိုင်ရာ မျှော်မှန်းချက်များကို ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ ခြင်းပင်ဖြစ်ပါကြောင်း၊ ပြည်သူလူထု အတွက် လတ်တလောအကျိုးအမြတ် အနေဖြင့် လျှပ်စစ်ဓာတ်အားရရှိမှု အချိုး (Electrification Ratio) ၅၈ ရာခိုင်နှုန်းကျော် ရရှိနေပြီဖြစ်ပြီး အမျိုးသားရေး ရည်မှန်းချက်ဖြစ်သည့် ၂၀၂၅ ခုနှစ်တွင် တစ်နိုင်ငံလုံး၏ ၇၅ ရာခိုင်နှုန်း လျှပ်စစ်ဓာတ်အားရရှိရန် အတွက် Renewable Energy ကဏ္ဍကို အရှိန်မြှင့်တင်ပေးမည်ဖြစ်ပါ ကြောင်း။

### အလေးထားပြောကြား

၂၀၂၂ ခုနှစ် မတ်လတွင် ရန်ကုန် တိုင်းဒေသကြီးတွင် လျှပ်စစ်ဓာတ်အား ရရှိမှု ၁၀၀ ရာခိုင်နှုန်းနှင့် မန္တလေးတိုင်း ဒေသကြီးတွင် လျှပ်စစ်ဓာတ်အားရရှိမှု ၇၅ ရာခိုင်နှုန်း ရှိမည်ဖြစ်ပါကြောင်း၊ ယနေ့ အစည်းအဝေးတွင် အထောက် အကူပြုလုပ်ငန်းအဖွဲ့များ (Working Group) (၈) ခု၏ သက်ဆိုင်ရာကဏ္ဍ အလိုက် လုပ်ငန်းအစီအစဉ်များနှင့် အနာဂတ် စီမံချက်များကို NREC အဖွဲ့ဝင်များသို့ တင်ပြသွားမည်ဖြစ် ပါကြောင်း၊ လုပ်ငန်းအဖွဲ့များ၏ အချိန်တိုအတွင်း ထူးခြားသည့် တိုးတက်မှုများရရှိအောင် နှစ်မြှုပ် ဆောင်ရွက်ခဲ့ကြသည်ကို ချီးကျူး ဂုဏ်ပြုလိုပါကြောင်း၊ ထို့အပြင် ယခု နှစ် နှစ်ကုန်ပိုင်းတွင် ဗြိတိန်နိုင်ငံတွင် ကျင်းပရန်ရှိသည့် COP 26 Climate Change Conference ၏ အကြို အစည်းအဝေးအဖြစ် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၂ ရက်၌ ကျင်းပခဲ့သည့် Climate Ambition Summit ထိပ်သီး အစည်းအဝေးတွင်လည်း နိုင်ငံတော် ၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ကာဗွန် လျှော့ချရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုများအတွက် Renewable Energy ကို သုံးစွဲမှု မြှင့်တင်ရေးတို့နှင့် ပတ်သက်၍မြန်မာနိုင်ငံ၏ကတိကဝတ် များကို အလေးထားပြောကြားခဲ့ပါ ကြောင်း။

၂၀၃၀ ပြည့်နှစ်တွင် ပြန်လည် ပြည့်ဖြိုးမြဲ စွမ်းအင်ပါဝင်မှုအချိုးကို ၃၉ ရာခိုင်နှုန်းထိ တိုးမြှင့်ရရှိရန်လည်း ကတိပြု ပြောကြားခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရေးဆွဲထားသော အမျိုးသားအဆင့် ရာသီဥတု ပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေ ဖြစ်စေရေးဆိုင်ရာ လုပ်ငန်းအစီအစဉ် (Nationally Determined Contribution–NDC) အရ ၂၀၃၀ ပြည့်နှစ်တွင် ကာဗွန်ဒိုင် အောက်ဆိုဒ် ထုတ်လွှတ်မှု တန်ချိန်ကို ၂၉၇ သန်းမှ ၁၄၄ သန်းသို့ လျှော့ချ သွားရန် ရည်မှန်းထားပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် မဟာ ဓာတ်အားလိုင်းစနစ်ကို တိုးချဲ့၍ လျှပ်စစ်ဓာတ်အားရရှိမှု အချိုး တိုးတက်အောင် ဆောင်ရွက်နေသကဲ့ သို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှလည်း Solar Mini–grid နှင့် Solar Home System (SHS) များ ကို ဝေးလံပြီး လူနေကျဲပါးသော ကျေးလက်ဒေသများ၌ ဆောင်ရွက် ပေးလျက်ရှိရာ National Electrification Rate တွင် ၅ ရာခိုင်နှုန်းခန့် တိုးမြှင့်ရရှိစေခဲ့ပါကြောင်း၊ စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနနှင့်ပူးပေါင်း၍ Floating Solar စီမံကိန်းကို လည်းကောင်း၊ စီမံ ကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီး ဌာနမှလည်း စက်မှုမြေများ၌ Solar Power Plant အကောင်အထည် ဖော်ရေးကိုလည်းကောင်း ရည်မှန်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ စွမ်းအင် ထိရောက်စွာအသုံးချရေး (Energy Efficiency) နှင့် ထိန်းသိမ်းရေး (Energy Conservation) တို့အတွက် အိမ်သုံးလျှပ်စစ် ပစ္စည်းများပေါ်တွင် Energy Efficiency Labeling ပြုလုပ် ရေးကိုလည်း တက်ကြွစွာ ပါဝင်ဆောင် ရွက်လျက်ရှိပါကြောင်း။

NREC ကော်မတီအနေဖြင့် ကိုဗစ်–၁၉ ကပ်ရောဂါကာလ အလွန် စီးပွားရေးပြန်လည် ထူထောင်ရေး လုပ်ငန်းစဉ်များတွင် အလုပ်အကိုင် များ ဖန်တီးရေးကို နိုင်ငံ့ခေါင်းဆောင် များ၏ လမ်းညွှန်ချက်များ၊ MSDP Strategy နှင့် CERP Guideline တို့နှင့် အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ NREC ကော်မတီ၏ အနာဂတ် ရည်မှန်းချက်များအတွက် လုပ်ငန်းစဉ်များကို လေးလေးနက်နက် ဆွေးနွေးမှုများမှ ကောင်းမွန်သော ရလဒ်များရရှိမည်ဟု ယုံကြည်ပါ ကြောင်း ပြောကြားသည်။

### ဝိုင်းဝန်းအကြံပြု ဆွေးနွေး

ဆက်လက်၍ NREC ကော်မတီ ဝင်များနှင့် အစည်းအဝေး တက်ရောက်လာသူများက မိမိတို့ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက် သွားမည့် အခြေအနေများနှင့်ပတ် သက်၍ ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ ကြပြီး အမျိုးသားအဆင့် ပြန်ပြည့်မြဲ စွမ်းအင်ဆိုင်ရာကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က နိဂုံးချုပ် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ သက်ဆိုင်ရာ ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန၊ လုပ်ငန်း၊ ကော်ပိုရေးရှင်းများမှ တာဝန် ရှိသူများအပြင် ရန်ကုန်မြို့တော်စည် ပင်သာယာရေးကော်မတီ မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ ကော်မတီဝင် ဒေါက်တာသစ်ဆင်း၊ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းဥက္ကဋ္ဌ ဒေါက်တာစုံဟန်၊ မြန်မာနိုင်ငံ ဗိသုကာ အသင်းဥက္ကဋ္ဌ ဦးမော်လင်း၊ မြန်မာ့ ပြန်ပြည့်မြဲစွမ်းအင်အသင်း ဗဟို ကော်မတီဝင် ဦးသန်းဌေး၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း တွဲဖက် အထွေထွေ အတွင်းရေးမှူးချုပ် ဦးအောင်သက်ပိုင်၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် တွဲဖက် အတွင်းရေးမှူး ဦးအေးထွန်းနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများကလည်း Online မှ တစ်ဆင့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

(၃) ကာကွယ်ရေးနှင့် နိုင်ငံခြားရေးဌာနများ ကို ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ကြားဖြတ်အစိုးရအဖွဲ့က အုပ်ချုပ်ခွင့်ရသည်။

(၄) ဗြိတိသျှလက်နက်ကိုင်တပ်များမှအပ မြန်မာနိုင်ငံ ကာကွယ်ရေးဆိုင်ရာ လက်နက် ကိုင်တပ်များကို ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ကြားဖြတ်အစိုးရက အုပ်ချုပ် ခွင့် ရသည်။

(၅) ဘဏ္ဍာရေးနှင့် စပ်လျဉ်း၍ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရသည်။

(၆) မြန်မာအစိုးရ ကိုယ်စားလှယ်အဖြစ် မဟာမင်းကြီးတစ်ဦး (High Commissioner) လန်ဒန်မြို့၌ ထားခွင့်ရသည်။

(၇) မြန်မာပြည်မနှင့် တောင်တန်းဒေသ များကို တစ်ပေါင်းတည်း လွတ်လပ်ရေးပေး ရန်အတွက် တောင်တန်းဒေသများ၏ ဆန္ဒယူရန် သဘောတူကြသည်။

(၈) အရွယ်ရောက်သူတိုင်း မဲပေးခွင့်ရှိ၍ ဤစနစ်ဖြင့် အရွယ်ရောက်သော ပြည်သူများက ရွေးကောက်တင်မြှောက်သော တိုင်းပြုပြည်ပြု လွှတ်တော်ခေါ်ရမည်။

(၉) တိုင်းပြုပြည်ပြုလွှတ်တော်က မြန်မာ နိုင်ငံ၏ အုပ်ချုပ်ရေးနှင့် အနာဂတ်ကို ဆုံးဖြတ် ရမည်။

(၁၀) မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂ တွင် အဖွဲ့ဝင်ဖြစ်ရေးအတွက် ဗြိတိသျှအစိုးရ က ထောက်ခံကူညီမည်။

အောင်ဆန်း– အက်တလီစာချုပ်ကို ချုပ်ဆို နိုင်ခဲ့ခြင်းသည် "တစ်ချက်ခုတ် နှစ်ချက်ပြတ်" ဖြစ်ခဲ့ရပါသည်။ ဗြိတိသျှအစိုးရက ၁၉၄၅ ခုနှစ် မေလတွင် ထုတ်ပြန်ခဲ့သည့် "မြန်မာနိုင်ငံဆိုင်ရာ စက္ကူဖြူစီမံကိန်း (ခေါ်) စက္ကူဖြူ အုပ်ချုပ်ရေး (Burma Statement of Policy by H. M Government)" ကို အောင်ဆန်း– အက်တလီ စာချုပ်က အလိုအလျောက် ပျက်သုဉ်းစေခဲ့၏။ ထို့အပြင် စာချုပ်ပါအတိုင်း တိုင်းပြုပြည်ပြု လွှတ်တော်ခေါ်ပြီး အချုပ်အခြာအာဏာပိုင်သမ္မတ နိုင်ငံကို ထူထောင်ခွင့်ရခဲ့၏။ (H. M သည် "His Majesty" ကို အတိုကောက်ရေးခြင်းဖြစ်၍ ဘုရင် ကို ခေါ်ဝေါ်သော အသုံးအနှုန်းဖြစ်သည်။ ဘုရင်မ ကို "Her Majesty")

"စက္ကူဖြူစာတမ်း (White Paper)" ဆိုသည် မှာ ၁၉၄၅ ခုနှစ် မေလ ၁၇ ရက်နေ့ တွင် ဗြိတိသျှ အစိုးရက မြန်မာပြည်၏ အနာဂတ်အတွက် တရားဝင်ထုတ်ပြန်လိုက်သော စာတမ်းဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဖက်ဆစ် ဆန့်ကျင်ရေးအဖွဲ့ (နောင်တွင် ဖဆပလ) သည် စက္ကူဖြူစာတမ်းပါ စီမံကိန်းကို ကန့်ကွက်သည်။ စက္ကူဖြူစာတမ်းကို အကောင်အထည်ဖော်ရန် တာဝန်ပေးအပ်ခံရသည့် ဘုရင်ခံ ဆာရက်ဂျင် နယ်ဒေါ်မန်စမစ် သည် ၁၉၄၅ ခုနှစ် ဇွန်လတွင် ရန်ကုန်သို့ တစ်ခေါက်လာခဲ့သည်။ ပြန်လည် ထွက်ခွာသွားပြီးနောက် အောက်တိုဘာလတွင် ထပ်မံရောက်ရှိလာပြန်သည်။ အကြေင်းမှာမူ ဖဆပလနှင့် ထိပ်တိုက်ရင်ဆိုင်ကာ ပဋိပက္ခ ဖြစ်ရသောကြောင့်တည်း။ ထိုပဋိပက္ခကြောင့် မြန်မာပြည်မှ အပြီးထွက်ခွာရန် ဗြိတိသျှတို့ ဆုံးဖြတ်လိုက်ပြီး ၁၉၄၆ ခုနှစ် ဇွန်လတွင် ဘုရင်ခံသည် ဗြိတိန်နိုင်ငံသို့ အပြီးတိုင် ပြန်သွား တော့သည်။

မှတ်ချက်– ဤဆောင်းပါးပါ ကဗျာသည် ဆောင်းပါးရှင်ကိုယ်တိုင် စပ်ဆိုထားသော ကဗျာ ဖြစ်ပါသည်။

*ဆက်လက်ဖော်ပြပါမည်*

---

❍ *ကျောဖုံးမှ*

ပါမောက္ခ ဒေါက်တာဌေးဌေးတင်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံရုံး Swiss Cooperation office Myanmar မှ Deputy Head of Cooperation Mrs. Rea Bonzi ၊ Roche Diagnostics Myanmar မှ General Manager Ms. Christina Yong နှင့် UNICEF Myanmar မှ မြန်မာနိုင်ငံဌာနေ ကိုယ်စားလှယ် Ms. June Kunugi တို့က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် Deputy Head of Cooperation Mrs. Rea Bonzi နှင့် General Manager Ms. Christina Yong တို့က ကိုဗစ်–၁၉ ရောဂါရှာဖွေ ရေးတွင် အသုံးပြုရန် Cobas Liat ဓာတ်ခွဲစက်ပစ္စည်း ခြောက်လုံးနှင့် ဆက်စပ်ဓာတ်ခွဲခန်းသုံးပစ္စည်း ၈၀၂၀ ကို ပေးအပ် လှူဒါန်းရာ ညွှန်ကြား ရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ဇော်သန်းထွန်းက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်သည်။

ဆွစ်ဇာလန်နိုင်ငံ Swiss Agency for Development and Cooperation (SDC)က လှူဒါန်းသည့် ကိုဗစ်–၁၉ ရောဂါ ရှာဖွေရေးသုံး Cobas Liat ဓာတ်ခွဲစက်ပစ္စည်း ခြောက်လုံးနှင့် ဆက်စပ်ဓာတ်ခွဲခန်းသုံးပစ္စည်း ၈၀၂၀ ၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၄၅၄၃၄ တန်ဖိုးရှိကြောင်း၊ ရခိုင် ပြည်နယ် မောင်တောမြို့၊ စစ်တွေမြို့၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ် မြို့နှင့် ကရင်ပြည်နယ် မြဝတီမြို့တို့ရှိ ဓာတ်ခွဲဌာနများသို့ ဓာတ်ခွဲစက်ပစ္စည်း တစ်ခုစီနှင့် ဆက်စပ်ဓာတ်ခွဲခန်းသုံး ပစ္စည်းများကို လည်းကောင်း၊ ကရင် ပြည်နယ် လှိုင်းဘွဲမြို့ ကျန်းမာရေးနှင့် ကယ်ဆယ်ရေးဌာနသို့ ဓာတ်ခွဲစက် ပစ္စည်းတစ်ခုနှင့် ဆက်စပ်ဓာတ်ခွဲ ခန်းသုံး ပစ္စည်းများကိုလည်းကောင်း ပေးအပ် လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ **သတင်း – ကိုကိုဇော် ဓာတ်ပုံ – ဇော်မင်းလတ်**

# မြန်မာနိုင်ငံဆေးကောင်စီ ဒုတိယလေးနှစ်သက်တမ်း၏ ပထမအကြိမ်ဗဟိုကောင်စီ အစည်းအဝေး (၁/၂၀၂၁) ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၉

**မြန်မာနိုင်ငံဆေးကောင်စီ ဒုတိယလေးနှစ်သက်တမ်း၏ ပထမအကြိမ် ဗဟိုကောင်စီအစည်းအဝေး (၁/၂၀၂၁) ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။** (အောက်ပုံ)



အစည်းအဝေးတွင် မြန်မာနိုင်ငံ ဆေးကောင်စီ နာယက၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြန်မာနိုင်ငံ ဆေးကောင်စီသည် မြန်မာနိုင်ငံ၏ ကျန်းမာရေးဝန်ဆောင်မှုကဏ္ဍ အဆင့်အတန်း မြင့်မားစေရေးနှင့် ဆေးပညာရှင်များ၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆေးပညာကဏ္ဍနှင့် ဆရာဝန်ထုတစ်ခုလုံးအတွက် အရေးကြီးသော အဖွဲ့ကြီးဖြစ်ပါကြောင်း။

## လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာ

မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ၂၀၁၅ ခုနှစ်တွင် အသစ်ပြဋ္ဌာန်းခဲ့ပြီး လွန်ခဲ့သောလေးနှစ်တာ သက်တမ်း၌ ဆောင်ရွက်ခဲ့သော လုပ်ငန်းအရပ်ရပ်ကြောင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍ တိုးတက်မှုများရှိလာသည်ကို တွေ့ရပါကြောင်း၊ မြန်မာနိုင်ငံ ဆေးကောင်စီဝင်ဟောင်းများကို မှတ်တမ်းတင်ဂုဏ်ပြုကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ၂၀၂၀ ပြည့်နှစ်တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး နာယက သုံးဦး၏ ကြီးကြပ်မှုဖြင့် အဖွဲ့ဝင် ၆၅ ဦး၊ အလုပ်အမှုဆောင်အဖွဲ့ဝင် ၂၀ တို့ဖြင့် ယခုဖွဲ့စည်းခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ ဆေးကောင်စီအနေဖြင့် လာမည့် လေးနှစ်တာသက်တမ်းတွင် ဆရာဝန်များ၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး၊ အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်ရန် စံချိန်စံညွှန်းများ သတ်မှတ်ခြင်းနှင့် ဆန်းစစ်ခြင်း၊ နိုင်ငံပိုင်ဆေးရုံများနှင့် ပုဂ္ဂလိကဆေးရုံများ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း ထိန်းသိမ်းမြှင့်တင်ရန်အတွက် စံချိန်စံညွှန်းများ သတ်မှတ်ထုတ်ပြန်ခြင်းနှင့် ဆန်းစစ်ခြင်း၊ ဆေးပညာသင်ကြားမှု အဆင့်အတန်းမြင့်မားစေရေးနှင့် အရည်အသွေးပြည့်ဝသော ဆေးပညာရှင်များ ပိုမိုပေါ်ပေါက်စေရေးအတွက် ပြောင်းလဲလာသော ဆေးပညာသင်ကြားရေးစနစ်များကို လေ့လာသုံးသပ်ပြီး ဆေးတက္ကသိုလ်များနှင့် ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ခြင်းနှင့် အကြံပြုခြင်း၊ ဆေးပညာစဉ်ဆက်မပြတ် သင်ကြားရေးကိစ္စရပ်များအတွက် ဝန်ကြီးဌာန၊ ဆေးတက္ကသိုလ်များ၊ မြန်မာနိုင်ငံ ဆေးပညာရှင်အသင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် ဆေးပညာ ဘာသာရပ်ဆိုင်ရာအဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ခြင်း၊ ဆရာဝန်များလိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများအား လိုက်နာရန်ကြီးကြပ်ခြင်း စသည့်လုပ်ငန်းများကို ဦးစားပေး၍ ပိုမိုဆောင်ရွက်စေလိုပါကြောင်း။

အဆိုပါ လုပ်ငန်းကိစ္စရပ်များကို ဆောင်ရွက်ရန် သက်ဆိုင်ရာကော်မတီ ၁၀ ခု၏ အဖွဲ့ဝင်များကို ရွေးချယ်ဖွဲ့စည်းရာတွင် ဆေးတက္ကသိုလ် ငါးခုအပါအဝင် ဝန်ကြီးဌာနရှိ တက္ကသိုလ် ၁၆ ခုနှင့် ဝန်ကြီးဌာနရှိ ဦးစီးဌာန ခုနစ်ခုတို့မှ ပညာရှင်များပါဝင်စေရန် သေချာစွာစိစစ်ရွေးချယ်ဖွဲ့စည်းစေလိုပါကြောင်း၊ ထိုသို့ စိစစ်ရွေးချယ်ရာတွင် လုပ်ငန်းအမှန်တကယ် စိတ်ပါဝင်စားမှုရှိပြီး ရှေ့သို့မျှော်မှန်း တွေးဆနိုင်စွမ်းရှိသူ၊ ကျိုးကြောင်းဆီလျော်စွာ ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသူ၊ လက်တွေ့မြေပြင်အခြေအနေများကို သိရှိသူ၊ ဆန်းသစ်သော အတွေးအမြင်များဖြင့် ဆောင်ရွက်နိုင်သူ၊ အခြေအနေအရပ်ရပ်ကို သိမြင်တွက်ဆနိုင်စွမ်းရှိသူနှင့် ပရဟိတစိတ်ရှိသူများကို ရွေးချယ်စေလိုပါကြောင်း။

မြန်မာနိုင်ငံဆေးကောင်စီကို အတွေ့အကြုံ အလွန်မြင့်မားသည့် ပညာရှင်ကြီးများဖြင့် ဖွဲ့စည်းထားသည်ဖြစ်၍ ဆေးလောကကို ယခုထက်ပိုမိုတိုးတက်ပြောင်းမြောက်စေရေးနှင့် ဆေးပညာရှင်များ ကျင့်ဝတ်များကို ပိုမိုသိရှိလိုက်နာစေရေးတို့ကို ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ဆရာဝန် ကျင့်ဝတ်များကို အမြဲတမ်းနှလုံးသွင်းလိုက်နာစေရန်အတွက် ဝန်ကြီးဌာနအနေဖြင့် နည်းမျိုးစုံဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

## ဆေးပညာလောကအခြေအနေ

မြန်မာနိုင်ငံဆေးကောင်စီ၊ အဖွဲ့ဝင်များအနေဖြင့် မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို အပြန်ပြန်အလှန်လှန် ကျေညက်စွာဖတ်ရှုခြင်းနှင့် ဆွေးနွေးခြင်းတို့ဖြင့် မိမိတို့၏ အခန်းကဏ္ဍနှင့် လုပ်ဆောင်ရမည့် လုပ်ငန်းများကို ပိုမိုသိရှိကာ ကောင်စီ၏လုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဟု မိမိယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံ ဆေးကောင်စီ၏ လုပ်ငန်းများသည် ဖွံ့ဖြိုးပြီးနိုင်ငံကြီးများတွင် ဆောင်ရွက်နေသည့် ပုံစံများအတိုင်းဆောင်ရွက်၍ မရနိုင်ဘဲ မြန်မာနိုင်ငံ၏ အရင်းအမြစ်များ အခြေအနေ၊ မြန်မာနိုင်ငံ ဆေးပညာလောကတွင် ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်တို့နှင့် ကိုက်ညီမှုရှိစေရန်ကိုလည်း သတိပြုရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံဆေးကောင်စီ၏ ဆေးကုသခွင့် လိုင်စင်အမျိုးအစားအလိုက် လိုင်စင်ပြုလုပ်ခြင်း၊ သက်တမ်းတိုးခြင်းနှင့် အခြားလုပ်ငန်းများ အားလုံးကို ခေတ်မီအီလက်ထရွန်နစ်စနစ်၊ အင်တာနက်ကွန်ရက်တို့ကိုအသုံးပြုကာ ဆောင်ရွက်စေလိုပါကြောင်း။

သက်ဆိုင်ရာ ဆေးပညာဘာသာရပ်အလိုက် ပညာရှင်များပါဝင်ဖွဲ့စည်းထားသော ဘုတ်အဖွဲ့များမှ ဆေးပညာဘာသာရပ်အလိုက် အသိအမှတ်ပြု (board certified) အထူးကုဆရာဝန်များအဖြစ် သတ်မှတ်နိုင်ရေးကိုလည်း အမြန်ဆုံး ပိုင်းဝန်းဆွေးနွေးပြီး ဆောင်ရွက်စေလိုပါကြောင်း၊ မြန်မာနိုင်ငံ ဆေးကောင်စီသည် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုအရည်အသွေးမြင့်မားစေရေးကို ဦးတည်ဆောင်ရွက်ခြင်းဖြစ်ပြီး ဆေးပညာရှင်များ အရည်အသွေးပြည့်ဝမှုနှင့် ကျင့်ဝတ်လိုက်နာဆောင်ရွက်မှုတို့ကို ထိန်းသိမ်းမြှင့်တင်နေခြင်းဖြစ်သဖြင့် နိုင်ငံတော်၊ ပြည်သူများနှင့် ဝန်ကြီးဌာနတို့အတွက် အကျိုးရှိ၍ အရေးကြီးသည့် အဖွဲ့ကြီးဖြစ်ပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးနှင့် အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်ခြင်းမှ တစ်ဆင့် ဆေးပညာလောကကြီးတစ်ခုလုံး ယခုထက်ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် စည်းလုံးညီညွတ်စွာဖြင့် ဆက်လက်ဆောင်ရွက်သွားစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆေးကောင်စီ နာယကအဖွဲ့ဝင် ပါမောက္ခ ဒေါက်တာအက်စ်ကျော်လှက မြန်မာနိုင်ငံဆေးကောင်စီ ဒုတိယလေးနှစ်သက်တမ်းအတွက် ကောင်စီအဖွဲ့ဝင်များနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ ရွေးချယ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး နာယကအဖွဲ့ဝင် ပါမောက္ခ ဒေါက်တာမောင်မောင်ဝင့်က မြန်မာနိုင်ငံဆေးကောင်စီ ဒုတိယ လေးနှစ်သက်တမ်းအတွက် ရွေးချယ်ခြင်းခံရသော အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ အမည်စာရင်းကို ဖတ်ကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆေးကောင်စီ ဒုတိယလေးနှစ်သက်တမ်းအတွက် ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခန့်အပ်ခြင်းခံရသူ ပါမောက္ခ ဒေါက်တာခင်မောင်အေးက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ ဆေးကောင်စီ၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အကျဉ်းချုပ် ရှင်းလင်းတင်ပြရာ မြန်မာနိုင်ငံဆေးကောင်စီက ဆောင်ရွက်နေသော အဓိကလုပ်ငန်းများတွင် ဆရာဝန်များအတွက် အထွေထွေရောဂါကုလိုင်စင်နှင့် အထူးကုလိုင်စင်များ ထုတ်ပေးခြင်း၊ ပြည်ပမှ ဆေးပညာဘွဲ့ရရှိသူများကို ဆေးကုသခွင့်လိုင်စင်ထုတ်ပေးနိုင်ရန်အတွက် Myanmar Medical Licensing Examination ကို တစ်နှစ် နှစ်ကြိမ် အနည်းဆုံး ကျင်းပပြုလုပ်ပေးခြင်း၊ ကျင့်ဝတ်နှင့်ပတ်သက်သော တိုင်ကြားစာများ လက်ခံရရှိပါက (သို့မဟုတ်) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက လွှဲပြောင်းပေးပို့သော ကျင့်ဝတ်သိက္ခာဆိုင်ရာ ပြဿနာကိစ္စရပ်များကို မှန်/ မမှန် စုံစမ်းစစ်ဆေးရခြင်းနှင့် လိုအပ်သလို အရေးယူ ဆောင်ရွက်ဖြေရှင်းပေးရခြင်းတို့အပြင် ဆေးပညာသင်ကြားရေးနှင့် ကုသရေးလုပ်ငန်းများ စံချိန်စံညွှန်း ပြည့်မီစေရေးအတွက် တရားဝင် အသိအမှတ်ပြုရေးကော်မတီ (Accreditation Committee) ဖွဲ့စည်းဆောင်ရွက်နေပါကြောင်း။

## ဆေးကုသခွင့်လိုင်စင်

မြန်မာနိုင်ငံဆေးကောင်စီသည် ဆေးပညာလောကနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ညီနောင်အသင်းများဖြစ်သည့် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့နှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်းတို့နှင့် အဓိကပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ မြန်မာနိုင်ငံဆေးကောင်စီအနေဖြင့် လာမည့်ကာလများတွင် အခြားနိုင်ငံများနည်းတူ ဆေးကုသခွင့်လိုင်စင်ထုတ်မပေးမီတွင် စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေး အစီအစဉ်များ (Continuing Medical Education)ကို တက်ရောက်သင်ကြားပြီးစီးမှု အဆင့်အမှတ် (credit) များဖြင့် ဆန်းစစ်ပြီး ထုတ်ပေးသည့်စနစ်ကို ကျင့်သုံးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော မြန်မာနိုင်ငံဆေးကောင်စီအဖွဲ့ဝင်များက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မိမိအနေဖြင့် မြန်မာနိုင်ငံဆေးကောင်စီကို အထူးအားကိုးယုံကြည်လေးစားသကဲ့သို့ အလုပ်အမှုဆောင်များနှင့် ဆေးကောင်စီအဖွဲ့ဝင်များအနေဖြင့် မြန်မာနိုင်ငံ ဆေးလောကတစ်ခုလုံးကို တိုးတက်အောင် ဆောင်ရွက်နေခြင်းဟူသော အသိစိတ်ဓာတ်ကိန်းဝပ်ကာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဆက်လက်ဆောင်ရွက်စေလိုပါကြောင်း၊ ထိုသို့ဆောင်ရွက်ပါက နောက်ဆုံးအကျိုးကျေးဇူးရှိမည့်သူများမှာ ပြည်သူများဖြစ်ပြီး ပြည်သူများအားလုံးသည် အရည်အသွေးပြည့် ကျန်းမာရေးဝန်ဆောင်မှုများကို ရရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။ **သတင်းစဉ်**



ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်၌ ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအကြိမ်အဖြစ် မိုင်းခတ်မြို့နယ် ပြည်သူ့ဆေးရုံ ၌ ဇန်နဝါရီ ၂၈ ရက်က စတင်ထိုးနှံပေးစဉ်။

မိုးဒေ(ပြန်/ဆက်)



ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်မြို့နယ် ပြည်သူ့ဆေးရုံ၌ ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဇန်နဝါရီ ၂၈ ရက်က ထိုးနှံပေးစဉ်။

မြနန်း(ပြန်/ဆက်)

# ဒလတွင် ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး

**ရန်ကုန် ဇန်နဝါရီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ် ဆေးစတင်ထိုးနှံပေးခြင်းကို ယနေ့နံနက် ၉ နာရီက ဆောင်ရွက်သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းကို ဒလမြို့နယ် ပြည်သူ့ဆေးရုံတွင် ထိုးနှံပေးခြင်းဖြစ်ပြီး ဒလမြို့နယ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်း ၁၃၃ ဦးအား ထိုးနှံပေးမည်ဖြစ်သည်။ ကာကွယ်ဆေးထိုးနှံမည့် ကျန်းမာရေးဝန်ထမ်းများအား ကာကွယ်ဆေးမထိုးမီ ကျန်းမာရေးစစ်ဆေးပေးပြီးမှ ဆေးထိုးပေးခြင်းဖြစ်သည်။



ဒလမြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်းကို ပထမအဆင့်အနေဖြင့် ကျန်းမာရေးဝန်ထမ်းများအား ထိုးနှံပေးမည်ဖြစ်ပြီး ဒုတိယအဆင့်တွင် စေတနာ့ဝန်ထမ်းဆောင်ရွက်သူများအား ထိုးနှံပေးမည်ဖြစ်ကြောင်း၊ ကျန်သည့်အဆင့်များတွင် သက်ဆိုင်ရာမှ ညွှန်ကြားသည့်အတိုင်း ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**မောင်ယဉ်ဦး(ဒလ)**

# ငါးများများစားသုံးရေး သမဝါယမကကူညီပေး

## K ဇင်သစ်( မန်းတက္ကသိုလ်)

**အချိန်ကား ၁၉၅၃ ခုနှစ် ဇန်နဝါရီလ၊ ငါးပွဲစားများ၏ လက်ဝါးကြီးအုပ်ခြယ်လှယ်မှုကို ဖြေရှင်းရန်အလို့ငှာနှင့် ငါးစားသုံးသူပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေးဦးတည်၍ ရန်ကုန်မြို့ကမ်းနားလမ်းရှိ ငါးလက်ကားရောင်းဝယ်ရာဌာနဖြစ်သော ရာဇူဒိုင်များအား ငါးစုပေါင်းရောင်းဝယ်ရေး သမဝါယမ အသင်းသို့ လွှဲပြောင်းပေးခဲ့သည့် အတိတ်၏ သမဝါယမပုံရိပ်က ယနေ့မျက်မှောက်ခေတ်တွင် ရောင်ပြန်ဟပ်နေသည့်အလား ခံစားနေမိပါသည်။**

အခြေခံအင်း အသင်းများသာမက ငါးစုပေါင်းရောင်းဝယ်ရေးသမဝါယမ အသင်းနှင့် တိုက်ရိုက်ဆက်သွယ်သည့်တံငါသည်များအားလုံးလည်း အကျိုးစီးပွားဖြစ်ထွန်းခဲ့ကြသလို ငါးဖမ်းသူနှင့် ငါးမွေးမြူသူများသို့ လိုအပ်သော ငါးဖမ်းကိရိယာ၊ ထုပ်ပိုးပစ္စည်းစသည့် လိုအပ်မှုများအတွက် နိုင်ငံတော်အစိုးရ၏ ငွေကြေးထောက်ပံ့ပေးမှုဖြင့် ငါးစုပေါင်းရောင်းဝယ်ရေး သမဝါယမအသင်းက ပံ့ပိုးဖြည့်ဆည်းထောက်ပံ့ခဲ့မှုများကြောင့် ငါးဖမ်းသူတံငါသည်များ ပီတိဖုံးခဲ့သည့်သမိုင်းဖြစ်စဉ်များ တစ်ကျော့ပြန်လည်ဦးမော့လာသည့်သဖွယ် တွေ့မြင်နေရပါသည်။

မျက်မှောက်ခေတ်သမဝါယမဖွဲ့စည်းမှုသဏ္ဌာန်အရ ငါးစုပေါင်းရောင်းဝယ်ရေး သမဝါယမအသင်းကဲ့သို့ အသင်းများဖွဲ့စည်းခြင်းမပြုဘဲ လက်ရှိတည်ဆဲသမဝါယမများ၏ စုပေါင်းအားဖြင့် ငါးမွေးမြူဖမ်းဆီးသူများ အဆင်ပြေချောမွေ့စေရေးနှင့် ကိုဗစ်-၁၉ ကာလအတွင်း ပြည်သူများ ငါးမျိုးစုံကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေးသမဝါယမကဏ္ဍမှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ဖြန့်ဖြူးမှုကို အလျားလိုက်- ဒေါင်လိုက်ချိတ်ဆက်မှုများဖြင့် ဟန်ချက်ညီစွာ လုပ်ဆောင်နေသည်ကို နေ့စဉ်ထုတ်သတင်းစာများ၊ Media များတွင် တွေ့မြင်နေရပါသည်။

သမဝါယမကဏ္ဍမှ ဆောင်ရွက်နေမှုများသည် ငါးမွေးမြူ ထုတ်လုပ်ရောင်းချသူများ၏ အခက်အခဲကို ကူညီပေးလိုခြင်း၊ ပြည်သူများ ငါးစားသုံးခြင်းကြောင့် ကျန်းမာရေးကောင်းမွန်လာစေခြင်းနှင့် ပြည်သူများဈေးနှုန်းမှန်၊ ပစ္စည်းမှန် ဝယ်ယူစားသုံးနိုင်ရေး ရပ်ကွက်/ကျေးရွာအရောက်၊ မြို့နယ်အရောက်၊ အိမ်အရောက်- ဆိုင်အရောက် သမဝါယမကွန်ရက်ချိတ်ဆက်မှုဖြင့် ဝိုင်းဝန်းကူညီ ပေါင်းစပ်ပါဝင်ဆောင်ရွက်နေခြင်းဖြစ်ပေသည်။

### အခက်အခဲကြုံတွေ့နေကြရ

ငါးလုပ်ငန်းဦးစီးဌာန၏ ၂၀၁၉ ခုနှစ် စာရင်းအချက်အလက်အရ နိုင်ငံအတွင်း ငါးမွေးကန် ၂ ဒသမ ၄၈ သိန်းဧက၊ ပုစွန်မွေးကန် ၂ ဒသမ ၄၄ သိန်းဧကတို့မှ မွေးမြူရေးပိဿာ ၇ ဒသမ ၅ သိန်းခန့် နေ့စဉ်ပုံမှန်ထုတ်လုပ်လျက်ရှိပြီး ပြည်တွင်းစားသုံးမှု ပိဿာခြောက်သိန်းခန့်ရှိကာ တရုတ်၊ ထိုင်းကဲ့သို့ အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၅၄ နိုင်ငံသို့ ပိဿာ ၁ ဒသမ ၅ သိန်းခန့် တင်ပို့ရောင်းချနိုင်ခဲ့ပါသည်။ ကိုဗစ်-၁၉ ကာလအတွင်း ပြည်တွင်းစားသုံးသူမှာပျမ်းမျှ ၆၀-၆၅ ရာခိုင်နှုန်းခန့်သာရှိနေခြင်းကြောင့် လည်းကောင်း၊ ပြည်ပတင်ပို့မှု လျော့နည်းလာခြင်းကြောင့်လည်းကောင်း ငါးမွေးမြူရေးလုပ်ငန်းရှင်များ အခက်အခဲကြုံတွေ့နေကြရပါသည်။

ငါးဖော်ထုတ်ရောင်းချမည့်အချိန်လည်း ရောက်နေသည့်အတွက် ကန်များအတွင်း ငါးကြီးထွားမှုရှိနေခြင်းနှင့် နေ့စဉ်ငါးစာဖိုးကုန်ကျစရိတ်များကို တောင့်ခံနိုင်စွမ်းမရှိတော့သည့် အနေအထားများနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။ တစ်ဖက်တွင်လည်း ငါးမွေးကန်များက လက်ကားရောင်းဈေးနှုန်းကို ထုတ်လုပ်မှုစရိတ်ကာမိရုံဖြင့်သာ ရောင်းချလျက်ရှိနေသော်လည်း စားသုံးသူပြည်သူများအနေဖြင့် လက်လီဈေးနှုန်းတွင် ဈေးနှုန်းကြီးမြင့်စွာ ဝယ်ယူစားသုံးနေရသည့် အခြေအနေလည်းရှိနေကြောင်း သိရှိရပါသည်။

ယင်းအခြေအနေများကို တတ်စွမ်းသည့်ဘက်မှ သမဝါယမကဏ္ဍက ဖြည့်ဆည်းကူညီပေးလျက်ရှိရာ တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း ငါးမွေးကန်များအရောက်သွားရောက်၍ သက်ဆိုင်ရာငါးမွေးမြူသူများ၏ ရောင်းချနိုင်သည့်ဈေးနှုန်းကို ချိန်ညှိ၍ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအရောက် သမဝါယမအသင်းအဆင့်အဆင့်လမ်းကြောင်းမှ ဖြန့်ဖြူးကူညီဆောင်ရွက်ပေးနေခြင်းကြောင့် ရေထွက်ကုန်ပစ္စည်းမွေးမြူလုပ်ကိုင်နေကြသူများအဖို့ ရေရှည်စဉ်ဆက်မပြတ်လုပ်ကိုင်နိုင်ရေးတွင် အထောက်အကူပြုနိုင်မည်ဟု ယူဆမိပါသည်။

### ငါးများများ စားဖို့လည်း လိုအပ်

ကျန်းမာရေးရှုထောင့်မှကြည့်လျှင် ပြည်သူများအနေဖြင့် ငါးများများ

**သမဝါယမကဏ္ဍမှတိုင်းဒေသကြီး/ပြည်နယ်များရှိ ငါးဝယ်ယူရောင်းချမှုစာရင်း (၂၉-၁၂-၂၀၂၀) ရက်နေ့မှ (၂၀-၁-၂၀၂၁) ရက်နေ့အထိ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | ငါး အမျိုးအစား | ဈေးနှုန်း (ကျပ်) | ပိဿာ | သင့်ငွေ (ကျပ်) |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၃ | ငါးကြင်းဖြူ/ ပုဇွန် | ၆၅၀၀ မှ ၁၃၀၀၀ | ၆၇၄ | ၅၀၉၂၀၀၀ |
| ၂ | တနင်္သာရီ | ၄ | ပလာတူး/ငါးနီလေး/ငါးခေါင်းပွ/ မြီးဝါငါး/ကုလားငှ/ကကတစ် | ၂၀၀၀ မှ ၇၅၀၀ ထိ | ၁၅၇၀ | ၆၀၁၄၀၀၀ |
| ၃ | ပဲခူး | ၃ | ငါးမုတ်/ငါးတန်/ ငါးမြစ်ချင်း | ၃၂၀၀ မှ ၄၀၀၀ ထိ | ၇၀၆၄.၄ | ၂၄၁၂၃၃၅၀ |
| ၄ | မန္တလေး | ၆ | ငါးတန်(သေး)/ငွေရောင်(ဗိုက်ခွဲ)/ ငွေရောင်/ ငါးမြစ်ချင်း(ဗိုက်ခွဲ) | ၂၀၀၀ မှ ၃၄၀၀ ထိ | ၅၀၀ | ၁၂၈၀၀၀၀ |
| ၅ | မွန် | ၁၀ | ငါးပြား/ငါးရွှေ/ ငါးပုတ်သင်/ ငါးပျက်/ ငါးကြင်း/ ရွှေငါးကြီး/ ငါးဖယ်/ငါးရံ့/ငါးရောင်/ငါးပုဏ္ဏား/ ငါးခူ/ကပ်ဘီလူး/ ငါးသလောက် | ၁၈၀၀ မှ ၆၆၀၀ ထိ | ၆၄၂၈ | ၂၂၅၁၃၀၀၀ |
| ၆ | ရခိုင် | ၅ | ပလာတူး/ငါးကွင်းရှပ်/ ငါရှူးနေ/ ငါးရွှေ/ ကျောက်ငါး/ ငပိ/ ငါးနီတူခြောက်/ ငါးပုဏ္ဏား/ ငါးရောင်/ငါးအုန်းခြောက် | ၂၀၀၀ မှ ၁၃၀၀၀ ထိ | ၈၉၂ | ၄၃၁၇၅၀၀ |
| ၇ | ရန်ကုန် | ၁၁ | ငါးမြစ်ချင်း | ၂၃၅၀ မှ ၂၇၀၀ ထိ | ၁၄၄၀ | ၃၆၁၇၀၀၀ |
| ၈ | ရှမ်း | ၅ | ငါးခုံးမ/ ငပိ /တီလားပီးယား/ ငါးလုံး/ ငါးနီတူခြောက်/ငါးပုတ်သင်ခြောက်/ | ၂၀၀၀ မှ ၁၃၀၀၀ ထိ | ၅၂၀ | ၂၄၃၈၆၀၀ |
| ၉ | ဧရာဝတီ | ၆ | ငါးမုတ်/ပင်လယ်မျိုးစုံ/ ငါးခေါင်းပွ/ ရွှေငါးကြင်း/ ငါးမြစ်ချင်း | ၁၈၀၀ မှ ၄၃၀၀ ထိ | ၄၆၆၅ | ၁၁၆၂၆၀၀၀ |
| ၁၀ | နေပြည်တော် | ၈ | ငါးကြင်းဖြူ/ ပုဇွန် | ၅၅၀၀ | ၆၁၉ | ၃၄၀၂၆၀၀ |
| | စုစုပေါင်း | ၆၁ | | | ၂၄၃၇၂.၄ | ၈၄၄၂၄၀၅၀ |

စားရန်လည်း လိုအပ်လှပါသည်။ ငါးစားသုံးခြင်းကြောင့် ဦးနှောက်ကို အကျိုးပြုသည်၊ နှလုံးကို ကျန်းမာစေသလို ခန္ဓာကိုယ်ကျန်းမာရေးအတွက် အရေးပါသည်၊ စိတ်ဓာတ်ကျဆင်းမှုကို ကာကွယ်နိုင်ခြင်း၊ အမြင်အာရုံနည်းလာခြင်းကို ကာကွယ်ပေးနိုင်ခြင်း၊ နှစ်ခြိုက်စွာ အိပ်ပျော်စေနိုင်ခြင်း စသည့်ကောင်းကျိုးများစွာကို ရရှိနိုင်ပေသည်။ ငါးတွင် ဗီတာမင်ဒီနှင့် ဘီ -၂ များ ကြွယ်ဝစွာပါဝင်သည့်အပြင် သံ၊ ဇင့်၊ အိုင်အိုဒင်း၊ မဂ္ဂနီဆီယမ်၊ ပိုတက်ဆီယမ်သတ္တုဓာတ်များ ပါဝင်သည့်အတွက် ငါးများများစားသုံးသူများ ဉာဏ်ရည်ရွှင်၍ လူတော်များ ဖြစ်နေကြသည်ဆိုတာကလည်း ငြင်းဖွယ်မရှိပါ။ အချို့သော ပြည်သူများအနေဖြင့် ငါးစားချင်သော်လည်း အလွယ်တကူဝယ်ယူ၍ မရနိုင်ခြင်းနှင့်စားသုံးလိုသည့် ငါးအမျိုးအစားနှင့် ဈေးနှုန်းကြီးမြင့်မှုများကြောင့် ငါးစားချင်သော်လည်း မစားရနိုင်သည့် အခြေအနေများလည်း ရှိနိုင်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းငါးစားသုံးမှု တိုးပွားလာရေး နည်းလမ်းအသွယ်သွယ်ဖြင့် ကြိုးပမ်းဆောင်ရွက်နေသလို ပြည်ပသို့ ငါးအပါအဝင်ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရောင်းချပြီး နိုင်ငံခြားဝင်ငွေရရှိအောင် အစဉ်တစိုက်အားထုတ်လျက်ရှိနေပါသည်။

၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်းကာလများတွင် ပြည်ပတင်ပို့မှုယခင်နှစ်များထက် ပိုမိုတင်ပို့နိုင်ခဲ့ခြင်းကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၈၆၀ ခန့်အထိ တင်ပို့နိုင်ခဲ့သော်လည်း ကိုဗစ်-၁၉ ကာလရှည်ကြာလာသည်နှင့်အမျှ ပြည်ပတင်ပို့မှုမှာ လျော့နည်းကျဆင်းလာခဲ့ရပါသည်။ ရေထွက်ကုန်ပစ္စည်းများ ပြည်ပတင်ပို့ခွင့် အခွင့်အလမ်းအပေါ် မွေးမြူထုတ်လုပ်ရောင်းချသူများ အခက်အခဲများစွာကြုံတွေ့နေရသည်ကို စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုများအရ သမဝါယမဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့က ညှိနှိုင်းပူးပေါင်းပြီး သမဝါယမအသင်းများနှင့် ချိတ်ဆက်ကာ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ မြို့နယ်အဆင့် ရေထွက်ကုန်ပစ္စည်းရောင်းချရေးကော်မတီများ ဖွဲ့စည်းပြီး ပြည်သူများအတွက် ငါးများများစားသုံးနိုင်ရေး ငါးဈေးကားများဖြင့် ရပ်ကွက်၊ ကျေးရွာအရောက် ဖြန့်ဖြူးရောင်းချပေးနေမှုများဖြင့် ပါဝင်ကူညီဖြည့်ဆည်းပေးနေသည်ဟု မှတ်ယူ၍ရနိုင်ပါသည်။ တစ်ဖက်မှာလည်း စီးပွားရေးသံမှူးများနှင့် ချိတ်ဆက်၍ ပြည်ပငါးဈေးကွက် တိုးမြှင့်ရှာဖွေ ဆောင်ရွက်လျက်ရှိပါသည်။

### တစ်ဖက်တစ်လမ်းမှ ကူညီဖြေရှင်းပေးနေ

ရေထွက်ကုန်ပစ္စည်းများ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပတင်ပို့မှု လျော့နည်းခြင်းကိုကုစားရန်နှင့် ပြည်တွင်းတွင် ငါးစားသုံးမှု ပိုမိုတိုးတက်လာစေရန်အတွက် ငါးစားသုံးသည့်အလေ့အထနှင့် ငါးစားသုံးခြင်းကြောင့် ရရှိလာသော ကျန်းမာရေးကောင်းမွန်မှုများကို မီးမောင်းထိုးပြကာ အသိပညာပေးမှုများ ပြုလုပ်လျက်ရှိနေသည်ကိုလည်း တွေ့ရပါသည်။ တစ်ဖက်တွင်လည်း ငါးခြောက်၊ ပုစွန်ခြောက်၊ ငါးပိ- ပုစွန်ငါးပိ၊ ငါးချဉ်၊ ငံပြာရည်၊ ငါးအသားလုံး၊ ငါးအူချောင်း စသည့်တာရှည်ခံနိုင်သော အသွင်ပြောင်းရေထွက်ကုန်ပစ္စည်းများထုတ်လုပ်နိုင်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနမှ နည်းပညာပေးမှုများ ဆောင်ရွက်လျက်ရှိနေသည်ကလည်း လတ်တလောဖြစ်ပေါ်နေသော ရေထွက်ကုန်ပစ္စည်းမွေးမြူထုတ်လုပ်နေသူများအတွက် တစ်ဖက်တစ်လမ်းမှ ကူညီဖြေရှင်းပေးနေခြင်းဟု မှတ်ယူ၍ ရနိုင်ပေသည်။

သမဝါယမကဏ္ဍက ရေထွက်ကုန်ပစ္စည်းဖြန့်ဖြူးရောင်းချမှုအနေဖြင့် သမဝါယမအသင်းပိုင်ငါးကန် ၂၇၆ ကန် (၉၁၀ ဒသမ ၆၁) ဧကအပါအဝင် မွေးမြူရေးလုပ်ငန်းရှင်များ၏ ငါးကန်များမှ ဖော်ထုတ်ခဲ့သည့် ငါး၊ ပုစွန်များကို စားသုံးသူ ပြည်သူများလက်ဝယ်ရောက် Door to Door စနစ်ဖြင့် ရောင်းချဖြန့်ဖြူးပေးခြင်း၊ အသင်းပိုင်/အသင်းသားပိုင် ငါးကန်များမှဖော်ထုတ်လာသည့် ငါးများကို ရန်ကုန်မြို့ရှိ ငါးဒိုင်များသို့ တင်ပို့ရောင်းချခြင်း၊ ငါးအထွက်နည်းသည့် မြန်မာနိုင်ငံအလယ်ပိုင်း၊ မြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများသို့ ရန်ကုန်မြို့ရှိ ငါးကုန်စည်ဒိုင်များမှ ဝယ်ယူ၍ ဖြန့်ဖြူးပေးခြင်း၊ သမဝါယမအသင်းစုချုပ် အချင်းချင်းချိတ်ဆက်မှာယူပြီး ရောင်းချပေးခြင်းတို့ဖြင့် ပြည်သူများငါးများများ စားသုံးနိုင်ရေးနှင့် ငါးမွေးမြူသူလုပ်ငန်းရှင်များအား တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန် လုပ်ဆောင်လျက်ရှိကြောင်း သိရှိရပါသည်။

ခေတ်မီနည်းပညာများ အသုံးပြုနိုင်လာခြင်းကြောင့် လယ်ယာထွက်ကုန်သီးနှံများနှင့် ရေထွက်ကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ခြင်းများရှိခဲ့ရာ ပြည်တွင်း စားသုံးမှုဖူလုံစေရေးနှင့် စားသုံးသူများလွယ်လင့်တကူဝယ်ယူစားသုံးနိုင်ရေးသမဝါယမကဏ္ဍမှတတ်စွမ်းသမျှ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနေသည်ကား လက်တွေ့ဆန်လွန်းလှပေသည်။ ရေထွက်ပစ္စည်းများအား တန်ဖိုးမြင့်ထုတ်ကုန် Value added ဆောင်ရွက်နိုင်ရေးနှင့် ငါးပိ- ငါးခြောက်၊ ပုစွန်ခြောက်၊ ငံပြာရည်များကို သမဝါယမအသင်းအချင်းချင်း ချိတ်ဆက်၍ ပြည်သူများအား ရောင်းချပေးနိုင်ရေး ဆောင်ရွက်နေမှုများကလည်း လတ်တလောကာလဖြစ်ပေါ်နေမှုများအတွက်သာမက ရေရှည်အကျိုးဖြစ်ထွန်းစေမည်မှာ မုချကေန်ပင်ဖြစ်ပါသည်။

နိုင်ငံအတွင်းငါးစားသုံးမှုကိုလေ့လာကြည့်ပါက နိုင်ငံအောက်ပိုင်းဒေသများတွင် လူတစ်ဦးချင်းတစ်နှစ်လျှင် ငါးစားသုံးမှုမှာပျမ်းမျှ ၂၂ ကီလိုဂရမ်ခန့် စားသုံးလေ့ရှိပြီး အထက်ပိုင်းနေပြည်သူတစ်ဦးချင်းအနေဖြင့် တစ်နှစ်လျှင် ငါးစားသုံးမှုမှာပျမ်းမျှ ၈ ဒသမ ၅ ကီလိုဂရမ်ခန့် စားသုံးလျက်ရှိနေကြောင်း ထုတ်ပြန်ထားသည့် သတင်းအချက်အလက်များအရ သိရှိရပါသည်။ ပြည်တွင်းငါးစားသုံးမှုလျော့နည်းရခြင်းမှာ စားသောက်ဆိုင်များ ယာယီပိတ်ထားခြင်း၊ မင်္ဂလာဆောင်၊ အလှူမင်္ဂလာအခမ်းအနားကျင်းပခွင့်မရခြင်း၊ တရားစခန်းများအပါအဝင် ဘာသာရေးအခမ်းအနားများ ရပ်နားထားခြင်း၏ နောက်ဆက်တွဲအဖြစ် စားသုံးမှုလျော့နည်းလာရသည်ဟု သုံးသပ်ရမည်ဖြစ်ပေသည်။ အပတ်စဉ်အိမ်ထောင်တစ်စုငါးဟင်းတစ်ခွက်/ ငါးကြော်တစ်ပွဲစားသုံးကြခြင်းဖြင့် ပြည်တွင်းစားသုံးမှုမြင့်တက်လာနိုင်မှာမလွဲ ဧကန်ဖြစ်ပါသည်။

ပြည်သူများအတွက် ငါးအလွယ်တကူဝယ်ယူရရှိနိုင်ရေးအတွက် သမဝါယမဦးစီးဌာနဝန်ထမ်းများနှင့် သမဝါယမအသင်းတာဝန်ရှိသူများက ကွန်ရက်ချိတ်ဆက်မှုကောင်းကောင်းဖြင့် ပြည်သူ့အကျိုးအလေးထား၍ ဝန်ဆောင်မှုကောင်းများ ဆောင်ရွက်ပေးနေခြင်းကြောင့်လည်း လောကသားများအတွက် ဝမ်းမြောက်ဂုဏ်ယူကျေးဇူးတင်နေမိပါသည်။

### ဖြန့်ဖြူးရောင်းချပေး

၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်အထိ ရေထွက်ကုန်ပစ္စည်းများအား ငွေကျပ် ၈၄၄၂၄၀၅၀ တန်ဖိုးရှိ ငါးပိဿာ ၂၄၃၇၂ ဒသမ ၄ ပိဿာကို ဖြန့်ဖြူးရောင်းချပေးနိုင်ခဲ့ပြီး နောက်ကာလများတွင်လည်း ပြည်သူအကျိုးအလေးထား၍ ကြိုးပမ်းပေးနေဦးမည်ကို ယုံကြည်နေမိပါသည်။ တိုင်းဒေသကြီး/ ပြည်နယ်အလိုက်သမဝါယမကဏ္ဍမှ ရောင်းချခဲ့မှုအခြေအနေကို ဖော်ပြပါအတိုင်း သိရှိရပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် ကိုဗစ်-၁၉ ပထမလှိုင်းကာလအတွင်း ရှမ်းပြည်နယ်ထွက် ဂေါ်ဖီ၊ အာလူး၊ ကြက်သွန်ဖြူ၊ မကွေးတိုင်းဒေသကြီးထွက်ကုန် ကြက်သွန်နီများကို သမဝါယမအသင်းစုချုပ်အချင်းချင်း ချိတ်ဆက်၍ စိုက်ပျိုးထုတ်လုပ်သူလည်း အရှုံးမပေါ်၊ စားသုံးသူများလည်း ဈေးနှုန်းသက်သာစွာ ဝယ်ယူခဲ့သည့်ဖြစ်စဉ်ကိုကောင်းစွာ ဖြည့်ဆည်း ဆောင်ရွက်နိုင်ခဲ့သည့် သမဝါယမနည်းစနစ်ကောင်း၊ ကျင့်စဉ်ကောင်းများဖြင့် လတ်တလောကာလဖြစ်တည်နေသည့် ရေထွက်ကုန်ပစ္စည်းဖြန့်ဖြူးရောင်းချခြင်းတွင် No Profit – No Loss ဟူသောမူနှင့်အညီ နိုင်ငံအကျိုး၊ ပြည်သူအကျိုးအတွက် သမဝါယမလောကသားများက ဝန်ဆောင်မှုကောင်းများစွာ ဆောင်ကြဉ်းပေးခြင်းဖြင့် အများယုံကြည်လက်ခံနိုင်သော သမဝါယမမှတ်တိုင်သစ် စိုက်ထူနိုင်ပါစေဟူ၍ ရေးသားလိုက်ရပါသည်။ ။

ကျမ်းကိုး ။ ။ သမဝါယမဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ စာရင်းအင်းများ

**“ကျန်းမာရေးရှုထောင့်မှကြည့်လျှင် ပြည်သူများအနေဖြင့် ငါးများများစားရန်လည်း လိုအပ်လှပါသည်။ ငါးစားသုံးခြင်းကြောင့် ဦးနှောက်ကိုအကျိုးပြုသည်၊ နှလုံးကိုကျန်းမာစေသလို ခန္ဓာကိုယ်ကျန်းမာရေးအတွက် အရေးပါသည်၊ စိတ်ဓာတ်ကျဆင်းမှုကို ကာကွယ်နိုင်ခြင်း၊ အမြင်အာရုံနည်းလာခြင်းကို ကာကွယ်ပေးနိုင်ခြင်း၊ နှစ်ခြိုက်စွာအိပ်ပျော်စေနိုင်ခြင်း စသည့်ကောင်းကျိုးများစွာကို ရရှိနိုင်ပေသည်။ ငါးတွင် ဗီတာမင်ဒီနှင့် ဘီ -၂ များ ကြွယ်ဝစွာ ပါဝင်သည့်အပြင် သံ၊ ဇင့်၊ အိုင်အိုဒင်း၊ မဂ္ဂနီဆီယမ်၊ ပိုတက်ဆီယမ်သတ္တုဓာတ်များ ပါဝင်သည့်အတွက် ငါးများများစားသုံးသူများ ဉာဏ်ရည်ရွှင်၍ လူတော်များဖြစ်နေကြသည် ဆိုတာကလည်း ငြင်းဖွယ်မရှိပါ”**

# တာချီလိတ်မြို့နယ်၌ ငွေကျပ် သိန်း ၄၈၀၀ ကျော် တန်ဖိုးရှိ ထိန်းချုပ်ခဲတုပစ္စည်းကဖင်းများ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၂၉

**တာချီလိတ်မြို့နယ်၌ ငွေကျပ် သိန်း ၄၈၀၀ ကျော် တန်ဖိုးရှိ ထိန်းချုပ်ခဲတုပစ္စည်းကဖင်းများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။**

ယင်းသတင်းထုတ်ပြန်ချက်တွင် တာချီလိတ်မြို့နယ် ကျိုင်းတုံ-တာချီလိတ်ကားလမ်း မယ်ယန်းပူးပေါင်းစစ်ဆေးရေးစခန်းကို ရှောင်ကွင်းကာ မယ်လိတ်ပါကော်-ဖန်မင်ရွာတောလမ်းအတိုင်း မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် အဓိကအသုံးပြုသော ထိန်းချုပ်ခဲတုပစ္စည်းများဖြစ်သည့် ကဖင်းများ တရားမဝင်သယ်ဆောင်လာမည့် သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အဆိုပါလမ်းဝန်းကျင်၌ ပိတ်ဆို့ဖြန့်ခွဲ စောင့်ဆိုင်းခဲ့ကြောင်း၊ ဇန်နဝါရီ ၂၇ ရက် နံနက် ၄ နာရီတွင် မာထယ်(ခ)အလီး မောင်းနှင်ပြီး ကျကျိုရှီး လိုက်ပါလာသည့် မော်တော်ယာဉ်ကိုရပ်တန့်ရှာဖွေနေစဉ် နောက်မှ ဆက်လက်လိုက်ပါလာသည့် Vigo အမျိုးအစား မော်တော်ယာဉ်သုံးစီးမှာ နောက်ပြန်လှည့်မောင်းပြေးသဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း၊ မော်တော်ယာဉ်များ၏ ဘီးများပေါက်၍ ဆက်လက်မောင်းနှင်မရတော့သဖြင့် အဆိုပါယာဉ်များပေါ်မှ ဒါယေ၊ ပေါလို့၊ ကျာဘို၊ မယ်နူး(ခ)အားဖျော့တို့ လေးဦး ထွက်ပြေးလွတ်မြောက်သွားပြီး မော်တော်ယာဉ် လေးစီးဖြင့် သယ်ဆောင်လာသည့် ငွေကျပ်သိန်း ၄၈၀၀ ကျော်တန်ဖိုးရှိကဖင်း၆၀၂၅ကီလိုသိမ်းဆည်းရမိခဲ့ကြောင်း။

ဖမ်းမိတရားခံများ၏ဖော်ထုတ်ချက်အရ ကဖင်းများအား မာထယ်(ခ)အလီးက ဦးဆောင်၍ ကျိုင်းလပ်မြို့နယ် မယ်ခေါင်မြစ်ဘေးရှိ ကျကကျေးရွာမှ မိုင်းဆတ်မြို့နယ် ပူနားကိုကျေးရွာသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံ နယ်စပ်မှတစ်ဆင့် ပြည်တွင်းသို့ သယ်ယူကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**



မာထယ်၊ ကျကျိုရှီးတို့ကို သိမ်းဆည်းရမိသည့် ကဖင်းများနှင့်အတူ တွေ့ရစဉ်။

## ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၉**

တရားမဝင်ကုန်စည်များ၊ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် မန္တလေး- မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက်ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၀၁ စီး၊ သွင်းကုန် ၂၇၃ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၃၀၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၇၇၇ သန်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် သန်း ၂ ဒသမ ၇၀၀ စုစုပေါင်းဖမ်းဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၄၇၇ သန်းအား ဖမ်းဆီးရမိခဲ့သည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့သည် စစ်ဆေးမှုများဆောင်ရွက်စဉ် Toyota Hiace ယာဉ်တစ်စီးကို စစ်ဆေးရာ ယင်းယာဉ်ပေါ်တွင် တရားမဝင် အကောက်ခွန်မဲ့ ကုန်ပစ္စည်းဖြစ်သော အဝတ်အထည်ဟောင်း(စက်မှုကုန်ကြမ်း) ၁၀၀၀ ကီလိုနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)၏ ခွင့်ပြုချက်မရှိသော တရားမဝင် ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် အေးခဲဝက်သား ၄၀၀ ကီလိုကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးရမိကြောင်း သိရသည်။

**သတင်းစဉ်**

## သာစည်နှင့် နမ့်ခမ်းမြို့နယ်တို့၌ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၇ ရက် ည ၁၁ နာရီတွင် သာစည်မြို့နယ် သပြေဝကျေးရွာအနီး ရန်ကုန်-မန္တလေးသွားကားလမ်း(ဟောင်း) မိုင်တိုင်အမှတ် (၃၁၉/၃)တွင် ထွန်းအောင်ကျော် မောင်းနှင်ပြီး ခန့်ချောနှင့် စည်သူထွန်းတို့ လိုက်ပါလာသည့် ခရီးသည်တင်မှန်လုံမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ အမိုနီယမ်နိုက်ထရိတ် ၂၆၂၅ ကီလို သိမ်းဆည်းရမိသည်။

**အရေးယူထား**

ထို့အတူ ဇန်နဝါရီ ၂၈ ရက် နံနက် ၁၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် နမ့်ခမ်းမြို့နယ် နမ့်ခမ်း-မန်ဝိန်းကြီးသွားကားလမ်း ကွန်လုံကျေးရွာအုပ်စု ကွန်လုံကျေးရွာ ရွှေလီတံတားအနီးတွင် ဂွန်းဆန့် မောင်းနှင်ပြီး တူးအောင်(ခ)မရမ်တူးအောင် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၂၀၀၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၂၉**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့၊ ဟဲဟိုးမြို့နှင့် ရမ်ကလောင်းတို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီ၊ မိုင်းယန်းမြို့နှင့် မင်းတပ်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီနှင့် မချမ်းဘောမြို့၊ နမ့်စန်မြို့၊ ပင်လောင်းမြို့၊ တီးတိန်မြို့၊ ပြင်ဦးလွင်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ရေးမြို့တွင် ၀ ဒသမ ၁၂ လက်မနှင့် ချောင်းဆုံမြို့တွင် ၀ ဒသမ ၀၈ လက်မတို့ဖြစ်ကြသည်။ **မိုး/ဇလ**

## မြန်မာကလပ်များယှဉ်ပြိုင်မည့် ၂၀၂၁ အာရှချန်ပီယံလိဂ်ပြိုင်ပွဲ၊ AFC Cup ပြိုင်ပွဲ အုပ်စုနှင့် ခြေစစ်ပွဲစဉ်များ ထွက်ပေါ်

**ရန်ကုန် ဇန်နဝါရီ ၂၉**

အာရှဘောလုံးအဖွဲ့ချုပ်က ကျင်းပမည့် ၂၀၂၁ အာရှချန်ပီယံလိဂ်ပြိုင်ပွဲနှင့် AFC Cup ပြိုင်ပွဲ မဲခွဲပွဲကို ဇန်နဝါရီ ၂၇ ရက်က ပြုလုပ်ပြီး မြန်မာကလပ် ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီ အသင်းတို့ ယှဉ်ပြိုင်ရမည့်အုပ်စုနှင့် ခြေစစ်ပွဲစဉ်များ ထွက်ပေါ်လာပြီဖြစ်သည်။

၂၀၂၁ အာရှချန်ပီယံလိဂ်ခြေစစ်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရထားသည့် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် အကြိုခြေစစ်ပွဲအဆင့်တွင် ဩစတြေးလျကလပ် မဲလ်ဘုန်းစီးတီးအသင်းနှင့် တွေ့ဆုံလျက်ရှိသည်။ မြန်မာကလပ်အသင်းများသည် အာရှချန်ပီယံလိဂ်ပြိုင်ပွဲတွင် အုပ်စုအဆင့်မှ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်မရသေးဘဲ အကြိုခြေစစ်ပွဲအဆင့်မှ ယှဉ်ပြိုင်နေရခြင်း ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ပြိုင်ပွဲကို အရှေ့အာရှဇုန်နှင့် အနောက်အာရှဇုန်ခွဲ၍ ကျင်းပလျက်ရှိပြီး မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် အရှေ့အာရှဇုန်တွင် ပါဝင်နေခြင်းဖြစ်သည်။ ခြေစစ်ပွဲကျင်းပမည့်ပုံစံအရ အရှေ့အာရှဇုန် အကြိုခြေစစ်ပွဲတွင် အသင်းလေးသင်း ပါဝင်ပြီး အနိုင်ရသည့် နှစ်သင်းမှာ Play-off အဆင့်တွင် တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ Play-off အဆင့်တွင် အသင်းပေါင်း ရှစ်သင်း ပါဝင်မည်ဖြစ်ပြီး အနိုင်ရသည့်အသင်းမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ အကြိုခြေစစ်ပွဲအဆင့်တွင် မဲလ်ဘုန်းစီးတီး(ဩစတြေးလျ)နှင့် ရှမ်းယူနိုက်တက်(မြန်မာ)၊ ဘရစ္စဘိန်းရိုအာ(ဩစတြေးလျ)နှင့် ကာယာ(ဖိလစ်ပိုင်)တို့ တွေ့ဆုံနေသည်။ ရှမ်းယူနိုက်တက်အသင်းသည် အကြိုခြေစစ်ပွဲအဆင့်တွင် အနိုင်ရပါက Play-off အဆင့်တွင် ဂျပန်ကလပ် ဆီရီဇိုအိုဆာကာအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ခြေစစ်ပွဲ အောင်မြင်ပါက ရှန်ဒေါင်လူနင် (တရုတ်)၊ Port (ထိုင်း)၊ ကစ်ချီ (ဟောင်ကောင်)တို့ပါဝင်သည့် အုပ်စု (J) သို့ ကျရောက်မည်ဖြစ်သည်။

AFC Cup ပြိုင်ပွဲတွင် မြန်မာကလပ်အသင်းနှစ်သင်း ယှဉ်ပြိုင်ခွင့်ရထားပြီး ရှမ်းယူနိုက်တက်အသင်းက အုပ်စုအဆင့်နှင့် ဟံသာဝတီအသင်းက ခြေစစ်ပွဲ Play-off အဆင့်မှ ကစားရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲတွင်လည်း ယှဉ်ပြိုင်ခွင့်ရထားပြီး ခြေစစ်ပွဲမအောင်ပါက AFC Cup ပြိုင်ပွဲ အုပ်စုအဆင့်တွင် ယှဉ်ပြိုင်ရမည်ဖြစ်ကာ ခြေစစ်ပွဲအောင်ခဲ့ပါက ၂၀၂၀ MNL အမှတ်ပေးပြိုင်ပွဲတွင် တတိယရခဲ့သည့် ရှေဝတီအသင်းက အစားထိုးယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်၏ သတ်မှတ်ချက်အရ မြန်မာကလပ်အသင်းများသည် အာဆီယံဇုန်တွင် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ၂၀၂၀ MNL အမှတ်ပေးချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် အုပ်စု (I) တွင် ကာယာ(ဖိလစ်ပိုင်)၊ တီရန်ဂါနူး(မလေးရှား)၊ ဂေးလန်း(စင်ကာပူ)တို့နှင့် ကျရောက်ခဲ့သည်။ ဟံသာဝတီအသင်းမှာမူ ခြေစစ်ပွဲ Play-off အဆင့်မှ စတင်ကစားရမည်ဖြစ်ပြီး လာအိုကလပ် လာအိုတိုယိုတာအသင်းနှင့်ဘရူနိုင်းကလပ် ကာဆူကာအသင်းတို့ပွဲမှ အနိုင်ရသည့်အသင်းနှင့် ကစားရမည်ဖြစ်သည်။ ဟံသာဝတီအသင်းသည် ခြေစစ်ပွဲအောင်မြင်ပါက အုပ်စု (G)တွင် ကျရောက်မည်ဖြစ်ပြီး ဟန္တိုင်း (ဗီယက်နမ်)၊ ဘာလီယူနိုက်တက် (အင်ဒိုနီးရှား)၊ ဘွန်ကတ်(ကမ္ဘောဒီးယား)တို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အာဆီယံဇုန်တွင် အုပ်စု သုံးခု ပါဝင်မည်ဖြစ်ပြီး အုပ်စု (H) တွင် ကီဒါ (မလေးရှား)၊ Lion City (စင်ကာပူ)၊ ဆိုင်ဂုံ (ဗီယက်နမ်)နှင့် ခြေစစ်ပွဲအောင်အသင်း (အင်ဒိုနီးရှား၊ တီမော၊ ကမ္ဘောဒီးယားအနိုင်ရအသင်း)တို့ ပါဝင်နေသည်။ ဟံသာဝတီအသင်းသည် ခြေစစ်ပွဲအောင်မြင်ပါက အုပ်စုကျပ်အတွင်း ကျရောက်မည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်၏ ပွဲစဉ်ရေးဆွဲထားမှုအရ ဟံသာဝတီအသင်း၏ ခြေစစ်ပွဲ Play-off ပွဲစဉ်ကို မေ ၁၉ ရက်၊ အာဆီယံဇုန် အုပ်စုပွဲများကို ဇွန် ၂၂ ရက်မှ ၂၈ ရက်အထိ တစ်ကျော့တည်းကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

* *ကျောဖုံးမှ*

နှစ်ဂိုးသာ သွင်းယူထားသည်။ အလီသည် ၂၀၁၉ ခုနှစ်က စပါးအသင်း ယူအီးအက်ဖ်အေချန်ပီယံလိဂ် ဗိုလ်လုပွဲသို့ရောက်ရှိအောင် ကူညီပံ့ပိုးပေးထားနိုင်သည့် ကစားသမားများထဲမှ တစ်ဦးအပါအဝင် ဖြစ်သည်။

အလီသည် ပထမအသင်းတွင် ပုံမှန်ပွဲထွက်ကစားခွင့်ပျောက်ဆုံးနေသည့်အတွက် ယခုနှစ်နွေရာသီတွင် ကျင်းပမည့် ယူရိုပြိုင်ပွဲအတွက် နည်းပြ ဆောက်ဂိတ်၏ အင်္ဂလန်အသင်းကစားသမားစာရင်းတွင် ထည့်သွင်းရွေးချယ်ရေးမှာ အခက်တွေ့လာဖွယ်ရှိနေသည်။ ထို့ကြောင့် စပါးကွင်းလယ်ကစားသမား အလီအနေနှင့် ပီအက်စ်ဂျီ အသင်းတို့ အပြောင်းအရွှေ့ ဖြစ်မြောက်လာမလားစောင့်ကြည့်ရမည်ဖြစ်သည်။

ဝက်စ်ဘရွန်းအသင်းသည် ဂါလာတာစာရေးအသင်းမှ ဆီနီဂေါတိုက်စစ်ကစားသမား အမ်ဘာရီ ဒီယာနီကို ရာသီကုန်အထိ အငှားဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ဒီယာနီသည် ဝက်စ်ဘရွန်းအသင်းသို့ ပြောင်းရွှေ့ရန် ဆေးစစ်မှုခံယူတော့မည်ဖြစ်ပြီး ဆေးစစ်မှု အချိန်မီပြီးဆုံးခဲ့ပါက စနေနေ့တွင် ယှဉ်ပြိုင်ကစားမည့် ဖူလ်ဟမ် အသင်းနှင့် ပွဲစဉ်ကို ပါဝင်ကစားခွင့်ရရှိဖွယ် ရှိနေသည်။ ထို့အပြင် နည်းပြ ဆမ်အလာဒိုက်စ်အနေဖြင့် အပြောင်းအရွှေ့ဈေးကွက် မပိတ်သိမ်းမီတွင် ခံစစ်ကစားသမားတစ်ဦး ခေါ်ယူရန် ဆန္ဒရှိကြောင်း သိရသည်။

မိုနာကိုအသင်းသည် အာဆင်နယ်အသင်းမှ လူးကပ်စ်တော်ရဲရားကို အငှားခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။ အဆိုပါ အသက် ၂၄ နှစ်အရွယ် ဥရုဂွေးကွင်းလယ်ကစားသမားသည် လက်ရှိတွင် စပိန်ကလပ် အက်သလက်တီကို မက်ဒရစ်အသင်း၌ အငှားကစားလျက်ရှိနေကြောင်း သိရသည်။

ပြင်သစ်ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာ (၂၇နှစ်)သည် အိုးထရက်ဖို့ဒ်၌ ၎င်း၏ အနာဂတ်နှင့်ပတ်သက်ပြီး ရာသီအကုန်တွင် မန်ယူအသင်းနှင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ ပေါ့ဂ်ဘာသည် ယခုနှစ်ရာသီ မန်ယူအသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၂၆ ပွဲ ကစားထားပြီး လေးဂိုး သွင်းယူပေးထားနိုင်သူဖြစ်သည်။ **အောင်ဇော်**

# COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

**COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း**

**(၁၅-၁-၂၀၂၁ ရက်နေ့)**

*(ယမန်နေ့မှအဆက်)*

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၃၇၃ | ဦးနေမျိုးလှ မိသားစု (အလုံမြို့နယ်) | ၂,၀၀၀,၀၀၀ |
| ၃၇၄ | ဒေါက်တာအောင်သူ+မရွှေအေး၊ ဦးအောင်အောင်+ဒေါက်တာနီလာလွင်၊ | ၅,၀၀၀,၀၀၀ |
| | လိပ်ပြာသက်န်းပိတ်လိပ်ဖြန့်ချီရေး မိသားစု (တ/ဥက္ကလာပမြို့နယ်) | |
| ၃၇၅ | ဦးတင့်လွင်+ဒေါ်ရီရီထွေး မိသားစု (လှိုင်သာယာမြို့နယ်) | ၁၀,၀၀၀,၀၀၀ |
| ၃၇၆ | ဦးခင်မောင်မြတ်+ဒေါ်ဆွေဇာလွင် သား-မောင်မြတ်စွမ်းထက် (ကမာရွတ်မြို့နယ်) | ၁၀,၀၀၀,၀၀၀ |
| ၃၇၇ | ဒေါ်ခင်အေးအေးနိုင် (အလုံမြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၃၇၈ | ဦးစိုးတင့်+ဒေါ်သန်းသန်း သမီး - စိုးပွင့်ဖူးမွန် (လှိုင်မြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၃၇၉ | ဒေါ်သီသီထွန်း(ရန်ကုန်မြို့) | ၅၀၀,၀၀၀ |
| ၃၈၀ | ဦးကျော်ဝင်း(တာမွေမြို့နယ်) | ၃၀၀,၀၀၀ |
| ၃၈၁ | ၁၉၈၃ အင်းလေးခေါင်တိုင် လူရည်ချွန်အဖွဲ့ (မန္တလေးမြို့) | ၅၅၀,၀၀၀ |
| ၃၈၂ | ဦးကြည်မြင့်(သင်္ကန်းကျွန်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၃၈၃ | ဦးဆောင်းစိန်+ဒေါ်နုနုအေး(ကမာရွတ်မြို့နယ်) | ၁၀၀,၀၀၀ |
| ၃၈၄ | ဒေါ်ခင်ပြုံးရီ မောင်နှမတစ်စု (မုံရွာမြို့) | ၁,၀၀၀,၀၀၀ |
| ၃၈၅ | ဦးမျိုးထက်အောင်(မန္တလေးမြို့) | ၁၀၀,၀၀၀ |
| ၃၈၆ | ဦးအေးလွင်(မန္တလေးမြို့) | ၁၀၀,၀၀၀ |
| ၃၈၇ | မောင်စိုးစံဟိန်း(မန္တလေးမြို့) | ၁,၀၀၀,၀၀၀ |
| ၃၈၈ | ဘုန်းထက်ဇော်(မန္တလေးမြို့) | ၁၀၀,၀၀၀ |
| ၃၈၉ | ဦးဦးခင်(တာမွေမြို့နယ်) | ၁၀၀,၀၀၀ |
| ၃၉၀ | ဦးကျော်ဖြိုး+ဒေါ်နီနီဝင်း(ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၃၉၁ | ဦးကျော်သိန်း (တာမွေမြို့နယ်) | ၁,၅၀၀,၀၀၀ |
| ၃၉၂ | အဗ္ဗာဝါစန်းမြင့် (တာမွေမြို့နယ်) | ၁၀၀,၀၀၀ |
| ၃၉၃ | နေမျိုးထက်(သင်္ကန်းကျွန်းမြို့နယ်) | ၅,၀၀၀,၀၀၀ |
| ၃၉၄ | ဦးထွန်းအောင်(သင်္ကန်းကျွန်းမြို့နယ်) | ၁,၅၀၀,၀၀၀ |
| ၃၉၅ | ဦးဇော်မျိုးထွန်း(သင်္ကန်းကျွန်းမြို့နယ်) | ၅၀,၀၀၀ |
| ၃၉၆ | ဒေါ်ခင်မိုးမိုး(ရမည်းသင်းမြို့) | ၁၀,၀၀၀ |
| ၃၉၇ | ဒေါ်သန်းနွဲ့(ဒဂုံမြို့နယ်) | ၂၀၀,၀၀၀ |
| ၃၉၈ | ဦးစန်းတင်(ကမာရွတ်မြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၃၉၉ | ဦးလှရောင်(ကမာရွတ်မြို့နယ်) | ၃၀၀,၀၀၀ |
| ၄၀၀ | ဒေါ်စန်းရီ(ကမာရွတ်မြို့နယ်) | ၂၅၀,၀၀၀ |
| ၄၀၁ | ဦးအောင်ကိုလွင်(မြဝတီမြို့) | ၃၀၀,၀၀၀ |
| ၄၀၂ | ဦးနေမျိုးထွန်း(ကျောက်ပန်းတောင်းမြို့) | ၁၀,၀၀၀ |
| ၄၀၃ | ဦးစိုးမင်းအောင်(ကျောက်ပန်းတောင်းမြို့) | ၂၀,၀၀၀ |
| ၄၀၄ | ဒေါက်တာဟန်ကျော်မိုး(ကျောက်ပန်းတောင်းမြို့) | ၁၀,၀၀၀ |
| ၄၀၅ | ဦးကိုလေး(ရန်ကုန်မြို့) | ၁၀,၀၀၀ |
| ၄၀၆ | ဒေါ်မြတ်မြတ်သူ(ရန်ကုန်မြို့) | ၁,၁၀၀,၀၀၀ |
| ၄၀၇ | ကိုအောင်မင်းထွေး+မခင်သီတာအေး ( သာကေတမြို့နယ်) | ၄၀၀,၀၀၀ |
| ၄၀၈ | ဦးခင်မောင်ဝေ+ ဒေါ်လှလှမြင့် (စမ်းချောင်းမြို့နယ်) | ၅၀,၀၀၀,၀၀၀ |
| ၄၀၉ | ဒေါ်ညွန့်တင်(ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၄၁၀ | ဒေါက်တာမာမာကြူ(ရန်ကုန်မြို့) | ၁,၀၀၀,၀၀၀ |
| ၄၁၁ | ဦးမြင့်ဇော်+ဒေါ်ခင်စန်းဝင်း(ပဲခူးမြို့) | ၁,၀၀၀,၀၀၀ |
| ၄၁၂ | ဦးခင်ဇော်(မ/ဥက္ကလာပမြို့နယ်) | ၁၀၀,၀၀၀ |
| ၄၁၃ | ဦးအောင်ဇော်(မ/ဥက္ကလာပမြို့နယ်) | ၃၀၀,၀၀၀ |
| ၄၁၄ | ဦးအောင်ဆန်း+ဒေါ်တင်ရွှေ မျိုးချစ်လယ်ယာသုံးစက်ပစ္စည်းရောင်းဝယ်ရေးကုမ္ပဏီ(တောင်ကြီး | ၁,၀၀၀,၀၀၀ |
| ၄၁၅ | ဒေါ်တင်တင်နွယ်(မိတ္ထီလာမြို့) | ၁၀၀,၀၀၀ |
| ၄၁၆ | ဦးသန့်ဇင်ရှိန်း(ကြည့်မြင်တိုင်မြို့နယ်) | ၆၀၀,၀၀၀ |
| ၄၁၇ | ဒေါ်ကြည်ဦး(မြစ်ကြီးနားမြို့) | ၅၀၀,၀၀၀ |
| ၄၁၈ | ဦးမြင့်ဟိန်းနိုင်+ဒေါ်တင်တင်ကြည် မိသားစု (လှိုင်မြို့နယ်) | ၅၀၀,၀၀၀ |
| ၄၁၉ | ဦးရေအေး+ဒေါ်မြတ်သူဇာခင်(ကမာရွတ်မြို့နယ်) | ၅၀၀,၀၀၀ |
| ၄၂၀ | ဦးမောင်ထွန်း+ဒေါ်ခင်မေသီ၊ မြေး လင်းရောင်စဉ်ထွန်း (လှိုင်မြို့နယ်) | ၂၀၀,၀၀၀ |
| ၄၂၁ | ဦးကြည်စိန်+ဒေါ်သန်းသန်းအေး(ကမာရွတ်မြို့နယ်) | ၁၀၀,၀၀၀ |
| ၄၂၂ | ဦးချစ်စိန်+ဒေါ်သန်းသန်း(ကမာရွတ်မြို့နယ်) | ၁၀၀,၀၀၀ |
| ၄၂၃ | ဦးသန်းထိုက်(ရန်ကုန်မြို့) | ၄၅၀,၀၀၀ |
| ၄၂၄ | သန်းထိုက်နှင့်ညီအစ်ကိုများ(ရန်ကုန်မြို့) | ၄၅၀,၀၀၀ |
| ၄၂၅ | ဦးဖြူလေးသစ်+ဒေါ်မီးမီးသစ် သမီး- ယုစီသစ် သား- ဖြိုးဖြိုးသစ် မိသားစု (ရန်ကုန်မြို့) | ၇,၀၀၀,၀၀၀ |
| ၄၂၆ | သီရိသုဓမ္မသိင်္ဂီဒေါ်စန်းစန်းဦး မဥ္ဇူထွန်းမြင့်ကုမ္ပဏီ၊ | ၅,၀၀၀,၀၀၀ |
| | ဘုတ်ဆုံမရုတ်သီးမှုန့် (လှိုင်မြို့နယ်) | |
| ၄၂၇ | ဦးနေမျိုးသူ+ဒေါ်နုနုလွင် (ရန်ကင်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၄၂၈ | ဦးမင်းကိုကို+ဒေါ်သဲနုမျိုးသူ (ရန်ကင်းမြို့နယ်) | ၅၀,၀၀၀ |
| ၄၂၉ | ဦးသိန်းဆောင်+(ဒေါ်မာဂရက်) သမီး ဒေါ်မိုးသီတာ (ရန်ကင်းမြို့နယ်) | ၇၀,၀၀၀ |
| ၄၃၀ | ဒေါ်မိမိခင် မွေးနေ့အလှူ (ရန်ကုန်မြို့) | ၂၀,၀၀၀ |
| ၄၃၁ | ဦးအောင်သိန်း+ဒေါ်သင်းသင်းကြူ မဆုမွန်သက် နေရှင်နယ်လျှပ်စစ်မိသားစု (ပုသိမ်မြို့) | ၅,၀၀၀,၀၀၀ |
| ၄၃၂ | မိခင်ကြီးဒေါ်စိန်၏ (၈၉)နှစ်ပြည့် မွေးနေ့အလှူ (မရမ်းကုန်းမြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၄၃၃ | ဦးစိန်ဘန်+ဒေါ်ဖြူဖြူဝင်း(ရန်ကုန်မြို့) | ၁,၀၀၀,၀၀၀ |
| ၄၃၄ | ဒေါ်သန်းသန်းညွန့်(ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၄၃၅ | ဦးမျိုးနိုင်+ဒေါ်ဝါဝါစိုး(ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၄၃၆ | ဦးဖြိုးဝေ(ရန်ကုန်မြို့) | ၅၀၀,၀၀၀ |
| ၄၃၇ | ဒေါ်ရင်ရင်မိုး(ရန်ကုန်မြို့) | ၅၀,၀၀၀ |
| ၄၃၈ | ဦးသန်းညွန့်+ဒေါ်ထွေးလှ(ရန်ကုန်မြို့) | ၅၀,၀၀၀ |
| ၄၃၉ | ဦးညွန့်ဝင်း+ဒေါ်ယဉ်ယဉ်ပြုံး မိသားစု (ရန်ကုန်မြို့) | ၂၀၀,၀၀၀ |
| ၄၄၀ | Mr .Zuiho Nakashita+ဒေါ်အေးအေးခိုင် သား- ကိုပြည့်သုတ ၊ အီဆာကာ (ဂျပန်) | ၁,၅၀၀,၀၀၀ |
| ၄၄၁ | ဒေါ်ခိုင်ခိုင်ပြုံး(မန်နေဂျာ၊ MADB) မိသားစု (ကြည့်မြင်တိုင်မြို့နယ်) | ၁၀၀,၀၀၀ |
| ၄၄၂ | ဒေါ်ခင်လှ မိသားစု (တာမွေမြို့နယ်) | ၁၀၀,၀၀၀ |
| ၄၄၃ | မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ် (နေပြည်တော်) | ၂,၄၇၁,၅၀၀ |
| ၄၄၄ | ဦးတင်ငွေ+ဒေါ်တင်မေသန်း "ရွှေလဝန်း" မုန့်ဖတ်စက်နှင့်ဒံပေါက်လုပ်ငန်း မိသားစု (ပျဉ်းမနားမြို့) | ၃,၀၀၀,၀၀၀ |
| ၄၄၅ | ဒေါ်ခင်ဆွေမြင့် (ပြင်ဦးလွင်မြို့) | ၁,၀၀၀,၀၀၀ |
| ၄၄၆ | ဒေါ်သက်မာ (သန်လျင်မြို့နယ်) | ၃၀,၀၀၀ |
| ၄၄၇ | ဒေါ်မိုးမိုးအေး (တ/ဒဂုံမြို့နယ်) | ၅၀၀,၀၀၀ |
| ၄၄၈ | ဦးဇော်မျိုးဦး (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၄၄၉ | ဒေါ်တင်တင်အေး (ရန်ကုန်မြို့) | ၂၅၀,၀၀၀ |
| ၄၅၀ | ဦးကျော်စွာဦး (မြင်းခြံမြို့) | ၁၀,၀၀၀ |
| ၄၅၁ | ဦးစန်းထွန်းဦး(မန္တလေးမြို့) | ၁၀,၀၀၀,၀၀၀ |
| ၄၅၂ | ဒေါ်မေဝင်း (ရန်ကုန်မြို့) | ၅၀၀,၀၀၀ |
| ၄၅၃ | ဒေါ်ခိုင်ဇော်မြ(ရန်ကုန်မြို့) | ၃၀၀,၀၀၀ |
| ၄၅၄ | ဦးဇော်အောင်(မြင်းခြံမြို့) | ၁၀,၀၀၀,၀၀၀ |
| ၄၅၅ | ဒေါ်ရင်ရင်(မြင်းခြံမြို့) | ၁၀,၀၀၀,၀၀၀ |
| ၄၅၆ | ဒေါ်ဇင်မီသွေး (ကြည့်မြင်တိုင်မြို့) | ၁၀၀,၀၀၀ |
| ၄၅၇ | ဒေါ်မြင့်မြင့်သန်း(သင်္ဃန်းကျွန်းမြို့နယ်) | ၃၀၀,၀၀၀ |
| ၄၅၈ | ဦးစိုးမြင့်(မန္တလေးမြို့) | ၁,၀၀၀,၀၀၀ |
| ၄၅၉ | ဒေါ်မာမာဆွေ(မန္တလေးမြို့) | ၂၀,၀၀၀ |
| ၄၆၀ | ဦးခင်မောင်စိုး+ပါမောက္ခဒေါက်တာသွဲ့ (ရတနာဆေးခန်း၊ မန္တလေးမြို့) | ၁၀၀,၀၀၀ |
| ၄၆၁ | ဒေါ်လှလှ(ရမည်းသင်းမြို့) | ၂၀၀,၀၀၀ |
| ၄၆၂ | ဒေါ်ခင်လှမြင့် မိသားစု(လားရှိုးမြို့) | ၁၀၀,၀၀၀ |
| ၄၆၃ | ဒေါ်နန်းနှင်းနွယ်ဦး(မူဆယ်မြို့) | ၂၀၀,၀၀၀ |
| ၄၆၄ | ဒေါ်နှင်းဝေလွင်(ရန်ကုန်မြို့) | ၅,၀၀၀ |
| ၄၆၅ | ဒေါက်တာဇော်မြင့် (မကွေးမြို့) | ၁,၀၀၀,၀၀၀ |
| ၄၆၆ | ဦးဘဆင့်+ဒေါ်ခင်ငြိမ်း (ကမာရွတ်မြို့နယ်) | ၁၀၀,၀၀၀ |
| ၄၆၇ | ဒေါ်ခင်ကြဲ (ကမာရွတ်မြို့နယ်) | ၂၀၀,၀၀၀ |
| ၄၆၈ | ဦးသီဟသူ(ပုသိမ်ကြီးမြို့နယ်) | ၁၀၀,၀၀၀ |
| ၄၆၉ | ဦးညီညီ(ပုသိမ်ကြီးမြို့နယ်) | ၁၀,၀၀၀ |
| ၄၇၀ | ဦးဖြိုးဟိန်း(မအူပင်မြို့နယ်) | ၁၀,၀၀၀ |
| ၄၇၁ | ဦးနေမျိုးလွင်(သံဖြူဇရပ်မြို့) | ၅,၀၀၀,၀၀၀ |
| ၄၇၂ | ဦးမြတ်မိုးထွန်း (သံတွဲ) | ၂၀၀,၀၀၀ |
| ၄၇၃ | ဦးသိန်းထိုက်ဆွေ (မ/ဒဂုံမြို့နယ်) | ၁၀၀,၀၀၀ |
| ၄၇၄ | ဒေါ်ရီရီဝင်း( မိုးကုတ်မြို့နယ်) | ၂၀၀,၀၀၀ |
| ၄၇၅ | ဦးမိုးသွင် (မိုးကုတ်မြို့နယ်) | ၅၀၀,၀၀၀ |
| ၄၇၆ | ဦးမင်းမင်းထိုက် (တောင်သာမြို့နယ်) | ၃၀,၀၀၀ |
| ၄၇၇ | မြန်မာ့စီးပွားရေးဘဏ် (ညောင်ရွှေဘဏ်ခွဲ) | ၅၀,၀၀၀ |
| ၄၇၈ | ဒေါက်တာအောင်မြတ်စိုး(ရန်ကုန်မြို့) | ၅,၀၀၀,၀၀၀ |
| ၄၇၉ | ဒေါက်တာဇော်ဝင်း+ ဒေါက်တာရတနာအောင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၈၀ | ဦးစိန်တင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၄၈၁ | ဒေါ်စန်းစီ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၄၈၂ | မဥမ္မာသက် (၂၆-၁-၂၀၂၁) ရက်နေ့မွေးနေ့အလှူ (မရမ်းကုန်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၄၈၃ | ဦးသန့်ဇင်+ ဒေါ်မိုးစန်းအေး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၈၄ | ဦးသန်းထွန်း+ဒေါ်မိုးပြည့်စုံ မိသားစု (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၈၅ | ဆွေဆွေဝင်း (ကျောက်တော်မြို့) | ၁၀,၀၀၀ |
| ၄၈၆ | နန်းစုစုနှင်း (စက်ဘ်ပူ) | ၂၀၀,၀၀၀ |
| ၄၈၇ | မွန်မွန်သန်းဌေး(အလုံမြို့နယ်) | ၃၀,၀၀၀ |
| ၄၈၈ | ဒေါ်ဖြူသဥ္ဇာကျော် (ဒေါပုံမြို့နယ်) | ၅၀,၀၀၀ |
| ၄၈၉ | အိသဲမွန် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၄၉၀ | မင်းချမ်းအောင် (တာမွေမြို့နယ်) | ၁၁,၀၀၀ |
| ၄၉၁ | ဖြူဇင်မာဝင်း (ရန်ကုန်မြို့) | ၁၀,၀၀၀ |
| ၄၉၂ | ဒေါက်တာသန်းသန်းဝင်း(ဗဟန်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၄၉၃ | ဒေါ်လှသန်းနု (ရန်ကုန်မြို့) | ၂၀,၀၀၀ |
| ၄၉၄ | ခင်ခင်ဝင်း(လမ်းမတော်မြို့နယ်) | ၅၀,၀၀၀ |
| ၄၉၅ | ဝင်းမာလာငြိမ်း(တောင်ကြီးမြို့နယ်) | ၂၀,၀၀၀ |
| ၄၉၆ | ထက်နန္ဒာတိုး(သာကေတမြို့နယ်) | ၆၀၀,၀၀၀ |
| ၄၉၇ | ကောင်းမြတ်ဝင်း(မန္တလေးမြို့) | ၅၀,၀၀၀ |
| ၄၉၈ | ဦးအေးချို၊ ဒေါ်မြင့်မြင့် (မရမ်းကုန်းမြို့နယ်) | ၄၀,၀၀၀ |
| ၄၉၉ | IL Employees (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၁၀,၀၀၀ |
| ၅၀၀ | ထွန်းအောင်ကျော်(သင်္ဃန်းကျွန်းမြို့နယ်) | ၁,၀၀၀ |

*(ဆက်လက်ဖော်ပြပါမည်)*

# အင်္ဂလန်က နောက်ထပ်သုံးနိုင်ငံကို ခရီးသွားလာခွင့်ပိတ်ပင်သည့်နိုင်ငံများစာရင်းတွင် ထည့်သွင်း

**လန်ဒန် ဇန်နဝါရီ ၂၉**

ဗီဇပြောင်း ကိုဗစ်– ၁၉ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်သည့်အနေဖြင့် ဗြိတိန်အစိုးရသည် အာရပ်စော်ဘွားများပြည်ထောင်စု၊ ဘူရွန်ဒီနှင့် ရဝမ်ဒါ သုံးနိုင်ငံကို ခရီးသွားလာခြင်းမပြုရန် တားမြစ်လိုက်ကြောင်း ဇန်နဝါရီ ၂၈ ရက်က ကြေညာလိုက်သည်။

လွန်ခဲ့သော ၁၀ ရက်အတွင်း အဆိုပါနိုင်ငံများတွင် တစ်ဆင့်ခံ လေကြောင်းပြောင်းစီးခဲ့သော ဗြိတိသျှခရီးသွားမဟုတ်သူများ သို့မဟုတ် အိုင်းရစ်လူမျိုးမဟုတ်သည့် ခရီးသွားများကို ဗြိတိန်နိုင်ငံသို့ ဝင်ခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။

ဇန်နဝါရီ ၂၉ ရက်က မိမိတို့သည် ခရီးသွားလာခွင့် တိုးချဲ့ပိတ်ပင်လိုက်သည့် နိုင်ငံများစာရင်းတွင် အာရပ်စော်ဘွားများ ပြည်ထောင်စု၊ ဘူရွန်ဒီနှင့် ရဝမ်ဒါနိုင်ငံများ ပါဝင်ကြောင်း ဗြိတိန်သယ်ယူပို့ဆောင်ရေးဝန်ကြီး ဂရန့်ရှက်ပ်က တွစ်တာတွင် ဖော်ပြထားသည်။

ထို့အပြင် အဆိုပါနိုင်ငံများတွင် တစ်ဆင့်ခံလေယာဉ်ကူးပြောင်းမှုလုပ်ခဲ့သူများကိုလည်း ပြည်ဝင်ခွင့်ငြင်းဆိုသွားမည်ဖြစ်ကြောင်း၊ သို့သော်လည်း ဗြိတိန်၊ အိုင်းရစ်နှင့် နေထိုင်ခွင့်ရရှိထားသည့် တတိယနိုင်ငံများမှ နိုင်ငံသားများအနေဖြင့် မိမိတို့၏ နေအိမ်များတွင် ၁၀ ရက်ကြာ အသွားအလာကန့်သတ်စောင့်ကြည့်မှု ပြုလုပ်ရမည်ဖြစ်ကြောင်း ရှက်ပ်က ပြောကြားလိုက်သည်။




လန်ဒန်ရှိ ဟီးသရိုးလေဆိပ်တွင် နှာခေါင်းစည်းတပ်ဆင်ထားသည့် ခရီးသည်တစ်ဦး ဆိုက်ရောက်ဂိတ်ကို ဖြတ်သန်းလမ်းလျှောက်လာသည်ကို တွေ့ရစဉ်။

ဗြိတိန်သို့ လေယာဉ်ဆိုက်ရောက်ခြင်းမပြုခင် ခရီးသွားများသည် ခရီးသွားရာဇဝင်ကို ပြည့်စုံစွာ ဖြည့်စွက်ရမည်ဖြစ်သလို ကိုဗစ်– ၁၉ကင်းစင်ကြောင်း စစ်ဆေးထားသည့် အထောက်အထားများကိုလည်း ပြသရမည်ဖြစ်ကြောင်း သို့မဟုတ်ပါက ပေါင် ၅၀၀ စီ ဒဏ်ရိုက်ခံရမည်ဖြစ်ကြောင်း ရှက်ပ်က ထပ်လောင်းပြောကြားလိုက်သည်။

စကိုင်းနယူးစ်၏ ဖော်ပြချက်အရ ဗြိတိန်သို့ ဝင်ခွင့်ပြုလိုက်သည့် ခရီးသွားများအနေဖြင့်လည်း ကိုဗစ်– ၁၉ ကန့်သတ်စောင့်ကြည့်မှုကာလကို လျှော့ချသွားမည်မဟုတ်ကြောင်း သိရသည်။

ထို့အပြင် အာရပ်စော်ဘွားများ ပြည်ထောင်စုမှ တိုက်ရိုက်ပျံသန်းပြေးဆွဲနေသော လေကြောင်းလိုင်းများကိုလည်း ပိတ်ပင်သွားမည်ဖြစ်သည်။ ယခင်က ဗြိတိန်သည် အသွင်ပြောင်း ကိုဗစ်– ၁၉ အန္တရာယ်စိုးရိမ်မှုကြောင့် နိုင်ငံပေါင်း ၂၂ နိုင်ငံမှခရီးသွားလာခြင်းများကို ပိတ်ပင်ခဲ့သည်။ အဆိုပါနိုင်ငံများတွင် တောင်အာဖရိက၊ ပေါ်တူဂီနှင့် တောင်အမေရိကနိုင်ငံများ ဖြစ်ကြသည်။

ဗြိတိန်တွင် နောက်ထပ် ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားသူ ၂၈၆၈၀ တိုးလာမှုနှင့်အတူ နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားသူ ၃၇၄၃၇၃၄ ဦး ရှိလာခဲ့သည်။ နောက်ထပ် ကိုဗစ်– ၁၉ သေဆုံးလူနာ ၁၂၃၉ ဦး တိုးလာမှုနှင့်အတူ စုစုပေါင်းသေဆုံးသူ ၁၀၃၁၂၆ ဦး ရှိလာခဲ့သည်။ အဆိုပါကိန်းဂဏန်းများသည် ကိုဗစ်– ၁၉ တွေ့ရှိပြီး ၂၈ ရက်အတွင်း သေဆုံးသည့်လူနာများ၏ စာရင်းသာဖြစ်ကြောင်း သိရသည်။

ပုံမှန်ဘဝအခြေအနေ ပြန်လည်ရောက်ရှိရန် ဗြိတိန်၊ တရုတ်၊ ဂျာမနီ၊ ရုရှားနှင့် အမေရိကန်ပြည်ထောင်စုတို့သည် ကိုဗစ်– ၁၉ ကာကွယ်ဆေးများကို အလျင်အမြန်ထိုးနေကြောင်း သိရသည်။ ဆင်ဟွာ

# ဘရာဇီးနိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ကိုးသန်းကျော် ရှိလာ

**ဆော်ပိုလို ဇန်နဝါရီ ၂၉**

ဘရာဇီးနိုင်ငံတွင် ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ကိုးသန်းကျော် ရှိလာခဲ့ကြောင်းနှင့် ရက် ၂၀ အတွင်း ကိုဗစ်– ၁၉ ကူးစက်ခံရသူပေါင်းမှာ တစ်သန်းခန့်ရှိကြောင်း ဘရာဇီးနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ဇန်နဝါရီ ၂၈ ရက်က ထုတ်ပြန်ကြေညာလိုက်သော ကိုဗစ်– ၁၉ ကပ်ရောဂါဆိုင်ရာ စာရင်းပြုစုချက်အရ သိရသည်။

**ကူးစက်မှုအခြေအနေ မြင့်တက်လာ**

ဘရာဇီးနိုင်ငံတွင် ဇန်နဝါရီ ၂၈ ရက် ဒေသစံတော်ချိန် ၁၉ နာရီ ၁၀ မိနစ်အထိ ကိုဗစ်– ၁၉ ကူးစက်ခံရသူ ၉၀၅၈၆၈၇ ဦးအထိ ရှိလာခဲ့ကြောင်းနှင့် သေဆုံးသူ ၂၂၁၅၄၇ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။

ထို့အပြင် ကိုဗစ်– ၁၉ ကူးစက် ဖြစ်ပွားမှုမှ ပြန်လည်သက်သာကောင်းမွန်လာသူပေါင်း ၇၉၂၃၇၃၉ ဦးရှိလာပြီဖြစ်ကြောင်း သိရသည်။ ဘရာဇီးနိုင်ငံတွင် ယခင်နှစ် နိုဝင်ဘာလမှစပြီး ကိုဗစ်– ၁၉ ကူးစက်မှုအခြေအနေ လွန်စွာမြင့်တက်လာခဲ့သည်။

ဘရာဇီးနိုင်ငံတွင် ကပ်ရောဂါ အဆိုးဆုံးဖြစ်ပွားနေသော ပြည်နယ်များမှာ ဆော်ပိုလိုပြည်နယ်ဖြစ်ပြီး ကူးစက်ခံရသူပေါင်း ၁ ဒသမ ၇၄ သန်းကျော်ရှိကြောင်း၊ ဆော်ပိုလိုပြည်နယ်တွင် ဇန်နဝါရီ ၂၆ ရက်က အမေဇုန်ပြည်နယ်တွင် တွေ့ရှိခဲ့သော ဗီဇပြောင်း ကိုဗစ်– ၁၉ ပိုး တွေ့ရှိခဲ့ကြောင်း အတည်ပြုခဲ့သည်။

ဘရာဇီးနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက အဆိုပါ ဗီဇပြောင်း ကိုဗစ်– ၁၉ ရောဂါပိုးအမျိုးအစားကို ပီ– ၁ ဟု အမည်ပေးခဲ့သည်။ ယင်းဗီဇပြောင်း ကိုဗစ်– ၁၉ ရောဂါပိုးသည် ကူးစက်မှု ပိုမိုမြင့်မားကြောင်း သိရသည်။

ရောဂါပိုးနမူနာကို ဗြိတိန်နိုင်ငံ အောက်စ်ဖို့ဒ်တက္ကသိုလ်သို့ ဆက်လက်ပြီး သုတေသနပြုလုပ်ရန် ပို့ဆောင်ပေးခဲ့သည်။

ဘရာဇီးနိုင်ငံသည် ဇန်နဝါရီ ၁၈ ရက်မှ စတင်ကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးနှံပေးခြင်းကို စတင်ဆောင်ရွက်ခဲ့သည်။ ဘရာဇီးနိုင်ငံတွင် လူပေါင်း ၁ ဒသမ ၅ သန်းကျော် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးပြီးကြောင်း သိရသည်။ ဆင်ဟွာ

## မော်ရိုကိုနိုင်ငံတွင် ကိုဗစ်- ၁၉ ကာကွယ်ဆေး စတင်ထိုးနှံ

**ရာဘတ် ဇန်နဝါရီ ၂၉**

မော်ရိုကိုနိုင်ငံ ဘုရင် မိုဟာမက်– ၆ သည် ဇန်နဝါရီ ၂၈ ရက်က ပထမဆုံးအကြိမ် ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးနှံခြင်းခံယူမှုနှင့်အတူ နိုင်ငံတစ်ဝန်းနေရာပေါင်း ၃၀၀၀ တွင် ကာကွယ်ဆေးထိုးနှံခြင်း လှုံ့ဆော်မှုကို စတင်ခဲ့ကြောင်း တရားဝင်သတင်းအေဂျင်စီတစ်ခုဖြစ်သော မက်ပ်သတင်းအေဂျင်စီက ဖော်ပြလိုက်သည်။

ကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ်တွင် နိုင်ငံသားများနှင့် အသက် ၁၇ နှစ်နှင့်အထက် နေထိုင်သူများကို အခမဲ့ထိုးနှံပေးမည်ဖြစ်ကြောင်း အဆိုပါ သတင်းအေဂျင်စီက ဆက်လက်ဖော်ပြလိုက်သည်။

မော်ရိုကိုနိုင်ငံသည် တရုတ်နိုင်ငံ၏ ဆီနိုဖမ်းကုမ္ပဏီနှင့် ဗြိတိန်နိုင်ငံ အောက်စ်ဖို့ဒ်တက္ကသိုလ် အက်စ်ထရာဇနီကာမှ ကိုဗစ်–၁၉ ကာကွယ်ဆေးအလုံးရေ ၆၆ သန်း ရရှိထားကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောသည်။

လူထုကာကွယ်ဆေးထိုးနှံခြင်း လှုံ့ဆော်မှုတွင် အသက် ၄၀ နှင့်အထက် ကျန်းမာရေးပညာရှင်များ၊ ကျောင်းဆရာ ဆရာမများ၊ အစိုးရဝန်ထမ်းများ၊ စစ်တပ်တပ်ဖွဲ့ဝင်များနှင့် အသက် ၇၅ နှစ်နှင့်အထက် ပြည်သူများကို တဖြည်းဖြည်း လွှမ်းခြုံထိုးပေးသွားမည်ဖြစ်ကြောင်းနှင့် ကျန်ရှိနေသော ပြည်သူများကိုလည်း တိုးချဲ့ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မော်ရိုကိုနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ဖော်ပြချက်အရ သိရသည်။ ဆင်ဟွာ

# အမေရိကန်တွင် ကူးစက်မှုများလျော့ကျလာသော်လည်း သတိထားကြရန် ကျွမ်းကျင်သူများပြော

**နယူးယောက် ဝါရှင်တန် ၂၉**

အမေရိကန်နိုင်ငံတစ်လွှားတွင် ကိုဗစ်–၁၉ ကူးစက်မှုအသစ်များ သိသိသာသာ လျော့ကျလာသော်လည်း ကျွမ်းကျင်သူများက ဆက်လက်စိုးရိမ်နေကြဆဲဖြစ်သည်။

အမေရိကန်ပြည်ထောင်စုတွင် အပတ်စဉ် နောက်ထပ် ကိုဗစ်– ၁၉ တွေ့ရှိမှုများမှာ ပျမ်းမျှအားဖြင့် ၁၅၀၀၀၀ ဝန်းကျင်တွင် ရှိသည်။ လွန်ခဲ့သည့် သုံးပတ်အတွင်း တိုင်းပြည်၌ ကူးစက်မှုအမြင့်ဆုံးဖြစ်ခဲ့ပြီး ယင်းပမာဏအောက် ၄၀ ရာခိုင်နှုန်း လျော့ကျသွားခြင်းဖြစ်သည်။

သို့သော်လည်း သေဆုံးမှုနှုန်းမှာ ဆက်လက် မြင့်တက်နေဆဲဖြစ်သည်။ အမေရိကန်တွင် ကိုဗစ်– ၁၉ ကြောင့် သေဆုံးမှုနှုန်းမှာ ဖေဖော်ဝါရီ ၂၀ ရက်သို့ ရောက်လျှင် သန်းတစ်ဝက်နီးပါး ရောက်ရှိလာနိုင်ခြေရှိသည်ဟု ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ အကြီးအကဲဖြစ်သူ ရိုချယ်လီ ဝယ်လန်စကီက ဇန်နဝါရီ ၂၇ ရက် တွင် ပြောကြားခဲ့သည်။

ဗီဇပြောင်း ကိုဗစ်– ၁၉ ကူးစက်မှုမှာ ဆက်လက်စိုးရိမ်နေရဆဲ အကြောင်းအရာပင်ဖြစ်သည်။ အမေရိကန် ကျန်းမာရေးအာဏာပိုင်များကို ဗီဇပြောင်း ကိုဗစ်– ၁၉ နှင့် ပတ်သက်ပြီး ကာကွယ်ဆေး၏ အစွမ်းထက်မှုနှင့် ကုသမှုများကို ဆက်လက်လေ့လာ ဆောင်ရွက်သွားမည်ဟု ဇန်နဝါရီ ၂၈ ရက်တွင် အိမ်ဖြူတော်ကျန်းမာရေးအကြံပေး အကြီးအကဲဖြစ်သူ အန်သိုနီ ဖောင်ချီက ပြောသည်။ အခြေအနေများမှာ ဆက်လက်ခက်ခဲနိုင်သေးသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ အင်န်အိတ်ချ်ကေ

# ကိုဗစ်-၁၉ ကာကွယ်ဆေး နေရာတိုင်းရှိ လူတိုင်းစီရောက်ရေး နိုင်ငံတကာပူးပေါင်းဆောင်ရွက်လုပ်ကိုင်ကြရန် ဂူတာရက်စ်တိုက်တွန်း

**ဂျီနီဗာ ဇန်နဝါရီ ၂၉**

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ကိုဗစ်– ၁၉ ကာကွယ်ဆေး လူတိုင်းစီရောက်ရှိနိုင်ရေးအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ကြရန်လိုကြောင်း တိုက်တွန်း ပြောကြားလိုက်သည်။

ဂူတာရက်စ်သည် နယူးယောက်တွင် ဇန်နဝါရီ ၂၈ ရက်က ကိုဗစ်– ၁၉ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံမှု ခံယူခဲ့သည်။

ယခုလအစောပိုင်းတွင် အသက် ၆၅ နှစ်နှင့်အထက် နယူးယောက်မြို့ခံများ ကာကွယ်ဆေးထိုးနှံမှု ခံယူပြီးနောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သည် ကာကွယ်ဆေးထိုးရန် ချိန်းဆိုမှုကို အွန်လိုင်းက လုပ်ဆောင်ခဲ့ကြောင်း နယူးယောက် အာဏာပိုင်များက ပြောကြားခဲ့သည်။

အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်း၏ ဘဏ္ဍာငွေထောက်ပံ့မှုဖြင့် ကုလသမဂ္ဂဦးဆောင်ပါဝင်ရုံသာမက တခြားအဖွဲ့အစည်းများလည်း ပါဝင်သော အဖွဲ့အစည်းကြီးက ကိုဗစ်– ၁၉ ကာကွယ်ဆေးကို ကမ္ဘာတစ်ဝန်း မျှမျှတတဖြစ်အောင် ဖြန့်ဝေပေးနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိသည်။

သို့သော်လည်း ကာကွယ်ဆေး ထောက်ပံ့ရေးအစီအစဉ်သည် ဘဏ္ဍာငွေပြတ်လပ်မှုနှင့် ရင်ဆိုင်ကြုံတွေ့နေသဖြင့် ဂူတာရက်စ်က အလှူရှင်များကို ဆက်လက်လှူဒါန်းမှုများ လုပ်ဆောင်ကြရန် တိုက်တွန်း ပြောကြားလိုက်သည်။ အင်န်အိတ်ချ်ကေ



ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်။



# နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၉**

နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၁/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးသို့ နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်း၊ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နေပြည်တော်အတွင်း ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့ရေး လုပ်ထုံးလုပ်နည်းများကို အကျယ်တဝင့် ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့် အိမ်ရာအဆောက်အဦ တည်ဆောက်ရေးဖွံ့ဖြိုးမှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တစ်ခုအား အတည်ပြုပေးခဲ့ကြကြောင်း သိရသည်။ **ဇော်မင်းလွင်(ခရိုင်ပြန်/ဆက်)**

![logo]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)
ကမ်းနားလမ်းနှင့် (၅၉)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း– ၀၁ ၉၀၁၀၈၂၃

## မေတ္တာရပ်ခံချက်

၁။ ယခုအချိန်ကာလသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်း ကမ္ဘာ့ကပ်ရောဂါ **Covid-19** ကို ပြည်သူအပေါင်းတို့ ရင်ဆိုင်ခံစားနေကြရ၍ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအစရှိသည့် ကဏ္ဍ အသီးသီးတွင် အခက်အခဲများစွာ ခံစားနေကြရသည့် အချိန်ကာလဖြစ်ပါသည်။

၂။ ထိုသို့သော အခြေအနေမျိုးတွင် ကျင်းပပြီးစီးခဲ့သော ၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို အကြောင်းပြု၍ နိုင်ငံတော်တွင် ယနေ့ဖြစ်ပေါ်နေသော သတင်းများအရ ရဟန်းရှင်လူပြည်သူများသည် စိုးရိမ်ကြောင့်ကြနေလုံးစိတ်ဝမ်းမအေးချမ်းဘဲ ရှိနေကြကြောင်း သိရှိရပါသည်။

၃။ ငြင်းခုံခြင်းကို ဘေးဟု ရှုမြင်ကြလျက် ဇွေ့စပ်ညှိနှိုင်းအဖြေရှာခြင်းကို ချမ်းသာကြောင်းတရားဟု ခံယူကြလျက် ညီညွတ်စွာ ဇွေ့စပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေး လွန်စွာလိုအပ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြကုန်သော ဘာသာပေါင်းစုံမှ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းသာယာဝပြောစေရေးကို ရှေးရှုကြလျက် လက်ရှိဖြစ်ပေါ်နေသောကိစ္စအရပ်ရပ်တို့ကို မိမိတို့၏ ဆန္ဒကို ငြင်းခုံမှုမပြုကြဘဲ တည်ဆဲ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများနှင့်အညီ ငြိမ်းချမ်းစွာ ညှိနှိုင်း အဖြေရှာဆောင်ရွက်ကြရန် မေတ္တာရပ်ခံအပ်ပါသည်။

မြန်မာနိုင်ငံဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၂၉**

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC)၏ လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၃ သိန်း ပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ကျင်းပသည်။

### အလှူငွေများ ပေးအပ်


အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်က တရုတ်–မြန်မာ ချစ်ကြည်ရေးကိုရှေးရှုလျက် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသို့ အလှူငွေပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အလှူငွေများကိုပေးအပ်ရာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က လက်ခံရယူပြီး **(ယာပုံ)** ကျေးဇူးတင် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

### ရှင်းလင်းပြောကြား

ထို့နောက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) တွင် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆောင်ရွက်လျက်ရှိသော အခြေအနေများနှင့် (NCA)တွင် လက်မှတ်မရေးထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားကာ အလှူငွေ ပေးအပ်လှူဒါန်းသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**




# ဂျပန်ပညာရေးပွဲတော် (မြန်မာ) ၂၀၂၁ အွန်လိုင်းစနစ်ဖြင့်ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၉**

အိုကာယာမာတက္ကသိုလ်နှင့် ရန်ကုန်မြို့ရှိ Okayama University Japan Education Information Centre, Myanmar (OJEIC) သည် မြန်မာနိုင်ငံ ဂျပန်ပညာသင် ဟောင်းများအသင်း (MAJA) နှင့် The Consortium of Six National Universities in Japan Global Network Project (ASEA) ၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုဖြင့် အွန်လိုင်းဂျပန်ပညာရေးပွဲတော် (မြန်မာ) ကို ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

### သတင်းအချက်အလက်မျှဝေပေးမည်

ကျင်းပခြင်းရည်ရွယ်ချက်မှာ မြန်မာကျောင်းသားများအတွက် အကျိုးရှိသည့် ပညာသင်သွားခြင်းဖြစ်စေရေး အတွက် လိုအပ်သော နောက်ဆုံးရသတင်းအချက်အလက်သစ်များကို မျှဝေပြီး မြန်မာနိုင်ငံသားများ ဂျပန်နိုင်ငံသို့ ပညာသင်သွားခြင်းကို တိုးပွားလာစေရန် ဖြစ်သည်။ ပညာသင်သွားပြီးနောက် အလုပ်အကိုင် သတင်းအချက်အလက်များကိုလည်း မျှဝေပေးမည်ဖြစ်သည်။

ယခင်နှစ်က ကျင်းပခဲ့သော ပညာရေးပွဲတော်တွင် စိတ်ပါဝင်စားသူဦးရေ ၂၀၀၀ တက်ရောက်သည်။ ယခုနှစ်တွင် ကျင်းပမည့် ပညာရေးပွဲတော်သို့ ဂျပန်တက္ကသိုလ် ၂၃ ကျောင်း၊ သက်မွေးပညာသင် ဥပစာ ကောလိပ် သုံးခု၊ ဂျပန်ဘာသာစကားသင်ကျောင်း လေးကျောင်းအပြင် စုစုပေါင်း အဖွဲ့အစည်း ၃၁ ဖွဲ့ ပါဝင်သည်။

### စာရင်းပေးသွင်းနိုင်

ပညာရေးပွဲတော်ကို ဇန်နဝါရီ ၃၁ ရက် (တနင်္ဂနွေနေ့) မှ ဖေဖော်ဝါရီ ၁၃ ရက် (စနေနေ့) အထိ ကျင်းပမည်ဖြစ်ပြီး ပါဝင်တက်ရောက် ဆွေးနွေးလိုသူတို့သည် E-mail : torigoeasami@okayama-u-ac-jp ၊ Facebook : https:// w.w.w facebook. com/study in japanoffice Yangon. တို့တွင် စာရင်းပေးသွင်းနိုင်ပြီး ဆွေးနွေးပွဲကို Zoom Meeting စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။

**သတင်းစဉ်**

# ပြည်သူတွေက တကယ်ပဲ အရေးကြီးပြီဆိုရင် သွေးစည်းကြပါတယ်



ကျွန်မတို့ ဒီကာကွယ်ဆေးအတွက် ရန်ပုံငွေထူထောင်လိုက်တယ်ဆိုတာလည်း ကျွန်မတို့ ပြည်သူတွေ သိမှာပါပဲ။ ထုံးစံအတိုင်းပါပဲ။ ကျွန်မတို့ ပြည်သူတွေက တကယ်ပဲ အရေးကြီးပြီဆိုရင် သွေးစည်းကြပါတယ်။ အားလုံးကနေပြီးတော့ ဝိုင်းဝန်းပြီးတော့ ထည့်ကြပါတယ်။ ပထမဦးဆုံးတော့ နိုင်ငံတော်ကနေပြီးတော့ ကျပ် ၁ ဘီလီယံပေါ့။ သန်းတစ်ထောင်ကို ထည့်လိုက်ပါတယ်။ မတည်လိုက်ပါတယ်။ ဒီရန်ပုံငွေကို အခု အလှူရှင်တွေက စေတနာရှင်တွေနဲ့ ဝိုင်းပြီးတော့ထည့်တာဟာ ၁၈ ဒသမ ၇၈၁ ဘီလီယံ ဖြစ်ပါတယ်။ ကျွန်မတို့ပြည်သူတွေ ဘယ်လောက်ရက်ရောလဲဆိုတာ အဲဒါကို မြင်နိုင်ပါတယ်။ ဒါကတော့ ကျပ်ငွေနဲ့ပေါ့။ နောက်ပြီးတော့ အမေရိကန်ဒေါ်လာနဲ့ဆိုရင် ကျွန်မတို့ နိုင်ငံတော်ကနေပြီးတော့ သန်း ၂၅၀ ပံ့ပိုးလိုက်ပါတယ်။ အဲဒီတော့ ဝိုင်းဝန်းပြီးတော့ ပြည်သူတွေက ထည့်တဲ့ဟာကလည်း ရှိပါသေးတယ်။ အဲဒီတော့ ကျွန်မတို့ အခြေအနေကကောင်းတယ်လို့ ကျွန်မပြောနိုင်ပါတယ်။ ဝိုင်းဝန်းပြီးတော့ ပြည်သူတွေကထည့်တာ ကျွန်မထင်တာကတော့ ၂ ဒသမ ၉၇ သန်း ကျော်ပါတယ်။ ဒါကတော့ အမေရိကန်ဒေါ်လာနဲ့ပေါ့။ ဒါ ကျွန်မတို့အလှူရှင်တွေ ဝိုင်းဝန်းပြီးတော့ထည့်တာပါ။ ဒီငွေတွေကို ကျွန်မတို့ကနေပြီးတော့ ထိုက်ထိုက်တန်တန်နဲ့ ပြည်သူလူထုရဲ့ ကျန်းမာရေးကာကွယ်ဖို့အတွက် ပြည်သူလူထုကို ကိုဗစ်–၁၉ ကာကွယ်ရေးဆေးထိုးပေးနိုင်ဖို့အတွက် သုံးသွားမှာပါ။ ဘာမှလည်း အဖိတ်အစဉ် မဖြစ်စေရပါဘူး။ ပြည်သူတွေအနေနဲ့လည်း ဒီလိုဝိုင်းဝန်းပြီးတော့ ကူညီမစတဲ့အတွက် ကျွန်မတို့အင်မတန်မှ ကျေးဇူးတင်တယ်လို့လည်း ပြောချင်ပါတယ်။

**(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၁–၁–၂၀၂၁ ရက်နေ့တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# COVID -19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၆၃ ဦး တွေ့ရှိ

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၉–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

(၂၈–၁–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၉–၁–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၈,၂၇၁)ခု အား စစ်ဆေးပြီးစီးခဲ့ရာ **COVID–19 ရောဂါ ဓာတ်ခွဲ အတည်ပြု လူနာသစ် (၃၆၃) ဦး တွေ့ရှိ**ရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၉–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၅၃၅) ခု | (၂၃) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၁၄၉) ခု | (၃) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၄၁၃) ခု | (၄၂) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၂၀၇) ခု | (၁၁) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၄၄၅) ခု | (၄) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မူဆယ်) | (၁၁၉) ခု | (၆) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၃၅) ခု | (၈) ဦး |
| ဆေးတက္ကသိုလ် (၁) (ရန်ကုန်) | (၉၆) ခု | (၁၄) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၂) ခု | – |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၂၀) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၇၂) ခု | (၄၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၄,၁၇၈) ခု | (၂၀၆) ဦး |
| **စုစုပေါင်း** | (၁၈,၂၇၁) ဦး | (၃၆၃) ဦး |

COVID–19 နေ့စဉ် စမ်းသပ်တွေ့ရှိရမှုနှုန်း (test positivity rate) မှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

| | ၂၀–၁–၂၁ | ၂၁–၁–၂၁ | ၂၂–၁–၂၁ | ၂၃–၁–၂၁ | ၂၄–၁–၂၁ | ၂၅–၁–၂၁ | ၂၆–၁–၂၁ | ၂၇–၁–၂၁ | ၂၈–၁–၂၁ | ၂၉–၁–၂၁ |
|---|---|---|---|---|---|---|---|---|---|---|
| ဓာတ်ခွဲနမူနာ စုစုပေါင်း | ၂၀,၄၇၆ | ၁၉,၁၄၇ | ၁၇,၆၉၉ | ၂၀,၃၉၇ | ၁၈,၇၀၆ | ၁၇,၉၂၄ | ၁၉,၆၆၇ | ၁၆,၅၅၆ | ၁၆,၃၇၈ | ၁၈,၂၇၁ |
| ပိုးတွေ့လူနာ | ၄၇၈ | ၄၄၅ | ၄၂၅ | ၅၀၇ | ၄၇၆ | ၃၈၃ | ၄၁၁ | ၄၃၄ | ၃၅၀ | ၃၆၃ |
| ပိုးတွေ့ရှိမှု ရာခိုင်နှုန်း | ၂.၃ | ၂.၃ | ၂.၄ | ၂.၅ | ၂.၅ | ၂.၁ | ၂.၁ | ၂.၆ | ၂.၁ | ၂.၀ |

မှတ်ချက်။ COVID–19 စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ ဓာတ်ခွဲစစ်ဆေးသည့် အရေအတွက်ပေါ်၌လည်း မူတည်နေပါသည်။ (၂၀–၁–၂၀၂၁)ရက်နေ့မှ (၂၉–၁–၂၀၂၁)ရက်နေ့အထိ နေ့စဉ်စစ်ဆေးသော ဓာတ်ခွဲနမူနာများ၏ ပျမ်းမျှအရေအတွက်မှာ (၁၈,၅၂၂) ခု ဖြစ်ပါသည်။

*** ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် "ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေ တပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (mask and face shield campaign)" ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစု စီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည် ဖြစ်ပါသည်။**

**မြန်မာနိုင်ငံတွင် COVID–19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**
**(၂၉–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၈,၂၇၁) ဦး | (၂,၃၅၇,၇၄၃) ဦး |
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၃၆၃) ဦး | (၁၃၉,၅၁၅) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၅၀၈) ဦး | (၁၂၄,၀၆၄) ဦး |
| သေဆုံးလူနာ | (၁၂) ဦး | (၃,၁၁၅) ဦး |

- ယနေ့ **သေဆုံးသူ (၁၂) ဦး** အနက် ရောဂါအခံရှိသူ (၁၁) ဦး ပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါကုသရေးဌာနများ၊ တပ်မတော်ဆေးရုံများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၅၀၈) ဦးတွင် –
  - ဆေးရုံများ – (၃၁၈) ဦး
  - COVID–19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) – (၁၉၀) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက်မှ ဓာတ်ခွဲအဖြေ Negative ထွက်ရှိခဲ့သဖြင့် အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဆင်းခွင့်ပေးခဲ့ကာ နေအိမ်များတွင် ဆက်လက်၍အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၄၃၃) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၉-၁-၂၀၂၁) ရက်နေ့၊ ညနေ (၄) နာရီ

၁။ (၂၃-၃-၂၀၂၀) ရက်နေ့မှ (၂၈-၁-၂၀၂၁) ရက်နေ့အထိ တွေ့ရှိရသော ဓာတ်ခွဲအတည်ပြုလူနာ (၁၃၉,၁၅၂) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | မြို့နယ် | (၂၃-၃-၂၀) မှ (၂၈-၁-၂၁) အထိ | (၁၅-၁-၂၁) ရက်နေ့မှ (၂၈-၁-၂၀၂၁) ရက်နေ့အထိ | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ၁၅-၀၁-၂၁ | ၁၆-၀၁-၂၁ | ၁၇-၀၁-၂၁ | ၁၈-၀၁-၂၁ | ၁၉-၀၁-၂၁ | ၂၀-၀၁-၂၁ | ၂၁-၀၁-၂၁ | ၂၂-၀၁-၂၁ | ၂၃-၀၁-၂၁ | ၂၄-၀၁-၂၁ | ၂၅-၀၁-၂၁ | ၂၆-၀၁-၂၁ | ၂၇-၀၁-၂၁ | ၂၈-၀၁-၂၁ |
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁ | မှော်ဘီ | ၂၂၂၉ | ၇ | ၃၃ | ၆ | ၀ | ၆ | ၃ | ၇ | ၁ | ၇ | ၃၈ | ၃ | ၀ | ၁ | ၁၀ |
| ၂ | လှိုင်သာယာ | ၄၈၄၉ | ၉ | ၃ | ၃ | ၁ | ၄ | ၆ | ၂ | ၅ | ၂ | ၁ | ၁ | ၅ | ၄ | ၈ |
| ၃ | မြောက်ဥက္ကလာပ | ၅၈၈၂ | ၅ | ၁၃ | ၂ | ၁ | ၄ | ၅ | ၃ | ၉ | ၃ | ၁ | ၄ | ၄ | ၂ | ၅ |
| ၄ | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၃၂၃၉ | ၃ | ၃ | ၄ | ၁၃ | ၄ | ၈ | ၄ | ၅ | ၁ | ၃ | ၈ | ၆ | ၁ | ၄ |
| ၅ | တာမွေ | ၃၀၄၄ | ၅ | ၁ | ၄ | ၁၁ | ၀ | ၃ | ၃ | ၄ | ၃ | ၁ | ၃ | ၀ | ၁ | ၄ |
| ၆ | ပုဇွန်တောင် | ၈၄၁ | ၂ | ၃ | ၀ | ၁၈ | ၁ | ၁ | ၀ | ၀ | ၁ | ၁ | ၀ | ၁ | ၀ | ၄ |
| ၇ | မင်္ဂလာဒုံ | ၆၀၉၄ | ၆ | ၃ | ၅ | ၅ | ၆ | ၈ | ၇ | ၆ | ၆ | ၁၀ | ၁ | ၃ | ၈ | ၃ |
| ၈ | မရမ်းကုန်း | ၃၈၉၈ | ၁၀ | ၁၄ | ၅ | ၂ | ၇ | ၁ | ၁၁ | ၃ | ၃ | ၃ | ၄ | ၃ | ၀ | ၃ |
| ၉ | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂၃၅၅ | ၃ | ၁၃ | ၁ | ၂ | ၇ | ၃ | ၁ | ၅ | ၃ | ၁ | ၀ | ၂ | ၃ | ၃ |
| ၁၀ | စမ်းချောင်း | ၂၀၆၀ | ၃ | ၁ | ၅ | ၆ | ၀ | ၂ | ၄ | ၄ | ၀ | ၆ | ၁ | ၀ | ၁ | ၃ |
| ၁၁ | မင်္ဂလာတောင်ညွန့် | ၁၈၈၂ | ၉ | ၁၀ | ၄ | ၃ | ၁ | ၇ | ၂ | ၀ | ၀ | ၄ | ၁ | ၁ | ၁ | ၃ |
| ၁၂ | လမ်းမတော် | ၁၃၁၂ | ၁ | ၇ | ၂ | ၃ | ၆ | ၆ | ၀ | ၃ | ၀ | ၂ | ၀ | ၁ | ၁ | ၃ |
| ၁၃ | အင်းစိန် | ၄၆၅၀ | ၁၁ | ၁ | ၂ | ၁၀ | ၀ | ၃ | ၁၀ | ၁ | ၃ | ၁ | ၃ | ၂ | ၃ | ၂ |
| ၁၄ | သင်္ဃန်းကျွန်း | ၄၅၇၄ | ၃ | ၄ | ၆ | ၈ | ၄ | ၀ | ၅ | ၄ | ၄ | ၁ | ၂ | ၀ | ၃ | ၂ |
| ၁၅ | ကမာရွတ် | ၂၅၀၀ | ၇ | ၂ | ၀ | ၃ | ၁ | ၀ | ၁ | ၀ | ၀ | ၁ | ၂ | ၀ | ၁ | ၂ |
| ၁၆ | သာကေတ | ၂၄၁၂ | ၅ | ၁ | ၅ | ၃ | ၁ | ၃ | ၁ | ၂ | ၂ | ၁ | ၀ | ၁ | ၀ | ၂ |
| ၁၇ | လှည်းကူး | ၁၁၃၃ | ၁ | ၁ | ၁ | ၁ | ၂ | ၁ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၄ | ၂ |
| ၁၈ | လသာ | ၈၁၈ | ၁ | ၄ | ၂ | ၂ | ၃ | ၂ | ၁ | ၂ | ၂ | ၁ | ၀ | ၁ | ၀ | ၂ |
| ၁၉ | လှိုင် | ၂၉၉၁ | ၂ | ၂ | ၂ | ၁ | ၀ | ၉ | ၅ | ၅ | ၂ | ၂ | ၃ | ၁ | ၁ | ၁ |
| ၂၀ | တောင်ဥက္ကလာပ | ၃၀၃၃ | ၃ | ၁၃ | ၈ | ၃ | ၅ | ၃ | ၉ | ၅ | ၉ | ၂ | ၂ | ၆ | ၃ | ၁ |
| ၂၁ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၂၀၈၃ | ၂ | ၄ | ၉ | ၀ | ၆ | ၇ | ၂ | ၃ | ၀ | ၀ | ၁ | ၂ | ၂ | ၁ |
| ၂၂ | ဗဟန်း | ၁၅၆၂ | ၂ | ၀ | ၂ | ၃ | ၀ | ၀ | ၂ | ၀ | ၂ | ၁ | ၀ | ၂ | ၁ | ၁ |
| ၂၃ | အလုံ | ၁၁၂၃ | ၄ | ၂ | ၂ | ၇ | ၁ | ၁၀ | ၁ | ၁ | ၁ | ၀ | ၀ | ၃ | ၂ | ၁ |
| ၂၄ | ထန်းတပင် | ၆၄၅ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၁ | ၂ | ၀ | ၀ | ၀ | ၁ |
| ၂၅ | ကျောက်တံတား | ၆၄၈ | ၀ | ၅ | ၀ | ၁ | ၂ | ၂ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၂၆ | ရွှေပြည်သာ | ၃၈၁၈ | ၄ | ၃ | ၀ | ၁ | ၃ | ၁ | ၂ | ၀ | ၅ | ၃ | ၁ | ၀ | ၃ | ၀ |
| ၂၇ | သန်လျင် | ၂၈၈၃ | ၇ | ၁ | ၃ | ၄ | ၁ | ၂ | ၃ | ၁ | ၃ | ၁ | ၃ | ၁ | ၅ | ၀ |
| ၂၈ | ကြည့်မြင်တိုင် | ၂၀၆၁ | ၀ | ၂ | ၂ | ၀ | ၀ | ၂ | ၁ | ၄ | ၅ | ၂ | ၂ | ၀ | ၁ | ၀ |
| ၂၉ | ဒလ | ၁၄၁၇ | ၁ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၁ | ၀ |
| ၃၀ | ရန်ကင်း | ၁၃၁၂ | ၃ | ၀ | ၆ | ၁ | ၃ | ၁ | ၂ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၃၁ | ဒဂုံဆိပ်ကမ်း | ၁၂၆၄ | ၂ | ၁ | ၅ | ၀ | ၀ | ၀ | ၁ | ၁ | ၂ | ၀ | ၀ | ၀ | ၁ | ၀ |
| ၃၂ | ဗိုလ်တထောင် | ၁၁၇၇ | ၀ | ၂ | ၀ | ၂ | ၂ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၃၃ | ဒေါပုံ | ၁၁၁၅ | ၁ | ၀ | ၂ | ၀ | ၁ | ၂ | ၁ | ၁ | ၁ | ၀ | ၁ | ၂ | ၁ | ၀ |
| ၃၄ | ကျောက်တန်း | ၉၆၇ | ၃ | ၂ | ၂ | ၁ | ၂ | ၀ | ၂ | ၂ | ၀ | ၀ | ၀ | ၃ | ၁ | ၀ |
| ၃၅ | တွံတေး | ၉၄၅ | ၀ | ၂ | ၂ | ၂ | ၀ | ၀ | ၁ | ၁ | ၁၀ | ၀ | ၀ | ၃ | ၁ | ၀ |
| ၃၆ | ပန်းဘဲတန်း | ၈၈၆ | ၀ | ၁ | ၀ | ၁ | ၁ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ |
| ၃၇ | ဒဂုံ | ၇၀၉ | ၁ | ၃ | ၀ | ၁ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၂ | ၀ |
| ၃၈ | တိုက်ကြီး | ၆၇၀ | ၁ | ၀ | ၀ | ၁ | ၁ | ၁ | ၁ | ၂ | ၀ | ၁ | ၁ | ၂ | ၁ | ၀ |
| ၃၉ | ဆိပ်ကြီးခနောင်တို | ၄၄၂ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၄၀ | ခရမ်း | ၄၃၉ | ၁ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၄၁ | သုံးခွ | ၄၂၉ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၂ | ၀ | ၁ | ၀ | ၂ | ၁ | ၂ | ၀ |
| ၄၂ | ကော့မှူး | ၃၂၂ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၄၃ | ကွမ်းခြံကုန်း | ၃၀၅ | ၀ | ၀ | ၁ | ၁ | ၁ | ၀ | ၁ | ၂ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၈၇၀၁၈ | ၁၃၁ | ၁၆၂ | ၁၀၅ | ၁၂၅ | ၈၆ | ၁၀၆ | ၁၀၁ | ၈၆ | ၈၄ | ၉၁ | ၅၁ | ၅၉ | ၆၃ | ၇၂ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၄၄ | ပုသိမ်ကြီး | ၇၇၉ | ၇ | ၆ | ၄ | ၁၃ | ၆ | ၁၂ | ၉ | ၁၀ | ၃ | ၁၀ | ၇ | ၈ | ၅ | ၂၉ |
| ၄၅ | ချမ်းမြသာစည် | ၂၀၅၉ | ၂၂ | ၁၇ | ၈ | ၁၀ | ၁၄ | ၁၁ | ၂ | ၆ | ၈ | ၁၁ | ၁၀ | ၆ | ၇ | ၁၁ |
| ၄၆ | တောင်သာ | ၃၈၈ | ၁၂ | ၃ | ၅ | ၀ | ၁ | ၁၇ | ၁ | ၃၇ | ၃၃ | ၂ | ၂ | ၁၁ | ၈ | ၁၀ |
| ၄၇ | အောင်မြေသာစံ | ၂၆၄၇ | ၂၇ | ၁၅ | ၂၈ | ၂၂ | ၈ | ၂၃ | ၈ | ၉ | ၁၁ | ၁၃ | ၁၂ | ၆ | ၈ | ၈ |
| ၄၈ | မဟာအောင်မြေ | ၂၅၇၉ | ၂၁ | ၇ | ၁၃ | ၁၄ | ၁၁ | ၉ | ၁၅ | ၁၂ | ၇ | ၆ | ၄ | ၈ | ၅ | ၇ |
| ၄၉ | စဉ့်ကိုင် | ၃၅၁ | ၄ | ၀ | ၆ | ၀ | ၀ | ၁၄ | ၂ | ၂ | ၀ | ၄ | ၁ | ၅ | ၉ | ၇ |
| ၅၀ | ချမ်းအေးသာစံ | ၂၈၁၇ | ၁၅ | ၁၀ | ၁၂ | ၁၀ | ၃ | ၁၀ | ၁၆ | ၂၁ | ၂၂ | ၉ | ၁၄ | ၁၂ | ၆ | ၆ |
| ၅၁ | မလှိုင် | ၅၉ | ၂ | ၀ | ၂ | ၀ | ၂ | ၀ | ၀ | ၁ | ၂ | ၃ | ၀ | ၀ | ၁ | ၃ |
| ၅၂ | အမရပူရ | ၁၆၆၆ | ၁၁ | ၄ | ၇ | ၆ | ၇ | ၇ | ၄ | ၈ | ၅ | ၆ | ၉ | ၇ | ၄ | ၂ |
| ၅၃ | ပြည်ကြီးတံခွန် | ၁၀၅၆ | ၄ | ၁၀ | ၇ | ၇ | ၁၄ | ၇ | ၈ | ၁၀ | ၁၂ | ၅ | ၁၂ | ၆ | ၈ | ၂ |
| ၅၄ | မြင်းခြံ | ၅၃၀ | ၂ | ၁၀ | ၀ | ၁ | ၇ | ၀ | ၁ | ၉ | ၁ | ၁၄ | ၂ | ၇ | ၆ | ၂ |
| ၅၅ | မိတ္ထီလာ | ၂၅၄ | ၀ | ၁ | ၁ | ၁ | ၁ | ၀ | ၆ | ၁ | ၁၁ | ၁ | ၀ | ၁ | ၀ | ၁ |
| ၅၆ | ကျောက်ပန်းတောင်း | ၂၀၈ | ၉ | ၂ | ၁ | ၅ | ၈ | ၀ | ၀ | ၂ | ၁ | ၂ | ၁၂ | ၅ | ၃ | ၁ |
| ၅၇ | တံတားဦး | ၁၃၅ | ၂ | ၁ | ၂ | ၆ | ၀ | ၁ | ၂ | ၀ | ၆ | ၁ | ၃ | ၃ | ၁ | ၁ |
| ၅၈ | ပြင်ဦးလွင် | ၂၁၁ | ၆ | ၀ | ၂ | ၁၁ | ၁ | ၀ | ၀ | ၁ | ၀ | ၁ | ၁ | ၀ | ၁ | ၀ |
| ၅၉ | ကျောက်ဆည် | ၂၄၄ | ၆ | ၂ | ၇ | ၃ | ၁၃ | ၁၀ | ၅ | ၃ | ၁၆ | ၃ | ၂ | ၁ | ၀ | ၀ |
| ၆၀ | ညောင်ဦး | ၁၄၅ | ၀ | ၀ | ၀ | ၁ | ၃ | ၁ | ၀ | ၁ | ၂ | ၁ | ၀ | ၀ | ၁ | ၀ |
| ၆၁ | သာစည် | ၁၂၃ | ၀ | ၀ | ၀ | ၂ | ၀ | ၁ | ၂ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ |
| ၆၂ | ပျော်ဘွယ် | ၁၁၇ | ၁ | ၂ | ၀ | ၁ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၀ |
| ၆၃ | မတ္တရာ | ၁၂၉ | ၅ | ၀ | ၁ | ၀ | ၀ | ၂ | ၀ | ၀ | ၁ | ၂ | ၁ | ၁ | ၀ | ၀ |
| ၆၄ | နွားထိုးကြီး | ၁၀၇ | ၄ | ၀ | ၁ | ၀ | ၁ | ၀ | ၁ | ၁ | ၀ | ၀ | ၁ | ၀ | ၁ | ၀ |
| ၆၅ | ရမည်းသင်း | ၉၆ | ၀ | ၀ | ၀ | ၀ | ၄ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၆၆ | မြစ်သား | ၁၂၈ | ၀ | ၇ | ၂ | ၄ | ၄ | ၀ | ၀ | ၁ | ၄ | ၁ | ၀ | ၀ | ၁၀ | ၀ |
| ၆၇ | ဝမ်းတွင်း | ၁၀၁ | ၂ | ၁ | ၅ | ၂ | ၁ | ၁ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၆၈ | ငါန်းဇွန် | ၁၀၉ | ၀ | ၂ | ၀ | ၁၀ | ၁ | ၃ | ၅ | ၂ | ၃ | ၁ | ၁ | ၀ | ၈ | ၀ |
| ၆၉ | မိုးကုတ် | ၈၁ | ၀ | ၀ | ၇ | ၀ | ၀ | ၁ | ၁၀ | ၁၂ | ၀ | ၃ | ၀ | ၁ | ၀ | ၀ |
| ၇၀ | သပိတ်ကျင်း | ၅၃ | ၀ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၅ | ၀ | ၀ | ၀ | ၀ | ၀ |
| ၇၁ | စဉ့်ကူး | ၃၅ | ၀ | ၁ | ၁ | ၁ | ၃ | ၀ | ၅ | ၁ | ၀ | ၀ | ၀ | ၆ | ၀ | ၀ |
| | စုစုပေါင်း | ၁၇၂၀၇ | ၁၆၂ | ၁၀၅ | ၁၂၂ | ၁၃၀ | ၁၁၆ | ၁၃၀ | ၁၀၃ | ၁၅၁ | ၁၅၄ | ၁၀၀ | ၉၅ | ၉၄ | ၉၅ | ၉၀ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၇၂ | ပြည် | ၂၈၆ | ၄ | ၃ | ၆ | ၄ | ၂ | ၁ | ၁၀ | ၈ | ၁ | ၂ | ၅ | ၀ | ၃ | ၂၁ |
| ၇၃ | ပဲခူး | ၃၃၁၃ | ၁၆ | ၁၂ | ၁၅ | ၁၅ | ၅ | ၁၅ | ၉ | ၉ | ၆ | ၁၀ | ၀ | ၆ | ၄ | ၁၂ |
| ၇၄ | ဒိုက်ဦး | ၂၂၉ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၁ | ၁ |
| ၇၅ | တောင်ငူ | ၂၀၁ | ၀ | ၀ | ၁ | ၁ | ၅ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၂ | ၁ |
| ၇၆ | သနပ်ပင် | ၁၉၈ | ၁ | ၀ | ၀ | ၁ | ၃ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၇၇ | နတ်တလင်း | ၁၄၆ | ၀ | ၀ | ၈ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ |
| ၇၈ | ပန်းတောင်း | ၁၀၇ | ၁ | ၀ | ၀ | ၁ | ၁ | ၀ | ၃ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ |
| ၇၉ | သဲကုန်း | ၁၀၂ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၁ | ၁ |
| ၈၀ | သာယာဝတီ | ၅၂၄ | ၀ | ၁ | ၀ | ၁ | ၄ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၈၁ | လက်ပံတန်း | ၄၇၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၈ | ၀ |
| ၈၂ | ဝေါ | ၄၄၀ | ၀ | ၀ | ၀ | ၇ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၈၃ | ဖြူး | ၅၁၃ | ၁၉ | ၁ | ၄ | ၁ | ၄ | ၅ | ၁ | ၀ | ၁ | ၀ | ၁၀ | ၀ | ၀ | ၀ |
| ၈၄ | ကဝ | ၃၉၅ | ၀ | ၁ | ၂ | ၅ | ၀ | ၄ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၈၅ | ကျောက်တံခါး | ၃၆၉ | ၀ | ၇ | ၃ | ၀ | ၄ | ၀ | ၀ | ၀ | ၅ | ၀ | ၀ | ၅ | ၀ | ၀ |
| ၈၆ | မင်းလှ | ၂၃၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၈၇ | ညောင်လေးပင် | ၂၇၁ | ၂ | ၀ | ၄ | ၁ | ၂ | ၀ | ၁ | ၅ | ၀ | ၂ | ၀ | ၄ | ၀ | ၀ |
| ၈၈ | အုတ်ဖို | ၂၀၅ | ၇ | ၀ | ၀ | ၀ | ၂ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၈၉ | ရေတာရှည် | ၁၈၉ | ၀ | ၀ | ၀ | ၀ | ၀ | ၄ | ၁ | ၀ | ၀ | ၁၁ | ၁ | ၀ | ၂ | ၀ |
| ၉၀ | ရွှေတောင် | ၁၇၃ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၁ | ကြို့ပင်ကောက် | ၁၂၈ | ၀ | ၀ | ၀ | ၀ | ၀ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၂ | မိုးညို | ၁၂၄ | ၁ | ၀ | ၀ | ၀ | ၀ | ၄ | ၀ | ၀ | ၁ | ၁ | ၂ | ၀ | ၀ | ၀ |
| ၉၃ | ပေါင်းတည် | ၁၂၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၄ | အုတ်တွင်း | ၁၁၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၉၅ | ဇီးကုန်း | ၈၃ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ |
| ၉၆ | ရွှေကျင် | ၇၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၇ | ထန်းတပင် | ၅၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၈ | ပေါက်ခေါင်း | ၅၆ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၁ | ၁ | ၁ | ၀ | ၁ | ၀ | ၀ |
| ၉၉ | ကျောက်ကြီး | ၄၈ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| | စုစုပေါင်း | ၉၁၆၉ | ၅၃ | ၂၇ | ၄၄ | ၃၉ | ၃၆ | ၄၃ | ၃၄ | ၂၇ | ၁၅ | ၃၀ | ၂၀ | ၂၂ | ၂၁ | ၃၉ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁၀၀ | ဟင်္သာတ | ၈၆၅ | ၂၂ | ၁၂ | ၁၆ | ၁၆ | ၉ | ၇ | ၆ | ၉ | ၄ | ၄၅ | ၉ | ၁၅ | ၇ | ၁၇ |
| ၁၀၁ | လပွတ္တာ | ၂၅၇ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၆ |
| ၁၀၂ | ဝါးခယ်မ | ၁၁၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၄ |
| ၁၀၃ | ပုသိမ် | ၈၂၁ | ၇ | ၃ | ၂ | ၆ | ၁၃ | ၈ | ၃ | ၆ | ၀ | ၁ | ၇ | ၆ | ၁ | ၂ |
| ၁၀၄ | မအူပင် | ၅၇၂ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၃ | ၀ | ၂၄ | ၂ | ၅ | ၂၈ | ၂ |
| ၁၀၅ | ဇလွန် | ၆၈ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၉ | ၃ | ၃ | ၉ | ၂ |
| ၁၀၆ | ကြံခင်း | ၄၁ | ၀ | ၃ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၂ |
| ၁၀၇ | ကျိုက်လတ် | ၂၅၉ | ၀ | ၃ | ၅ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၀၈ | မော်လမြိုင်ကျွန်း | ၅၀၉ | ၂ | ၀ | ၀ | ၀ | ၄ | ၁ | ၀ | ၀ | ၆ | ၂ | ၀ | ၀ | ၀ | ၀ |
| ၁၀၉ | ဒေးဒရဲ | ၄၃၄ | ၀ | ၁ | ၂ | ၀ | ၁ | ၁၇ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၁၁၀ | ကျုံပျော် | ၂၇၈ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၁ | ၀ |
| ၁၁၁ | ညောင်တုန်း | ၂၄၇ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၁ | ၀ |
| ၁၁၂ | ဘိုကလေး | ၂၉၅ | ၀ | ၁ | ၀ | ၁ | ၁ | ၁၁ | ၀ | ၂ | ၂ | ၉ | ၃ | ၁ | ၁ | ၀ |
| ၁၁၃ | ဖျာပုံ | ၂၆၃ | ၀ | ၁ | ၁ | ၁ | ၁ | ၁၆ | ၀ | ၀ | ၁၁ | ၄ | ၂ | ၂ | ၀ | ၀ |
| ၁၁၄ | မြောင်းမြ | ၂၂၂ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ |
| ၁၁၅ | ရေကြည် | ၁၃၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၁၆ | ဓနုဖြူ | ၁၁၄ | ၄ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၁ | ၃ | ၀ | ၀ | ၀ |
| ၁၁၇ | အင်္ဂပူ | ၁၈၉ | ၇ | ၁ | ၂၆ | ၇ | ၁ | ၂ | ၃ | ၁၀ | ၀ | ၀ | ၁၅ | ၂ | ၀ | ၀ |
| ၁၁၈ | ကျောင်းကုန်း | ၈၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၁၁၉ | ကန်ကြီးထောင့် | ၆၈ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၂၀ | အိမ်မဲ | ၆၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ |
| ၁၂၁ | လေးမျက်နှာ | ၆၀ | ၂ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၂၂ | မြန်အောင် | ၄၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၂၃ | ပန်းတနော် | ၃၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၂၄ | သာပေါင်း | ၃၂ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၇ | ၀ |
| ၁၂၅ | ငပုတော | ၁၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| | စုစုပေါင်း | ၆၀၇၆ | ၄၈ | ၂၆ | ၅၇ | ၃၄ | ၃၅ | ၆၃ | ၁၈ | ၃၃ | ၂၅ | ၉၆ | ၄၇ | ၃၉ | ၆၀ | ၃၆ |
| ၅။ | ရခိုင်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၂၆ | စစ်တွေ | ၁၅၆၁ | ၀ | ၁ | ၀ | ၁ | ၄ | ၄ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၂၇ | ကျောက်ဖြူ | ၄၄၇ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၂၈ | မောင်တော | ၄၀၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၁၂၉ | ကျောက်တော် | ၂၆၅ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၀ | မြောက်ဦး | ၂၆၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၁ | ဘူးသီးတောင် | ၁၉၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၂ | တောင်ကုတ် | ၁၈၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၃ | အမ်း | ၁၇၂ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၄ | ရသေ့တောင် | ၁၅၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၅ | ပေါက်တော | ၁၂၆ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၆ | သံတွဲ | ၁၂၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၇ | ပုဏ္ဏားကျွန်း | ၁၀၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၁၃၈ | မြေပုံ | ၉၉ | ၀ | ၀ | ၀ | ၀ | ၀ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၉ | မင်းပြား | ၉၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၄၀ | ဂွ | ၃၉ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၄၁ | ရမ်းဗြဲ | ၂၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၄၂ | မာန်အောင် | ၁၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၄၂၆၂ | ၁ | ၁ | ၀ | ၃ | ၇ | ၁၀ | ၀ | ၄ | ၁ | ၁ | ၁ | ၀ | ၀ | ၁ |
| ၆။ | မကွေးတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁၄၃ | မကွေး | ၅၁၃ | ၃ | ၅ | ၁ | ၄ | ၉ | ၇ | ၁၉ | ၇ | ၇ | ၁ | ၆ | ၂၁ | ၂၂ | ၆ |
| ၁၄၄ | ချောက် | ၁၉၃ | ၂ | ၈ | ၁ | ၃ | ၂ | ၁၂ | ၀ | ၄ | ၆ | ၀ | ၁ | ၈ | ၁၄ | ၂ |
| ၁၄၅ | နတ်မောက် | ၂၀၆ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၁ | ၁ | ၁ |
| ၁၄၆ | ရေနံချောင်း | ၁၈၀ | ၀ | ၇ | ၁ | ၁ | ၁ | ၁ | ၀ | ၃ | ၂ | ၀ | ၁၀ | ၉ | ၀ | ၁ |
| ၁၄၇ | မြိုင် | ၁၀၅ | ၀ | ၁ | ၀ | ၀ | ၀ | ၃ | ၁ | ၀ | ၁ | ၀ | ၀ | ၅ | ၁ | ၁ |
| ၁၄၈ | ရေစကြို | ၃၉ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၄၉ | မင်းလှ | ၃၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၅၀ | အောင်လံ | ၆၃၉ | ၁၁ | ၂ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၂၄ | ၀ | ၁ | ၃ | ၁ | ၀ |
| ၁၅၁ | စလင်း | ၂၉၅ | ၀ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁၀ | ၃ | ၀ | ၂ | ၀ | ၀ |
| ၁၅၂ | တောင်တွင်းကြီး | ၂၅၉ | ၀ | ၁ | ၂ | ၁ | ၀ | ၁ | ၂ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ |
| ၁၅၃ | မြို့သစ် | ၂၅၂ | ၀ | ၄ | ၃ | ၁ | ၀ | ၀ | ၂ | ၀ | ၄ | ၀ | ၁ | ၃ | ၀ | ၀ |
| ၁၅၄ | မင်းဘူး | ၂၅၈ | ၀ | ၃ | ၃ | ၄ | ၂ | ၁ | ၀ | ၁ | ၁၄ | ၀ | ၁ | ၂ | ၁ | ၀ |
| ၁၅၅ | ပခုက္ကူ | ၁၄၉ | ၀ | ၂ | ၁ | ၀ | ၂ | ၀ | ၀ | ၀ | ၄ | ၀ | ၁ | ၇ | ၀ | ၀ |

စာမျက်နှာ ၁၇ သို့

*စာမျက်နှာ ၁၆ မှ*

| စဉ် | မြို့နယ် | (၂၃-၃-၂၀) မှ (၂၈-၁-၂၁) အထိ | (၁၅-၁-၂၁) ရက်နေ့မှ (၂၈-၁-၂၀၂၁) ရက်နေ့အထိ | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ၁၅-၀၁-၂၁ | ၁၆-၀၁-၂၁ | ၁၇-၀၁-၂၁ | ၁၈-၀၁-၂၁ | ၁၉-၀၁-၂၁ | ၂၀-၀၁-၂၁ | ၂၁-၀၁-၂၁ | ၂၂-၀၁-၂၁ | ၂၃-၀၁-၂၁ | ၂၄-၀၁-၂၁ | ၂၅-၀၁-၂၁ | ၂၆-၀၁-၂၁ | ၂၇-၀၁-၂၁ | ၂၈-၀၁-၂၁ |
| ၁၅၆ | ပွင့်ဖြူ | ၉၅ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၃ | ၀ | ၀ |
| ၁၅၇ | ဂန့်ဂေါ | ၈၂ | ၀ | ၁ | ၀ | ၀ | ၁ | ၄ | ၀ | ၀ | ၃ | ၀ | ၄ | ၀ | ၀ | ၀ |
| ၁၅၈ | သရက် | ၇၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ |
| ၁၅၉ | ဆိပ်ဖြူ | ၆၀ | ၁ | ၂ | ၁ | ၀ | ၀ | ၃ | ၂ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ |
| ၁၆၀ | ဆင်ပေါင်ဝဲ | ၄၁ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၁ | ပေါက် | ၃၃ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၂ | ကံမ | ၁၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၃ | ငဖဲ | ၁၇ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၄ | ဆော | ၁၃ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၅ | စေတုတ္တရာ | ၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၆ | ထီးလင်း | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၇ | မင်းတုန်း | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၃၅၇၇ | ၁၈ | ၄၅ | ၁၈ | ၁၆ | ၂၀ | ၃၂ | ၂၇ | ၁၅ | ၈၁ | ၅ | ၂၆ | ၆၇ | ၄၀ | ၁၃ |
| ၇။ | မွန်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၆၈ | မော်လမြိုင် * | ၁၇၀၂ | ၂၂ | ၉ | ၁၉ | ၂၂ | ၃၆ | ၁၈ | ၂၃ | ၄ | ၂၆ | ၂၂ | ၄၆ | ၂၂ | ၃၃ | ၃၇ |
| ၁၆၉ | သထုံ | ၄၈၈ | ၀ | ၁ | ၁ | ၁ | ၁ | ၀ | ၁ | ၁ | ၀ | ၁ | ၁ | ၂ | ၀ | ၂ |
| ၁၇၀ | ပေါင် | ၁၅၂ | ၁ | ၀ | ၂ | ၁ | ၂ | ၁ | ၁ | ၀ | ၂ | ၁ | ၁ | ၀ | ၂ | ၂ |
| ၁၇၁ | မုဒုံ | ၉၇ | ၁ | ၁ | ၃ | ၄ | ၀ | ၅ | ၁ | ၀ | ၆ | ၁ | ၀ | ၀ | ၀ | ၁ |
| ၁၇၂ | ကျိုက်ထို | ၃၁၇ | ၁ | ၀ | ၂ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၂ | ၀ | ၁ | ၀ | ၀ |
| ၁၇၃ | ဘီးလင်း | ၁၆၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၁၇၄ | ရေး | ၁၉၁ | ၂ | ၁ | ၃ | ၀ | ၁ | ၂ | ၃၅ | ၀ | ၀ | ၁ | ၀ | ၄၀ | ၀ | ၀ |
| ၁၇၅ | သံဖြူဇရပ် | ၆၆ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၇၆ | ကျိုက်မရော | ၇၈ | ၁ | ၀ | ၀ | ၂ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၁ | ၀ |
| ၁၇၇ | ချောင်းဆုံ | ၆၂ | ၄ | ၃ | ၀ | ၀ | ၀ | ၅ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၃၃၂၀ | ၃၃ | ၁၅ | ၃၀ | ၃၁ | ၄၂ | ၃၁ | ၆၃ | ၅ | ၃၇ | ၂၈ | ၄၈ | ၆၇ | ၃၆ | ၄၂ |
| ၈။ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁၇၈ | ကလေး | ၄၉၄ | ၇ | ၁၀ | ၀ | ၄ | ၁၃ | ၂ | ၅ | ၂ | ၁ | ၂ | ၅ | ၆ | ၂ | ၅ |
| ၁၇၉ | စစ်ကိုင်း | ၅၇၆ | ၁၂ | ၅ | ၄ | ၁၆ | ၉ | ၀ | ၆ | ၃ | ၁ | ၆ | ၁၁ | ၀ | ၃ | ၃ |
| ၁၈၀ | မုံရွာ | ၂၇၂ | ၀ | ၉ | ၁ | ၉ | ၀ | ၁၀ | ၇ | ၇ | ၃ | ၁၂ | ၅ | ၁၃ | ၁၀ | ၃ |
| ၁၈၁ | ကန့်ဘလူ | ၁၉၄ | ၁ | ၇ | ၁၇ | ၁၅ | ၈ | ၁ | ၃ | ၂ | ၅ | ၁၂ | ၂၆ | ၀ | ၁၃ | ၃ |
| ၁၈၂ | တမူး | ၁၁၉ | ၁ | ၄ | ၂ | ၁ | ၄ | ၁ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၁ | ၂ |
| ၁၈၃ | အင်းတော် | ၄၉ | ၀ | ၅ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၁ |
| ၁၈၄ | မင်းကင်း | ၄၂ | ၀ | ၀ | ၁ | ၀ | ၀ | ၅ | ၀ | ၄ | ၀ | ၀ | ၀ | ၀ | ၁ | ၁ |
| ၁၈၅ | မြောင် | ၃၆ | ၁ | ၂ | ၀ | ၀ | ၀ | ၁ | ၃ | ၀ | ၅ | ၁ | ၃ | ၀ | ၀ | ၁ |
| ၁၈၆ | ရွှေဘို | ၂၃၀ | ၄ | ၁ | ၁ | ၀ | ၁ | ၂ | ၀ | ၁ | ၀ | ၄ | ၀ | ၀ | ၀ | ၀ |
| ၁၈၇ | ယင်းမာပင် | ၉၈ | ၂ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၆ | ၀ | ၀ | ၁ | ၂ | ၀ |
| ၁၈၈ | ဆားလင်းကြီး | ၁၁၁ | ၃ | ၃ | ၀ | ၄ | ၄ | ၀ | ၀ | ၀ | ၁၄ | ၀ | ၀ | ၃ | ၁၀ | ၀ |
| ၁၈၉ | တန့်ဆည် | ၅၈ | ၁ | ၁ | ၁ | ၀ | ၄ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၉၀ | ဒီပဲယင်း | ၄၅ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၁ | ၅ | ၀ | ၀ | ၁ | ၀ |
| ၁၉၁ | ချောင်းဦး | ၅၇ | ၃ | ၃ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၇ | ၁ | ၄ | ၀ |
| ၁၉၂ | ပုလဲ | ၄၀ | ၁ | ၀ | ၁ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၁၉၃ | ရေဦး | ၃၄ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၉၄ | ဝက်လက် | ၄၈ | ၂ | ၀ | ၀ | ၁ | ၄ | ၀ | ၀ | ၂ | ၀ | ၃ | ၂ | ၀ | ၁ | ၀ |
| ၁၉၅ | ဟုမ္မလင်း | ၃၈ | ၀ | ၀ | ၀ | ၀ | ၁ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၉၆ | ကောလင်း | ၇၀ | ၀ | ၈ | ၁ | ၀ | ၀ | ၀ | ၂၄ | ၀ | ၅ | ၀ | ၂ | ၀ | ၃ | ၀ |
| ၁၉၇ | မြင်းမူ | ၈၁ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၂ | ၃၄ | ၁ | ၂ | ၁၃ | ၀ |
| ၁၉၈ | ကသာ | ၂၉ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၉၉ | ခင်ဦး | ၂၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၀ | ကနီ | ၃၂ | ၀ | ၀ | ၁ | ၀ | ၃ | ၃ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၂၀၁ | ဘုတလင် | ၂၈ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၂၀၂ | ကျွန်းလှ | ၂၄ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၃ | အရာတော် | ၁၈ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၂၀၄ | ကလေးဝ | ၁၅ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၅ | ဝန်းသို | ၁၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၆ | ဖောင်းပြင် | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၇ | နန်းယွန်း | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၈ | ထီးချိုင့် | ၂၇ | ၀ | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁၇ | ၁ | ၀ |
| ၂၀၉ | ခန္တီး | ၄ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၀ | လေရှီး | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၁ | ဗန်းမောက် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၂ | မော်လိုက် | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၃ | ၀ | ၀ |
| ၂၁၃ | ပင်လည်ဘူး | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၂၉၂၄ | ၄၁ | ၆၄ | ၃၃ | ၅၅ | ၅၂ | ၃၂ | ၅၃ | ၂၅ | ၄၈ | ၈၁ | ၆၅ | ၄၆ | ၆၉ | ၁၉ |
| ၉။ | ကရင်ပြည်နယ် | | | | | | | | | | | | | | | |
| ၂၁၄ | မြဝတီ | ၄၀၉ | ၁ | ၂ | ၄ | ၀ | ၃ | ၂ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၅ |
| ၂၁၅ | ဘားအံ | ၅၈၁ | ၂ | ၂၄ | ၃ | ၁ | ၀ | ၀ | ၀ | ၅ | ၀ | ၃ | ၀ | ၁ | ၀ | ၃ |
| ၂၁၆ | ဖာပွန် | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၂၁၇ | ကော့ကရိတ် | ၂၁၉ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၈ | လှိုင်းဘွဲ့ | ၇၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၉ | ကြာအင်းဆိပ်ကြီး | ၁၅ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၂၀ | သံတောင်ကြီး | ၁၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၁၃၁၈ | ၃ | ၂၇ | ၈ | ၁ | ၃ | ၂ | ၂ | ၇ | ၀ | ၃ | ၀ | ၁ | ၂ | ၉ |
| ၁၀။ | နေပြည်တော် | | | | | | | | | | | | | | | |
| ၂၂၁ | တပ်ကုန်း | ၅၅ | ၀ | ၀ | ၁ | ၀ | ၀ | ၂ | ၀ | ၀ | ၁ | ၂ | ၀ | ၀ | ၀ | ၁ |
| ၂၂၂ | ဇေယျာသီရိ | ၅၂၃ | ၂ | ၄ | ၀ | ၀ | ၈ | ၁၀ | ၁၀ | ၀ | ၁ | ၂ | ၂ | ၀ | ၂ | ၀ |
| ၂၂၃ | ဇမ္ဗူသီရိ | ၂၄၁ | ၀ | ၁ | ၃ | ၃ | ၀ | ၂ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၂၂၄ | ပုဗ္ဗသီရိ | ၁၁၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ |
| ၂၂၅ | လယ်ဝေး | ၁၀၈ | ၂ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၃ | ၁ | ၀ | ၁ | ၀ | ၀ |
| ၂၂၆ | ပျဉ်းမနား | ၁၀၃ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၁ | ၁ | ၀ | ၁ | ၁ | ၀ |
| ၂၂၇ | ဥတ္တရသီရိ | ၄၅ | ၀ | ၀ | ၁ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၂၈ | ဒက္ခိဏသီရိ | ၃၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၁ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၁၂၂၉ | ၄ | ၅ | ၅ | ၅ | ၉ | ၁၆ | ၁၁ | ၀ | ၇ | ၉ | ၃ | ၂ | ၅ | ၁ |
| ၁၁။ | ကချင်ပြည်နယ် | | | | | | | | | | | | | | | |
| ၂၂၉ | ဖားကန့် | ၅၇၇ | ၅ | ၀ | ၁ | ၂ | ၁၂ | ၂ | ၅ | ၁၈ | ၃၅ | ၂၂ | ၇ | ၅ | ၈ | ၁၀ |
| ၂၃၀ | မြစ်ကြီးနား | ၁၆၅ | ၀ | ၁ | ၁ | ၂ | ၁၃ | ၀ | ၃ | ၉ | ၁ | ၁ | ၇ | ၅ | ၅ | ၅ |
| ၂၃၁ | မိုးညှင်း | ၅၉ | ၀ | ၀ | ၂ | ၀ | ၁ | ၁ | ၀ | ၆ | ၁ | ၀ | ၀ | ၀ | ၃ | ၁ |
| ၂၃၂ | ရွှေကူ | ၂၄ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ |
| ၂၃၃ | ဗန်းမော် | ၂၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၂၃၄ | မိုးကောင်း | ၂၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၃၅ | ဝိုင်းမော် | ၂၃ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၂၃၆ | မိုးမောက် | ၁၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၃၇ | ပူတာအို | ၇ | ၀ | ၀ | ၀ | ၂ | ၁ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၃၈ | တနိုင်း | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၃၉ | ဆွမ်ပရာဘွမ် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၉၁၁ | ၅ | ၂ | ၆ | ၆ | ၂၈ | ၃ | ၁၆ | ၄၀ | ၃၇ | ၂၄ | ၁၅ | ၁၁ | ၁၈ | ၁၆ |
| ၁၂။ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၂၄၀ | မြိတ် | ၃၂၂ | ၀ | ၀ | ၀ | ၇ | ၆ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၁ | ထားဝယ် | ၁၂၂ | ၀ | ၀ | ၀ | ၃ | ၁ | ၀ | ၀ | ၀ | ၂ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၄၂ | လောင်းလုံ | ၄၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၃ | ပုလော | ၄၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၄ | ရေဖြူ | ၃၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ |
| ၂၄၅ | ကော့သောင်း | ၂၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ |
| ၂၄၆ | သရက်ချောင်း | ၁၈ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၇ | ကျွန်းစု | ၁၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၈ | ဘုတ်ပြင်း | ၁၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၉ | တနင်္သာရီ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၆၃၅ | ၀ | ၂ | ၀ | ၁၁ | ၇ | ၀ | ၀ | ၀ | ၆ | ၁ | ၂ | ၂ | ၀ | ၀ |
| ၁၃။ | ရှမ်းပြည်နယ် (တောင်ပိုင်း) | | | | | | | | | | | | | | | |
| ၂၅၀ | တောင်ကြီး | ၂၄၃ | ၂ | ၀ | ၁ | ၁ | ၀ | ၀ | ၁ | ၀ | ၂ | ၁ | ၁ | ၀ | ၀ | ၂ |
| ၂၅၁ | ကလော | ၁၀၇ | ၀ | ၁ | ၀ | ၀ | ၃ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၁ |
| ၂၅၂ | ပင်လောင်း | ၂၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၂၅၃ | ရွာငံ | ၅၆ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၂၅၄ | ရပ်စောက် | ၃၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၅ | လွိုင်လင် | ၂၂ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၂၅၆ | ဆီဆိုင် | ၁၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၇ | ပင်းတယ | ၁၈ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၈ | ညောင်ရွှေ | ၁၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၂၅၉ | ဟိုပုံး | ၁၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၀ | နမ့်စန် | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၁ | ဖယ်ခုံ | ၈ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၂ | မိုးနဲ | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၂၆၃ | မိုင်းရှူး | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၄ | လင်းခေး | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၅ | ကျေးသီး | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၆ | မိုင်းပန် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၇ | မောက်မယ် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၅၇၄ | ၄ | ၂ | ၁ | ၁ | ၆ | ၁ | ၅ | ၃ | ၃ | ၁ | ၁ | ၄ | ၁ | ၄ |
| ၁၄။ | ချင်းပြည်နယ် | | | | | | | | | | | | | | | |
| ၂၆၈ | တီးတိန် | ၁၅၃ | ၃ | ၀ | ၅ | ၇ | ၁ | ၁ | ၀ | ၁ | ၀ | ၂ | ၄ | ၂ | ၀ | ၀ |
| ၂၆၉ | မင်းတပ် | ၄၇ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၂ | ၀ | ၀ |
| ၂၇၀ | မတူပီ | ၃၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၁ | ပလက်ဝ | ၃၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၂ | တွန်းဇံ | ၂၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၃ | ဟားခါး | ၂၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၂၇၄ | ဖလမ်း | ၂၇ | ၂ | ၀ | ၂ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၅ | ကန်ပက်လက် | ၉ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၇၆ | ထန်တလန် | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၃၅၀ | ၅ | ၄ | ၈ | ၉ | ၁ | ၁ | ၀ | ၁ | ၁ | ၄ | ၅ | ၄ | ၀ | ၀ |
| ၁၅။ | ရှမ်းပြည်နယ် (မြောက်ပိုင်း) | | | | | | | | | | | | | | | |
| ၂၇၇ | လားရှိုး | ၉၁ | ၁ | ၁ | ၄ | ၃ | ၀ | ၂ | ၄ | ၂၆ | ၂ | ၁ | ၀ | ၁ | ၃ | ၂ |
| ၂၇၈ | နမ့်ခမ်း | ၁၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၂ |
| ၂၇၉ | မဘိမ်း | ၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၂၈၀ | မူဆယ် | ၈၀ | ၂ | ၂ | ၀ | ၃ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၁ | ၈ | ၀ |
| ၂၈၁ | နောင်ချို | ၃၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၂ | ကျောက်မဲ | ၄၃ | ၀ | ၀ | ၃ | ၁ | ၀ | ၂ | ၂ | ၁ | ၀ | ၁ | ၃ | ၁ | ၀ | ၀ |
| ၂၈၃ | နမ့်ဆန် | ၂၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၄ | သီပေါ | ၁၄ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၅ | ကွတ်ခိုင် | ၂၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၆ | မိုးမိတ် | ၁၇ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၁ | ၀ | ၁ | ၀ |
| ၂၈၇ | နမ္မတူ | ၈ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၈ | တန့်ယန်း | ၉ | ၀ | ၀ | ၀ | ၀ | ၀ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၂၈၉ | မိုင်းရယ် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၀ | သိန္နီ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၁ | ဟိုပန် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၂ | ကွမ်လုံ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၃၆၂ | ၃ | ၃ | ၁၀ | ၇ | ၀ | ၈ | ၁၀ | ၂၈ | ၇ | ၂ | ၄ | ၅ | ၁၂ | ၅ |
| ၁၆။ | ရှမ်းပြည်နယ် (အရှေ့ပိုင်း) | | | | | | | | | | | | | | | |
| ၂၉၃ | တာချီလိတ် | ၁၀၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ |
| ၂၉၄ | မိုင်းဆတ် | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၂၉၅ | မိုင်းယောင်း | ၁၆ | ၀ | ၀ | ၀ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၆ | ကျိုင်းတုံ | ၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၇ | မိုင်းဖြတ် | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၈ | မိုင်းတုံ | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၉ | မိုင်းပြင်း | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၁၄၉ | ၀ | ၀ | ၀ | ၄ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ |
| ၁၇။ | ကယားပြည်နယ် | | | | | | | | | | | | | | | |
| ၃၀၀ | လွိုင်ကော် | ၆၄ | ၁ | ၁ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၃၀၁ | မယ်စဲ့ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၃၀၂ | ဒီမောဆို | ၅ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၇၁ | ၂ | ၁ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၁၃၉၁၅၂ | ၅၁၃ | ၄၉၁ | ၄၄၉ | ၄၇၇ | ၄၄၈ | ၄၇၈ | ၄၄၅ | ၄၂၅ | ၅၀၇ | ၄၇၆ | ၃၈၃ | ၄၂၃ | ၄၂၂ | ၃၅၀ |

**မှတ်ချက်။** – (၂၈–၁–၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ကူးစက်ဖြစ်ပွားခဲ့သော မြို့နယ် စုစုပေါင်း (၃၀၂) မြို့နယ် ရှိပြီဖြစ်ပါသည်။

– အထက်ဖော်ပြပါစာရင်းတွင် မပါဝင်သောမြို့နယ်များသည် ယနေ့အထိ COVID–19 ရောဂါ ကူးစက်ဖြစ်ပွားမှုမရှိသော မြို့နယ်များ ဖြစ်ပါသည်။

* မြို့နယ်မှ (၁) ဦးသည် ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသဖြင့် ၎င်းအား အသွားအလာကန့်သတ်ထားရှိခြင်းကို တင်းကျပ်စွာ ဆောင်ရွက်ထားရှိပါသည်။

အထက်ပါစာရင်းဇယားများကို ယခုကဲ့သို့ထားရှိ၍ ပေးပို့သော တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ပြည်သူ့ကျန်းမာရေးပညာရှင်များကို အထူးကျေးဇူးတင်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများတွင် အထောက်အကူပြုရန်အတွက် ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP)က ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ ဓာတ်ခွဲစက်ပစ္စည်းများနှင့် ဆက်စပ်ဓာတ်ခွဲခန်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၂၉**

မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေး လုပ်ငန်းများတွင် အထောက်အကူပြုရန်အတွက် မြန်မာနိုင်ငံလူသားချင်းစာနာမှုဆိုင်ရာ ရန်ပုံငွေမှတစ်ဆင့် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) က ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ ဓာတ်ခွဲစက်ပစ္စည်းများနှင့် ဆက်စပ်ဓာတ်ခွဲခန်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဗိုလ်ကလမ်းရှိ ဆေးသုတေသနဦးစီးဌာနရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။




**လှူဒါန်းရခြင်းရှင်းလင်း**

အခမ်းအနားတွင် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်း က ကျေးဇူးတင်စကားပြောကြားပြီး ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Stephen Anderson နှင့် မြန်မာနိုင်ငံ လူသားချင်းစာနာမှုဆိုင်ရာ ရန်ပုံငွေ(MHF)၏ မန်နေဂျာ Mr. Narciso Rosa-Berlanga တို့က လှူဒါန်းရခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားကြသည်။ (ဓါတ်ပုံ)

ထို့နောက် WFP မှ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Stephen Anderson က ကိုဗစ်-၁၉ ရောဂါရှာဖွေရေးတွင် အသုံးပြုရန် အတွက် အမေရိကန်ဒေါ်လာ ၂၆၀၀၀၀ တန်ဖိုးရှိ Cobas Liat ဓာတ်ခွဲစက်ပစ္စည်း လေးလုံးနှင့် ဆက်စပ်ဓာတ်ခွဲ ခန်းသုံးပစ္စည်း ၄၀၀၀ ကို လွှဲပြောင်းပေးအပ်ရာ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်း က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**ဓာတ်ခွဲစစ်ဆေးမှုမြင့်တက်**

လှူဒါန်းမှုနှင့် ပတ်သက်၍ WFP မှ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Stephen Anderson က "ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနအနေနဲ့ ရခိုင်ပြည်နယ်က လိုအပ်တဲ့နေရာတွေမှာ အသုံးပြုနိုင်ဖို့ရည်ရွယ်ပြီးလှူဒါန်းတာပါ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေနဲ့ ရခိုင်ပြည်နယ်မှာ ကိုဗစ်-၁၉ ရောဂါတုံ့ပြန်မှုစီမံချက်တွေ၊ လုပ်ငန်းတွေကိုပိုမိုပြီး အားပေးနိုင်လိမ့်မယ်။ တစ်ချိန်တည်းမှာပဲ ရခိုင်ပြည်နယ်မှာ လူသားချင်းစာနာထောက်ထားမှုအတွက် အကူအညီပေးနေတဲ့ ဝန်ထမ်းတွေကို ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးဖို့ လိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ လက်ရှိကာလမှာ မြန်မာနိုင်ငံအနေနဲ့ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုတွေ မြင့်တက်လာသလို ကာကွယ်ဆေးထိုးတဲ့ လုပ်ငန်းတွေကိုလည်း ဆောင်ရွက်နေတာတွေ့ရှိရတဲ့အတွက် အများကြီး ဂုဏ်ယူဝမ်းမြောက်မိပါတယ်" ဟု ပြောသည်။

**ပိုးရှိ မရှိ မိနစ် ၂၀အတွင်းစစ်နိုင်**

အဆိုပါ ဓာတ်ခွဲစက်ပစ္စည်းများကို ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် ကျန်းမာရေးစောင့်ရှောက်မှုကုမ္ပဏီ Roche ထံမှ တိုက်ရိုက်ဝယ်ယူခဲ့ခြင်းဖြစ်ပြီး ယင်းစက်များကို Cobas Liat System ဖြင့် အသုံးပြုထားပြီး multiplex real-time polymerase ကွင်းဆက်တုံ့ပြန်မှု စမ်းသပ်မှုဖြစ်သည့် PCR စစ်ဆေးမှုဖြင့် ရောဂါပိုးရှိ မရှိကို မိနစ် ၂၀ အတွင်း စစ်ဆေးသိရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

## ၂၉-၁ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၆၃၃၈၆၀၇ | ၁၆၀၇၀၁၂၇ | ၄၄၃၇၆၉ |
| ၂။ | အိန္ဒိယ | ၁၀၇၂၀၉၇၁ | ၁၀၃၉၄၃၅၂ | ၁၅၄၀၄၇ |
| ၃။ | ဘရာဇီး | ၉၀၆၀၇၈၆ | ၇၉၂၃၇၉၄ | ၂၂၁၆၇၆ |
| ၄။ | ရုရှား | ၃၈၁၃၀၄၈ | ၃၂၅၅၄၆၂ | ၇၂၁၈၅ |
| ၅။ | ဗြိတိန် | ၃၇၄၃၇၃၄ | ၁၆၇၃၉၃၆ | ၁၀၃၁၂၆ |
| ၆။ | ပြင်သစ် | ၃၁၃၀၆၂၉ | ၂၂၀၅၇၀ | ၇၄၈၀၀ |
| ၇။ | စပိန် | ၂၇၉၂၃၆၀ | စိစစ်ဆဲ | ၅၇၈၀၆ |
| ၈။ | အီတလီ | ၂၅၁၅၅၀၇ | ၁၉၅၃၅၀၉ | ၈၇၃၈၁ |
| ၉။ | တူရကီ | ၂၄၅၇၁၁၈ | ၂၃၄၀၂၁၆ | ၂၅၆၀၅ |
| ၁၀။ | ဂျာမနီ | ၂၁၉၄၅၆၂ | ၁၈၉၈၉၀၀ | ၅၆၂၂၀ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၉ - ၁ - ၂၀၂၁

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၀၅၁၇၉၅ | ၈၅၂၂၆၀ | ၂၉၅၁၈ |
| ဖိလစ်ပိုင် | ၅၂၁၄၁၃ | ၄၇၅၇၆၅ | ၁၀၆၀၀ |
| မလေးရှား | ၂၀၃၉၃၃ | ၁၅၇၇၂၂ | ၇၃၃ |
| မြန်မာ | ၁၃၉၅၁၅ | ၁၂၄၀၆၄ | ၃၁၁၅ |
| စင်ကာပူ | ၅၉၄၄၉ | ၅၉၁၄၈ | ၂၉ |
| ထိုင်း | ၁၇၀၂၃ | ၁၁၃၉၆ | ၇၆ |
| ဗီယက်နမ် | ၁၆၅၇ | ၁၄၄၈ | ၃၅ |
| ကမ္ဘောဒီးယား | ၄၆၃ | ၄၃၈ | ၀ |
| ဘရူနိုင်း | ၁၈၀ | ၁၇၀ | ၃ |
| လာအို | ၄၄ | ၄၁ | ၀ |

# ပြည်ပနိုင်ငံများရောက် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဇန်နဝါရီ ၂၉**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၄၄ ဦးကို (၃၇) ကြိမ်မြောက် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ (ယာပုံ)

ထို့ပြင် ပြင်သစ်၊ စပိန်နှင့် အနီးတစ်ဝိုက်ဒေသတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား စာချုပ်သက်တမ်း ကုန်ဆုံး၍ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသား ၃၀ ကို ပါရီမြို့ရှိ မြန်မာသံရုံးမှစီစဉ်သည့် Korean Air လေကြောင်းလိုင်း ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများ၊ သင်္ဘောကုမ္ပဏီများ/ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**















# ကြံခင်းမြို့နယ်ရှိ အခြေခံလူတန်းစား ထပ်တိုးအိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်

**ကြံခင်း ဇန်နဝါရီ ၂၉**

ကြံခင်းမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများတွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် နိုင်ငံတော်က ထောက်ပံ့ပေးအပ်သော ထောက်ပံငွေများကို ယမန်နေ့က ပြည်သူများလက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သည်။

အခြေခံလူတန်းစား အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် ထောက်ပံ့ပေးခြင်းဖြစ်ပြီး ကြံခင်းမြို့နယ်ရှိ ရပ်ကွက် ငါးခု၊ ကျေးရွာ အုပ်စု ၃၀ စုစုပေါင်း ၃၅ အုပ်စုအတွင်းရှိ အခြေခံလူတန်းစားအိမ်ထောင်စု ၁၃၀၀၄ စုအတွက် ထောက်ပံ့ငွေကျပ်သိန်း ၂၆၀၀ ကျော် ပေးအပ်သည်။

အဆိုပါ ထောက်ပံ့ငွေများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်လွင် ဦးဆောင်သော မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ကြီးကြပ်၍ ရပ်ကွက်/ကျေးရွာများအရောက် သွားရောက်ပေးအပ်ကြောင်း သိရသည်။

လှိုင်ပို့ပို့ဇင် (ပြန်/ဆက်)

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၉- ၁ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၂၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၄၄၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၂၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၄၄၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၆၀/၆၉၅ ကျပ် | ၆၉၅/၇၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၆၇၀/၇၁၀ ကျပ် | ၇၁၀/၇၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၂၅/၆၅၅ ကျပ် | ၆၉၀/၆၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၇၅၀/၇၇၀ ကျပ် | ၈၁၅/၈၃၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၃၁ . ၂ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၁၂ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၁ . ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၂၂ . ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၇၂ . ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၁၉ . ၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၆ . ၄၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၂၅၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၉ . ၂၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၉ . ၁၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၄၅၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၆၀၀ | ၉၇၀၀ | ၃၀၂၁ | ၂၈၉၅၁၈၀၀ |
| MTSH | ၃၉၀၀ | ၃၉၀၀ | ၉၇၉ | ၃၇၈၀၆၀၀ |
| MCB | ၈၂၀၀ | ၀ | ၀ | ၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၁၁၈ | ၂၅၉၆၅၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၂၂၆ | ၆၁၀၂၀၀ |
| EFR | ၃၆၀၀ | ၃၆၀၀ | ၂၄ | ၈၆၉၀၀ |

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မိမိဖြိုး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ခေတ်သုံးခေတ်၌ စွဲကျန်ခဲ့သော ဖျော်ဖြေပွဲများ

## မြန်မာ့အသံသိန်းဟန်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် မကြာမီ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့သို့ ရောက်ရှိလာပါတော့မည်။

နေရာဒေသအသီးသီး၌ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သော မြန်မာ့အသံ၊ မြန်မာ့ရုပ်မြင်သံကြားလုပ်ငန်းဌာနသည် ရန်ကုန်မြို့ ပြည်လမ်းနေရာဒေသမှသည် ယခုအခါ နေပြည်တော် (တပ်ကုန်း)သို့ ပြောင်းရွှေ့အသံလွှင့်လျက်ရှိပေသည်။

ပြန်ကြားရန်၊ အသိပညာပေးရန်နှင့် ဖျော်ဖြေမှုပေးရန်ဟူသော (I.E.E) ဆောင်ပုဒ်နှင့်အညီ ပြည်သူ့အတွက် ထုတ်လွှင့်ပေးလျက်ရှိသော မြန်မာ့အသံ၏ သက်တမ်းသည် လူတစ်ဦး၏ သက်တမ်းနှင့်ယှဉ်၍ တွက်စစ်မည်ဆိုပါက အသက်(၇၅)နှစ်ပြည့်တော့မည် ဖြစ်ပါသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ၂၀၀၆ ခုနှစ်နောက်ပိုင်း ဝင်ရောက်အမှုထမ်းကြသူများက မြန်မာ့အသံ (၂၅)နှစ်ပြည့်ငွေရတု၊ နှစ်(၅၀) ပြည့် ရွှေရတုနှင့် နှစ် (၆၀) ပြည့် ဖျော်ဖြေပွဲအခမ်းအနားများနှင့် အထိမ်းအမှတ်စာစောင်၊ မဂ္ဂဇင်းများကို ထိတွေ့ မြင်တွေ့ မြည်းစမ်းဖတ်ရှုခွင့် မကြုံခဲ့ကြပါ။

မြင်တွေ့၊ ဖတ်ရှုခွင့် ကြုံတွေ့ခွင့်ရကြသူ ဝန်ထမ်းဟောင်းများလည်း ပြန်လည်မှတ်မိခံစားနိုင်စေရန် ထိုခေတ်ကာလများကို မမီလိုက်ကြသော ဝန်ထမ်းစာဖတ်ပရိသတ်များလည်း ဗဟုသုတပွား၊ ပျော်ရွှင်စေရန် ရည်သန်၍ မြန်မာ့အသံတွင် နှစ် (၄၀)ကျော် တာဝန်ထမ်းခဲ့သော ကျွန်တော်ဝန်ထမ်းဟောင်းတစ်ဦးက မိတ်ဆက်စာမြည်းအဖြစ် ရေးပါရစေ။

ကျွန်တော် ယခုရေးမည့် ဆောင်းပါးသည် ကျွန်တော်သာမက စာဖတ်ပရိသတ်များပါ မိမိတို့ရင်ထဲ၌ စွဲကျန်ရစ်စေမည့် အမှတ်တရ ဖျော်ဖြေပွဲများ၊ အမှတ်တရစာပေ စာအုပ်များ ဖြစ်ပါလိမ့်မည်။

### “ပထမငွေရတုခေတ်”

၁၉၇၁ ခုနှစ် (၂၅) နှစ်မြောက် ငွေရတုသဘင်အခါသမယပွဲကို ပထမရည်ညွှန်းပါမည်။

အဆိုပါငွေရတုသဘင် အထိမ်းအမှတ် ဖျော်ဖြေပွဲတွင် မြန်မာ့အသံဝန်ထမ်းများပါဝင်သော အငြိမ့်ခန်းသည် ရှေ့ထွက်ဖျော်ဖြေပွဲဖြစ်ပါသည်။ တေးသံရှင် ဝန်ထမ်းချစ်စပယ်(ဒေါ်သန်းချစ်)က အငြိမ့်မင်းသမီး၊ မြန်မာ့အသံ ဦးငြိမ်းမောင် (အစီအစဉ်မှူး-ထုတ်လွှင့်) နှင့် မြန်မာ့အသံ ဦးဝင်းမြင့် (ကျေးလက် ဇာတ်လမ်းမှ ကိုသာဆန်း) တို့က လူရွှင်တော်များအဖြစ် ပါဝင်ကပြ ဖျော်ဖြေတင်ဆက်ခဲ့ပါသည်။

အငြိမ့်အဖွင့်သီချင်းကို ထိုစဉ်က မြန်မာ့အသံ ညွှန်ကြားရေးဝန် ဦးကျော်ဆန်း (ဗိုလ်မှူးကျော်ဆန်း) က ရေးစပ်ပေးပါသည်။ ထိုသီချင်းအမည်မှာ “ပြည်သူ့အတွက် မြန်မာ့အသံ... မြန်မာ့အသံ ငွေရတု သဘင်” ဖြစ်ပါသည်။

မြန်မာ့အသံ ဆိုင်းဝိုင်းကြီးဖြင့် ပံ့ပိုးတီးမှုတ်ဖျော်ဖြေရာ ရှာစား မြန်မာ့အသံဝန်ထမ်း စန္ဒရားဦးစိန်သောင်း ဖြစ်ပါသည်။ နှဲဆရာမှာ မြန်မာ့အသံ ဦးကျော်စိန်ဖြစ်ပါသည်။ ချစ်စပယ်သည် ကကြိုးညက်ညက်ဖြင့် အကွက်ကျကျ ကပြသွားခဲ့ပါသည်။ လူရွှင်တော်အဖြစ် သရုပ်ဆောင်သူ ဆရာ ဦးငြိမ်းမောင်သည် သူမည်သည့်အချိန်က တိတ်တခိုး အတုယူလေ့လာထားသည်မသိ၊ မြန်မာ့အသံ ဒေါ်တင်ညွန့် (အစီအစဉ်ကြေညာသူ) ရုပ်ရှင်မင်းသမီးကြီး ဒေါ်သီသီ၊ ဒေါ်တင်တင်မှုတို့ကဲ့သို့ တင်ပါးလှုပ်လမ်းလျှောက်ဟန်၊ အဆိုတော်ဝန်ထမ်း ဒေါ်မေလှမြိုင်၏ ဟန်ပါပါ ညာဘက်လက်ကြား၌ ဆေးပေါ့လိပ်ညှပ်ကာ သွားလာဟန်ပန်သဏ္ဌာန်တို့ကို ဇာတ်ခုံပေါ်၌ အမူအရာလုပ်ပြရာ ပွဲကြည့်ပရိသတ်များက ပတ်တုတ်ရိုက် ဩဘာပေး ရယ်မောခဲ့ကြပါသည်။

ပြဇာတ်နှင့် ရုပ်ရှင်အနုပညာရှင် ဝဏ္ဏကျော်ထင် အကယ်ဒမီ ဖိုးပါကြီး၏ တစ်ကိုယ်တော် မျက်လှည့်ပြကွက်လည်း ပါဝင်ပါသေးသည်။

ကြုံကြိုက်တုန်း စာဖတ်ပရိသတ်များကို ဖောက်သည်ချရေးပါရစေ။ ကျွန်တော်သည် ထိုငွေရတုပွဲ ဖျော်ဖြေရေးလုပ်ငန်းကော်မတီတွင် လူရွှင်တော် ဆရာဖိုးပါကြီးကို အကြိုအပို့ တာဝန်ယူရပါသည်။ လူရွှင်တော် အကယ်ဒမီ ဖိုးပါကြီးသည် ထိုစဉ်က ကျောက်ကုန်း(ကန်ဘဲ့) မြို့ပတ်ရထားလမ်းအလွန် တောင်ဥက္ကလာပမြို့နယ်ရှိ တစ်ခုသောခြံ၊ အိမ်တစ်လုံး၌ နေထိုင်ပါသည်။ ကျွန်တော်တို့၏ ရုံးမော်တော်ယာဉ်ဖြင့် ဆရာဖိုးပါကြီးကို သွားကြို၍ ရုံးသို့ ဖျော်ဖြေပွဲအမီ ညနေဘက် ပြန်လာရပါသည်။



> “ဖိုးပါကြီး၏ စင်မြင့်ထက်မှ တစ်ကိုယ်တော်မျက်လှည့်ပြကွက်များတွင် “သံစုံနာရီကလေးများ အသံမြည်နေသည်ကို ဟန်ပါပါဖြင့် အမိန့်ပေးလိုက်လျှင် ရပ်သွားပုံ။ အမိန့်နာခံပုံတို့ကို နာရီကလေးများကို ကြိုတင်၍ တိုင်မင်း (TIMING) ပေး ချိန်ကိုက်ထားကာ ဟန်အမူအရာ ကောင်းကောင်းဖြင့် ပြသသွားခဲ့သည်။” ထို့နောက် အသင့်ယူလာသော ပိုက်ကွန်ကို ဝှေ့ယမ်း၍ ခိုဖမ်းမိသည့်ပုံများကို ဟန်ပါပါ လုပ်ပြသွားခဲ့”

ဖိုးပါကြီး၏ စင်မြင့်ထက်မှ တစ်ကိုယ်တော် မျက်လှည့်ပြကွက်များတွင် “သံစုံနာရီကလေးများ အသံမြည်နေသည်ကို ဟန်ပါပါဖြင့် အမိန့်ပေးလိုက်လျှင် ရပ်သွားပုံ။ အမိန့်နာခံပုံတို့ကို နာရီကလေးများကို ကြိုတင်၍ တိုင်မင်း (Timing)ပေး ချိန်ကိုက်ထားကာ ဟန်အမူအရာ ကောင်းကောင်းဖြင့် ပြသသွားခဲ့သည်။” ထို့နောက် အသင့်ယူလာသော ပိုက်ကွန်ကို ဝှေ့ယမ်း၍ ခိုဖမ်းမိသည့် ပုံများကို ဟန်ပါပါ လုပ်ပြသွားခဲ့ပါသည်။

### ဒုတိယရွှေရတုခေတ်

မြန်မာ့အသံ၏ ဒုတိယရွှေရတုသဘင်ပွဲကို ၁၉၉၆ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့က မြန်မာ့အသံ စတူဒီယို (အေ)ခန်းမ၌ ကျင်းပခဲ့ပါသည်။ ဖိတ်ကြားထားသော အထူးဧည့်သည်တော်များ၊ မြန်မာ့အသံ ဝန်ထမ်းဟောင်းများ၊ လက်ရှိတာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများ စုံညီစွာ တက်ရောက်ခဲ့ပါသည်။ စတူဒီယို (အေ)ခန်းမှ ခန်းလုံးပြည့်မျှ တက်ရောက်အားပေးခဲ့ကြသည်။

မြန်မာ့အသံအငြိမ့်အဖွဲ့က ပွဲဦးထွက်ကပြ အသုံးတော်ခံသွားခဲ့ပါသည်။ ယခုထက်တိုင် လှဆဲ ပဆဲ သွဲ့ပြောင်းနွဲ့နှောင်းဆဲ၊ ကကြိုးကကွက် သွက်လက်ဆဲ မြန်မာ့အသံ ဝန်ထမ်းဟောင်း ယိုးဒယားပြန် (ပြန်) အမာစိန်နှင့်အတူ မျိုးဆက်သစ်သမီးငယ်၊ စက်မှုဌာနခွဲမှ စက်မှုလက်ထောက် ချိုမာခိုင်ကပါ အားဖြည့်ကပြ အသုံးတော်ခံခဲ့ပါသည်။ လူရွှင်တော်များအဖြစ် အသံလွှင့်ဌာနခွဲမှ ဦးအောင်သူ၊ ဦးကျော်ရှိန်၊ ဦးသန်းလွင်(စာရေးဆရာ သွင်လန်း)၊ စက်မှုဌာနခွဲမှ ဦးသန်းဝင်းတို့က အကွက်ကျကျ အတိုင်အဖောက်ညီညီ တွဲဖက်အသုံးတော်ခံ ပြက်လုံးထုတ် သရုပ်ဆောင်ခဲ့ကြပါသည်။ သူတို့ဟန်ပန် အမူအရာ ပြက်လုံးများသည် ဝါရင့်ပညာရှင်များနှင့်မခြား ပနံစားလှပါသည်။

ဇာတ်စင်မြင့်အောက်မှ ရှာစား ဆရာဦးစိန်လှမြိုင်အဖွဲ့၏ တီးမှုတ်ဖျော်ဖြေ အသုံးတော်ခံသွားပုံမှာလည်း အပို အလိုမရှိ ကွက်တိ ကျေနပ်ဖွယ်ဖြစ်ပါသည်။

အမွှေပေးသူနှင့် လက်ဆင့်ကမ်းယူသူဟု ဆိုရမည့် အလား အစ်မကြီး ယိုးဒယားပြန် (ဒေါ်) အမာစိန် ကကွက်အောက်တွင် တူမလေး ချိုမာခိုင်၏ မျိုးဆက်သစ် သမီးပမာ ပျို့မြစ်နုနယ် အလှကြွယ်စွာ ကပြအသုံးတော်ခံသွားပုံမှာလည်း ယနေ့ထက်တိုင် စာရေးသူရင်၌ စွဲကျန်မှတ်မိမြင်ယောင်နေမိပါတော့သည်။

လူရွှင်တော် ဝန်ထမ်းများကလည်း ပြက်ရိုးပြက်စဉ်သမားစဉ် ပြက်လုံးများအပြင် အလုပ်ခွင်လက်တွေ့ နယ်ပယ်က အတွေ့အကြုံအဖြစ်အပျက်များကို မထိတထိနှင့် ကလိကလိဖြစ်အောင် ပြက်လုံးထုတ်သွားခဲ့ပုံများအား သောသောညံ ရယ်မော ကောင်းချီးပေးခဲ့ပုံများကိုလည်း မှတ်မိနေပါသည်။

### တတိယနှစ် (၆၀)ပြည့်ခေတ်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နှစ်(၆၀)ပြည့် ပွဲတော်သည် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ကျရောက်ခဲ့ပါသည်။

ဤပွဲတော်ကြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နှစ်(၆၀)ပြည့် အထိမ်းအမှတ် မဂ္ဂဇင်းကြီးတစ်စောင်နှင့် အမှတ်တရ နှုတ်ခွန်းဆက် သဝဏ်လွှာ ပို့စကတ်များအား ထုတ်ဝေသင့်သည်ဟု မြန်မာ့အသံမှ တာဝန်ရှိသူအချို့နှင့် ဝန်ထမ်းများက ဆန္ဒရှိကြပါသည်။

သို့အတွက် ညွှန်ကြားရေးမှူးချုပ်က စာရေးသူ ကျွန်တော့်ကို မဂ္ဂဇင်းလုပ်ငန်းစီမံချက်နှင့် ကော်မတီဖွဲ့စည်းတင်ပြရန် ညွှန်ကြားပါသည်။

ညွှန်ကြားရေးမှူး( အသံလွှင့်)က စာတည်းမှူးချုပ်၊ စာရေးသူ ကျွန်တော်က တာဝန်ခံစာတည်း၊ ပြင်ပမှ အမျိုးသားစာပေဆုရ ကဗျာဆရာ ဦးသုရဇော်က အတိုင်ပင်ခံ စာတည်း၊ ဌာနအသီးသီးမှ စာပေဝါသနာရှင်အချို့က စာတည်းအဖွဲ့ဝင်များအဖြစ် ပါဝင်သော စာတည်းအဖွဲ့ကို ခွင့်ပြုချက်ရရှိဖွဲ့စည်းကာ လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပါသည်။

ဌာနမဂ္ဂဇင်း ရန်ပုံငွေအဖြစ် မြန်မာ့အသံနှင့် မြန်မာ့ရုပ်မြင်သံကြား၏ ပံ့မှန်ဖောက်သည်လုပ်ငန်းရှင်များ၏ ကြော်ငြာများကို တောင်းခံ၍ မဂ္ဂဇင်း၌ ကြော်ငြာထည့်သွင်းခဲ့ပါသည်။

ဤ တတိယနှစ် (၆၀) အထိမ်းအမှတ်ပွဲတွင် အထူးသဖြင့် မပျောက်မပျက် မှတ်တမ်းတင်ကျန်ရစ်မည့် မဂ္ဂဇင်းစာအုပ်၊ ပို့စကတ်များ၊ ၂၀၀၇ နှစ်ထုတ် ပြက္ခဒိန်များကို ဦးစားပေး ပုံနှိပ်ထုတ်ဝေ ဖြန့်ချိခဲ့ပါသည်။ မဂ္ဂဇင်းကြီးကို ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် ပုံနှိပ်ပါသည်။ စောင်ရေ နှစ်ထောင်ပုံနှိပ်ပါသည်။ ပို့စကတ်များအဖြစ် တေးသံရှင်တင်တင်မြနှင့် မျိုးဆက်သစ် သမီးပျိုသီတာမိုး(တေးသံရှင်) တေးသံရှင် တင်တင်မြနှင့် မြန်မာ့အသံ တေးသံရှင် ၁၂ ဦး၊ မြန်မာ့အသံ တိုင်းရင်းသူ တေးသံရှင် ၁၂ ဦးတို့နှင့် မြန်မာ့ရုပ်မြင် သမီးပျိုမြမြဝင်း (ရုပ်မြင်သတင်း ဖတ်ကြားသူ) ၏ ပုံအပါအဝင် ပို့စကတ် လေးမျိုး တစ်မျိုးလျှင် စောင်ရေ ၁၀၀၀ စီ ဖြန့်ချိထုတ်ဝေခဲ့ပါသည်။

နှစ် (၆၀)ပြည့် မဂ္ဂဇင်းကြီးတွင် ရဟန်းပညာရှိ နာမည်ကျော် စာရေးဆရာများ၊ ကလောင်သစ်များ၊ ဌာနတွင်းမှ ဆုရကလောင်ရှင်များ၊ တစ်ချိန်က သောတရှင် မဂ္ဂဇင်းများတွင် ပါရှိခဲ့သော ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို ငါးပုဒ်၊ နာမည်ကျော် ကာတွန်းပညာရှင်များ၏ ကာတွန်းလက်ရာများ စသည်ဖြင့် ရသစုံပါရှိပါသည်။

ဤ တတိယခေတ် နှစ် (၆၀) ပြည့်ပွဲတော်၌ အထူးသဖြင့် ခေတ်အဆက်ဆက် မပျက်မကွက် မှတ်တမ်းဝင်မည့် မဂ္ဂဇင်းစာအုပ်၊ ပို့စကတ်များအကြောင်း ညွှန်းဆိုရေးလိုက်ပါသည်။

မြန်မာ့ရုပ်မြင်၊ မြန်မာ့အသံ စာဖတ်ပရိသတ်များအတွက် နှစ်(၆၀)ပြည့် မြန်မာ့အသံမဂ္ဂဇင်းမှ အမှတ်တရ ကဗျာတစ်ပုဒ်ကို ရွေးထုတ်မိတ်ဆက်ဖော်ပြလိုပါသည်။ အဆိုပါကဗျာသည် မြန်မာ့အသံနှင့် မြန်မာ့ရုပ်မြင်၏ နှစ်(၆၀)ကို ဂုဏ်ပြုရေးဖွဲ့စပ်ဆိုထားပါသည်။

ကဗျာရှင်က နာမည်ကျော်ကဗျာဆရာမကြီး စာရေးဆရာမကြီး “နုယဉ်” (ဆရာကြီးတက်တိုး၏ဇနီး) ဖြစ်ပါသည်။

ကဗျာအမည်က “မြန်မာ့အသံ ... သရုပ်မှန်” ဖြစ်ပါသည်။

### မြန်မာ့အသံ သရုပ်မှန်

အသံကြားက သနားပါစေ<br>
ကရုဏာဝေ၏။<br>
မျက်နှာမြင်က၊ ချစ်ခင်ပါစေ<br>
မေတ္တာဝေ၏။<br>
ရုပ်နှင့်အသံ၊ ကြားမြင်ပြန်သော်<br>
စစ်မှန်မေတ္တာ၊ ကရုဏာကြောင့်<br>
ဖရဏာပီတိ၊ ငွမ်းဆီထိသို့<br>
မိမိရင်မှာ၊ အေးငြိမ်းသာ၏။<br>
မြန်မာတို့အကျိုး၊ သယ်ပိုးဆောင်ရာ၊<br>
မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့်<br>
ဥပေက္ခာတရား၊ လေးပါးဖြပ္ပဲ့စိုရ၊<br>
ရင်ကိုအေးစေ၊ ခိုလှုံလေမှ<br>
လောကချမ်းသာ၊ အရာရာကို<br>
အောင်ပါစေကြောင်း၊ စုဆောင်းတည်ခဲ့ရ<br>
“ မြန်မာ့အသံ၊ သရုပ်မှန်သည်” ...<br>
လည်ပြန်တစ်ခေတ်၊ နှစ်ပေါင်းခြောက်ဆယ်<br>
မကွယ်ပြည့်ဖြိုး၊ ရှေ့တိုးမေတ္တာ၊<br>
တို့မြန်မာတွက်၊ ကမ္ဘာတည်သမျှ<br>
မြဲစေရမည်၊ ဓိဋ္ဌာန်ရည်လျက်<br>
ယုံကြည်မြဲစွာ၊ ပီတိဖြာ၍<br>
မကွာနေ့ည၊ ဆုတောင်းရ၏။

နုယဉ်

## အများသိစေရန်ကြေညာခြင်း

ထော်ဒနီ(၄)ဖြတ်လမ်းအမှတ်(၃)ရပ်ကွက်ရှိ ထော်ဒနီ(၈)လမ်းနှင့် (၉)လမ်းကြားရှေ့ ပေ(၂၅'x၄၀')မြေကွက်ပေါ်ရှိ မြေ နှင့်တိုက်အိမ်တို့မှာ ဒေါ်ဗိုလ်မ တစ်ဦးတည်းပိုင်ဆိုင်သည်ဖြစ်၍ ၎င်း၏ခွင့်ပြုချက်မရှိဘဲ အဆိုပါမြေနှင့်အိမ်အား မည်သူတစ်ဦးတစ်ယောက်ကမျှ တစ်ဆင့်ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း၊ရောင်းချခြင်း၊ ပေါင်နှံခြင်းများ ပြုလုပ်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားခြင်းခံရသူ-** | |
| **ဒေါ်ဗိုလ်မ** | **ဒေါ်သီတာခင်လတ်** | **ဒေါ်နှင်းဆုအောင်** |
| **J/RGN-၀၂၃၃၀၆** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| | **စဉ်-၅၂၆၅** | **စဉ်-၁၄၉၄၁** |

**အမှတ်(၁၆၁)၊ကျိုက္ကဆံလမ်း၊ နတ်မောက်ရပ်ကွက်၊**
**တာမွေမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၆၂၀၇၆၉၅၀၊ ၀၉-၉၅၁၁၉၅၆၁၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ်-၁၀၉၂၊ အဝေရာ လမ်းဟုခေါ်တွင်သော အကျယ်အဝန်း(ပေ၄၀xပေ၆၀)ရှိ နှစ်(၆၀)ဂရန်မြေအနက် တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း(ပေ၂၀xပေ ၆၀)(ယာဘက်ခြမ်း)မြေကွက်နှင့် မြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက် ဦးစိုးမြင့်(၁)ထံမှ လက်ဆင့်ကမ်းအဆင့်ဆင့်ဝယ်ယူကာ လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ကတိပြုသူ ဒေါ်ခင်ရွှေဦး ၉/မထလ(နိုင်)၀၆၈၉၇၈ ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိကြောင်းနှင့် အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများတင်ပြပြီး ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ထက်ကျော်လွန်ပြီး ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်အေး**
**LL.B,D.B.L,D.I.L,D.I.R**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၈၃၃၂**
**အမှတ် ၁၅၉၅၊ဖိုးရာဇာ(၃)လမ်း၊၄၃ ရပ်ကွက်၊ မြောက်ဒဂုံ**
**ဖုန်း-၀၉-၄၅၁၃၇၈၀၀၇**

"HERITAGE HILL CO.,LTD.NO.3D Building(2),Cherry Garden Condo,

14/3,Quarter **တောင်ဥက္ကလာပမြို့နယ်၊**

## ရန်ကုန်တိုင်းဒေသကြီး(ယခုလိပ်စာမသိ)သိစေရန် ကြေညာခြင်း"

HERITAGE HILL CO.,LTD.သည် ကျွန်ုပ်မိတ်ဆွေ ကုမ္ပဏီMyan Shwe Pyi Tractors Ltd.ထံမှ SEM ( Caterpillar Brand) Motor Grader Model 919 Machines နှင့် Caterpillar Soil Compactor(CS 533E)Machines (၂)စီးတို့ကို ၁-၉-၂၀၁၉ ရက်၌စက်ယန္တရားငှားရမ်းခြင်း၊ ကတိစာချုပ်ကို HERITAGE HILL CO.,LTDကိုယ်စား ဒါရိုက်တာဦးအောင်ဆွေသန့် ၅/စကန(နိုင်) ၁၅၉၀၃၅ က လက်မှတ်ရေးထိုးချုပ်ဆို၍ ငှားရမ်းအသုံးပြုခဲ့ပြီး ငှားရမ်းခ ငွေများကို ကျွန်ုပ် မိတ်ဆွေ ကုမ္ပဏီသို့အပြည့်အဝ ပေးချေခဲ့ခြင်းမရှိခဲ့သဖြင့် ယန္တရားငှားရမ်းခငွေပေါင်းမှာ Myan Shwe Pyi Tractors Limited ၏ ၂၄-၈-၂၀၂၀ ရက်စွဲပါ ငွေစာရင်းရှင်းတမ်းအရ HERITAGE HILL CO.,LTD.မှ ပေးချေရန်ပျက်ကွက်နေသည့် စက်ယန္တရား(၂)စီးအတွက် ငှားရမ်းခငွေပေါင်းမှာ(၂၅၁၆၀၄၀၀ကျပ်)နှင့်ရက်ကျော်လွန်နစ်နာကြေးအတိုးငွေ (၃၆၇၅၈၉၇.၂၀ကျပ်) ဖြစ်သဖြင့် စုစုပေါင်း (၂၈၈၃၆၂၉၇.၂၀ကျပ်) အား ၄-၁-၂၀၂၁ ရက်ကို နောက်ဆုံးထားပေးသွင်းရန် ၇-၉-၂၀၂၀ ရက်စွဲပါ သတိပေးအကြောင်းကြားစာ ပေးပို့ခဲ့ပါသည်။ သို့သော် ပေးပို့စာအတည်မဖြစ်ခဲ့၍ ဤသို့ကြေညာရခြင်းဖြစ်ပါသည်။

သို့ဖြစ်၍ ဤကြေညာစာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်မိတ်ဆွေ ကုမ္ပဏီသို့ မပျက်မကွက်လာရောက်ပြီး အထက်ပါတောင်းခံထားသည့် စက်ယန္တရား ငှားရမ်းခငွေအားလုံးကို ပေးသွင်းပါရန် သတိပေးကြေညာပါသည်။ ပျက်ကွက်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသွယ်တင်လတ် (LL.B,D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၅၂)**
**တိုက်(၆/၃၁)၊ ဘယသုဒ္ဓိလမ်း၊ ကျားကွက်သစ်ရပ်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၁-၅၅၃၆၅၄၊ ၀၉-၅၀၈၅၄၉၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ သမိန်ဗရမ်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၁၂စက်မှုဇုန် မြေကွက်အမှတ်(၃၃)၊ အကျယ်အဝန်း(ပေ၃၀၀xပေ၃၀၀)၊(၉၀၀၀၀)စတုရန်းပေ၊၂ ဒသမ ၀၆၆ ဧကရှိ နှစ်(၆၀)စက်မှုဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ချိုချိုလင်း ၁၂/ကမန(နိုင်)၀၆၆၅၁၅ အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ တရားဝင်ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုလွှဲပြောင်းရောင်းချလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ တစ်စုံတစ်ရာမရှိပါက မြေကွက်အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာသက် LL.B,D.I.R**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၇၇)**
**အမှတ်(၅၀/အေ)၊အေ-၂၀၊ပထမထပ်၊ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း-၀၉-၇၉၉၃၅၃၀၉၂၊၀၉-၇၆၅၄၂၀၄၃၄**

## ကန့်ကွက်နိုင်ပါကြောင်း

